www.burmeseclassic.com

ဆူးခင်းလမ်းနှင့်ပန်းခင်းလမ်း
အမှောင်လမ်းနှင့်အလင်းလမ်း
ဒုဂ္ဂတိလမ်းနှင့်သုဂတိလမ်း
ဘယ်ဘဝလမ်းခရီးကို သင်လိုက်မလဲ

# ဘဝလမ်းနှစ်သွယ်

BURMESE CLASSIC

ဒေါက်တာမင်းတင်မွန်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ မင်းတင်မွန်

# ဘဝလမ်းနှစ်သွယ်

(တတိယအကြိမ်)

ကိုယ်ပိုင်ရတနာစာစဉ်(၆)

ဖြန့်ချိရေး

မြမွန်ရတနာစာပေ

တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

ဖုန်း ၀၁-၃၈၅၂၆၁၊ ၀၉-၇၃၂၀၅၀၀၅

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၄၆၇/၉၉) (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၇၄/၉၉) (၉)

●

**ပုံနှိပ်ခြင်း**

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ၊ တတိယအကြိမ်၊ အုပ်ရေ–၁၀၀၀

●

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ကွန်ပျူတာစာစီ**

ခွန်မျိုး

●

**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ
**တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ**
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၅၂၆၁၊ ၀၉–၇၃၂၀၅၀၀၅

●

တန်ဖိုး–၇၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ပဏာမ

## ဘဝလမ်းနှစ်သွယ်

ယနေ့ကမ္ဘာမှာလူသန်းပေါင်း ၆၀၀၀ ခန့် ရှိပေမယ့် အမျိုးအစားအားဖြင့်တော့ လေးမျိုးတည်းပါပဲ။

(၁) အမှောင်မှ လာပြီး အမှောင်ထဲကို ပြန်သွားမယ့်လူ၊

(၂) အမှောင်မှ လာပြီး အလင်းထဲကို သွားမယ့်လူ၊

(၃) အလင်းထဲက လာပြီး အလင်းထဲကို သွားမယ့်လူ၊

(၄) အလင်းက လာပြီး အမှောင်ထဲကို သွားမယ့်လူ။

အမှောင်ဆိုတာ ဘာလဲ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ဆိုတယ်။ ဒီဘုံသားတွေက ချမ်းသာနည်းပြီး ဆင်းရဲများကြတယ်။ အရိယသစ္စာလေးပါးကို မမြင်သိနိုင်ကြလို့ ထာဝရချမ်းသာကို ဘယ်လိုနည်းနဲ့မှ မရနိုင်ကြဘူး။

အလင်း ဆိုတာက လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့ ဖြစ်ကြတယ်၊ ဒီဘုံသားတွေက ဆင်းရဲနည်းပြီး ချမ်းသာများကြတယ်။ မြတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၏ သာသနာတော်နဲ့ ကြုံဆုံခိုက်မှာ သမထ ဝိပဿနာတို့ကို ပွား များ အားထုတ်ကြရင် အရိယသစ္စာလေးပါးကို မြင်သိနိုင်ကြပြီး ထာဝရ ချမ်းသာဆိုတဲ့ နိဗ္ဗာန်ချမ်းသာကိုလည်း မျက်မှောက်ပြုနိုင်ကြတယ်။

သင် ဘယ်လမ်းက လျှောက်လာတာကို သင် မသိပေမယ့် သင် ဦးတည်ပြီး လျှောက်သွားနေတဲ့ ခရီးလမ်းကတော့ နှစ်ကြောင်းတည်း ပါပဲ။

အမှောင်လမ်းနဲ့ အလင်းလမ်း။
ဘယ်လမ်းကို သင် လျှောက်လှမ်းမလဲ။
သင် ကြိုက်ရာ ရွေးချယ်ပိုင်ခွင့် ရှိပါတယ်။

## သံသရာခရီး

သတ္တဝါတစ်ဦးစီ လျှောက်လှမ်းခဲ့တဲ့ ဘဝခရီးလမ်းဟာ အစ မထင်အောင် ရှည်ဝေးသလို နောင်ဆက်လှမ်းရမယ့် ဘဝခရီးလမ်း ဟာလည်း အဆုံးမမြင်နိုင်အောင် ရှည်လျားလှပါတယ်။

သတ္တဝါတို့ရဲ့ အတိတ်ဘဝများကို မြင်သိတော်မူတဲ့ မြတ်စွာ ဘုရားက သတ္တဝါတွေ ဖြတ်သန်းခဲ့ကြတဲ့ သံသရာခရီးလမ်းမှာ အပါယ် ဘဝတွေက များပြီး သုဂတိဘဝတွေက အလွန်နည်းပါးလှကြောင်း မိန့်ဆိုတော်မူခဲ့တယ်။

**နခသိခသုတ်တော်**မှာ မြတ်ဗုဒ္ဓက လူ နတ် ဗြဟ္မာဆိုတဲ့ သုဂတိ ဘဝသို့ ရောက်ကြတဲ့ သတ္တဝါတွေဟာ သူ့လက်မ လက်သည်းတော် ပေါ်က မြေမှုန့်အရေအတွက်လောက် ရှိရင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံသို့ ရောက်ကြရတဲ့ သတ္တဝါတွေ ဟာ မဟာပထဝီမြေကြီးမှာ ပါရှိတဲ့ မြေမှုန့်အရေအတွက်လောက် ရှိ တယ်လို့ ဥပမာနှိုင်းတော်မူခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



စတ္တာရော အပါယာ သက ဂေဟာ သဒိသာ။

အပါယ်လေးဘုံဆိုတာ သတ္တဝါတို့ရဲ့ကိုယ်ပိုင်နေအိမ်တွေပဲတဲ့။ မိုးချုပ်ရင် ကိုယ့်အိမ်ကို အသီးသီး ပြန်ကြသလို၊ ကံကုန်မိုးချုပ်တဲ့အခါ အပါယ်လေးဘုံကို ပြန်ကြရတယ်တဲ့။ ယခု လူ့ဘုံကို ရောက်နေတာ ခဏအလည်အပတ်လာတာတဲ့။ ထိတ်လန့်စရာမကောင်းပေဘူးလား။

အမှန်ကို မြင်သိရင် အလွန်ထိတ်လန့်စရာကောင်းပါတယ်။

အောက်သံသရာ ဆိုတဲ့ အပါယ်လေးဘုံမှာ ကျင်လည်ရတာ အလွန်ဆင်းရဲပင်ပန်းလှပါတယ်။ အထက်သံသရာဆိုတဲ့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့မှာသာ ကျင်လည်နိုင်တဲ့နည်းလမ်း မရှိပေဘူးလား။

သင့်ရဲ့သံသရာခရီးကို သင်ကိုယ်တိုင် ဖန်တီးနေတာပါ။

## ဘဝအဆက်ဆက် ချမ်းသာရေး

သမ္ပတ္တိစက် ခေါ်တဲ့ ပြည့်စုံခြင်း လေးမျိုးရှိတယ်။ ဒီလေးမျိုးနဲ့ ပြည့်စုံရင် ပြည့်စုံခြင်းတို့ဟာ စက်လိုလည်တယ်။ ဒီစက်လေးမျိုးနဲ့ ပြည့်စုံတဲ့သူတို့ဟာ မကြာမီ စည်းစိမ်ဥစ္စာများပြားပြန့်ပြောတဲ့အဖြစ်ကို ရောက်ကြကုန်တယ်။

သမ္ပတ္တိစက်လေးပါးက ဘာတွေလဲ။

(၁) လျောက်ပတ်တဲ့အရပ်မှာ နေထိုင်ခြင်း၊

(၂) သူတော်ကောင်းကို မှီရခြင်း၊

(၃) မိမိကိုယ်စိတ်ကို ကောင်းစွာထားခြင်း၊

(၄) ရှေးက ပြုထားတဲ့ ကောင်းမှုရှိခြင်း တို့ပါပဲ။

သာသနာထွန်းကားတဲ့အရပ်ဟာ လျောက်ပတ်တဲ့အရပ်ပါပဲ။ မြတ်စွာဘုရားရဲ့ တရားတော်နဲ့အညီ ကျင့်ကြံနေထိုင်သူဟာ သူတော်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါပဲ။ ထိုသူတော်ကောင်းကို မိတ်ဆွေဖွဲ့ပြီး သူကျင့်ကြံနေထိုင်သလို မိမိရဲ့ ကိုယ်, နှုတ်, စိတ် တို့ကို ကောင်းစွာထားရမယ်။

ဒီလိုထားနိုင်တဲ့သူကို ရှေးက သူပြုထားတဲ့ ကုသိုလ်ကံတွေက ရေလာမြောင်းသွယ်သလို အကျိုးပေးခွင့် ရလာကြတဲ့အတွက် ထိုသူမှာ စည်းစိမ်ဥစ္စာ အခြံအရံ ဂုဏ်သတင်း ကျော်စောခြင်းနှင့် ချမ်းသာခြင်းတို့ ဒီရေအလား လွှမ်းမိုးတိုးတက်လာလိမ့်မယ်။

လက်ရှိဘဝမှာ ကိုယ် နှုတ် စိတ် တို့ကို ကောင်းစွာထားတဲ့သူဟာ ကုသိုလ် ကောင်းမှုတို့ကို ပြုရာရောက်နေပါတယ်။ ဒီကောင်းမှုကံကြောင့် နောင်ဘဝမှာ 'ပဋိရူပ ဒေသာဝါသ' ဆိုတဲ့ လျောက်ပတ်တဲ့အရပ်မှာ နေထိုင်ရခြင်း မင်္ဂလာနဲ့ ပြည့်စုံမယ်။ 'ပုဗ္ဗေစ ကတပုညတာ' ဆိုတဲ့ ရှေးကပြုထားတဲ့ ကောင်းမှုရှိခြင်း မင်္ဂလာနဲ့လည်း ပြည့်စုံမယ်။ သူတော်ကောင်းကို မှီဝဲရပြီး 'အတ္တသမ္မာပဏိဓိ' ဆိုတဲ့ မိမိရဲ့ ကိုယ်စိတ်ကို ကောင်းစွာထားနိုင်ခြင်း မင်္ဂလာနဲ့ ပြည့်စုံပေဦးမယ်။

ဒါကြောင့် ဘဝအဆက်ဆက် ချမ်းသာတွေ ဆက်သွားလိမ့်မယ်။

(စတုက အင်္ဂုတ္တိုရ်၊၄-စက္ကဝဂ်၊၁-စက္ကသုတ်)

## စိတ်သာ ပဓာန

တစ်ခါက အနာထပိဏ်သူဌေးကို မြတ်စွာဘုရား ဒီလိုမိန့်တော်မူတယ်။

"သူကြွယ်... စိတ်ပျက်စီးရင် ကိုယ်မှု, နှုတ်မှု, စိတ်မှုတို့လည်း ပျက်စီးတယ်။ ကိုယ်မှု, နှုတ်မှု, စိတ်မှု ပျက်စီးနေတဲ့သူ့ရဲ့သေခြင်းဟာ ကောင်းတဲ့သေခြင်း မဖြစ်နိုင်ဘူး။

ဥပမာအားဖြင့် အထွတ်တပ်တဲ့အိမ်ကို ကောင်းစွာမိုးမထားရင် အထွတ်လည်း ပျက်စီးတယ်၊ အခြင်လည်း ပျက်စီးတယ်၊ နံရံများလည်း

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးတယ်၊ ဤအတူပဲစိတ်ပျက်စီးရင် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု တို့လည်း ပျက်စီးတယ်။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု ပျက်စီးနေတဲ့သူရဲ့ သေခြင်းဟာ ကောင်းတဲ့သေခြင်း မဖြစ်နိုင်ဘူး။

"သူကြွယ်...စိတ်မပျက်စီးရင် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့လည်း မပျက်စီးနိုင်ဘူး။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ မပျက်စီးတဲ့သူရဲ့သေခြင်းဟာ ကောင်းတဲ့ သေခြင်း ဖြစ်တယ်။

"ဥပမာအားဖြင့် အထွတ်တပ်တဲ့အိမ်ကို ကောင်းစွာမိုးထားရင် အထွတ်လည်း မပျက်စီး၊ အခြင်လည်း မပျက်စီး၊ နံရံများလည်း မပျက်စီးဘူး။ ဤအတူပဲ စိတ်မပျက်စီးရင် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့လည်း မပျက်စီးနိုင်ဘူး။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ မပျက်စီးတဲ့သူရဲ့ သေခြင်းဟာ ကောင်းတဲ့ သေခြင်း ဖြစ်တယ်။"

(တိကအင်္ဂုတ္တိုရ်၊ တတိယပဏ္ဏာသ၊ ၁-သမ္ဗောဓဝဂ်၊ ၁-ဗျာပန္နသုတ်)

## ဘဝလုံခြုံရေး

ကိုယ်ဖြင့် မကောင်းမှုပြုသူ၊ နှုတ်ဖြင့် မကောင်းမှုပြုသူ၊ စိတ်ဖြင့် မကောင်းမှုပြုသူတို့ဟာ မိမိကိုယ် မိမိစောင့်ရှောက်သူများ မဟုတ်ကြဘူး။ ထိုသူတို့ဟာ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ကြီးများဖြင့် စောင့်ရှောက်ထားစေကာမူ မိမိကိုယ် မိမိ စောင့်ရှောက်သူများ မဟုတ်ကြဘူး။

ဘာကြောင့်လဲ...ထိုအစောင့်အရှောက်တို့ဟာ ပြင်ပ အစောင့်အရှောက်များသာ ဖြစ်လို့ အတွင်းအစောင့်အရှောက်များ မဟုတ်ကြလို့ပါပဲ။ ထိုသူတို့ သေရင် အပါယ်မလားအောင် ထိုအစောင့်အရှောက်တို့က မတားဆီးနိုင်ကြဘူး။

ကိုယ်ဖြင့် ကောင်းမှုပြုသူ၊ နှုတ်ဖြင့် ကောင်းမှုပြုသူ၊ စိတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုပြုသူတို့ဟာ မိမိကိုယ်မိမိ စောင့်ရှောက်သူများ ဖြစ်ကြတယ်။ ထိုသူတို့ဟာ ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်ကြီးများဖြင့် မစောင့်ရှောက်အပ်ပေမယ့် မိမိကိုယ်မိမိ စောင့်ရှောက်သူများသာ ဖြစ်ကြတယ်။

ဘာကြောင့်လဲ... ကံသုံးပါး လုံခြုံအောင် စောင့်ရှောက်မှုဟာ အတွင်းအစောင့်အရှောက်ဖြစ်ပြီး အပြင်အပ အစောင့်အရှောက်မဟုတ်လို့ပါပဲ။

ကိုယ်ကို စောင့်စည်းခြင်းဟာ ကောင်းတယ်၊ နှုတ်ကိုစောင့်စည်းခြင်းဟာ ကောင်းတယ်၊ စိတ်ကို စောင့်စည်းခြင်းဟာ ကောင်းတယ်။ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးကို စောင့်စည်းခြင်းဟာ ကောင်းတယ်။ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးကို စောင့်စည်းတဲ့ အရှက်ရှိတဲ့သူကို မိမိကိုယ် မိမိစောင့်ရှောက်သူလို့ ဆိုအပ်တယ်။

(သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊၃-ကောသလသံယုတ်။၅-အတ္တရက္ခိတသုတ်)

## မကောင်းမှုပြုရင် ဘာဖြစ်မလဲ

အခါတစ်ပါးမှာ မြတ်စွာဘုရားက...

"အာနန္ဒာ...ကိုယ်ဖြင့်ပြုတဲ့ မကောင်းမှု (ကာယဒုစရိုက်)၊ နှုတ်ဖြင့်ပြုတဲ့ မကောင်းမှု (ဝစီဒုစရိုက်)၊ စိတ်ဖြင့်ကြံတဲ့ မကောင်းမှု (မနောဒုစရိုက်) ကို စင်စစ်အားဖြင့် မပြုအပ်ဘူးလို့ ငါဘုရား ဟောကြားတယ်"

လို့ မိန့်ကြားတော်မူတဲ့အခါ အရှင်အာနန္ဒာက...

"မြတ်စွာဘုရား... မြတ်စွာဘုရားက စင်စစ်အားဖြင့် မပြုအပ်ဘူးလို့ ဟောကြားတော်မူတဲ့ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပြုလုပ်ရင် ဘယ်လို မချွတ်မုချ ဖြစ်လာမယ်လို့ မျှော်လင့်ရပါသလဲ”လို့ မေးလျှောက်တယ်။

မြတ်စွာဘုရားက “အာနန္ဒာ၊ ငါဘုရားက စင်စစ်မပြုအပ်ဘူးလို့ ဟောကြားတော်မူတဲ့ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် တို့ကို ပြုလုပ်ရင် မိမိကိုယ်တိုင်ကလည်း မိမိကို စွပ်စွဲတယ်၊ ပညာရှိတို့ကလည်း ကဲ့ရဲ့ကုန်တယ်၊ မကောင်းတဲ့သတင်း ကျော်စောခြင်းလည်း ဖြစ်တယ်။ သေတဲ့အခါလည်း တွေဝေပြီး သေရတယ်။ သေပြီးတဲ့နောက်မှာလည်း အပါယ်ငရဲမှာ ဖြစ်ရတယ်။ ဒီအပြစ်တွေကို မချွတ်မုချ ရရှိလိမ့်မယ်လို့ မျှော်လင့်အပ်တယ်”လို့ ဖြေကြားတော်မူတယ်။

(ဒုကအင်္ဂုတ္တိုရ်၊ ၂- အဓိကရဏဝဂ်)

## ကောင်းမှုပြုရင် ဘာဖြစ်မလဲ

“ရဟန်းတို့...ကိုယ်ဖြင့် ပြုတဲ့ ကောင်းမှုရှိသူ၊ နှုတ်ဖြင့် ပြောဆိုတဲ့ ကောင်းမှုရှိသူ၊ စိတ်ဖြင့် ကြံစည်တဲ့ ကောင်းမှုရှိသူတို့ဟာ ထိုကောင်းမှုအတွက် သေလွန်ပြီးတဲ့နောက်မှာ အပါယ်ငရဲသို့ လားရတယ် ဆိုတာ ဖြစ်နိုင်တဲ့အရာ မဟုတ်ဘူး။ ကောင်းတဲ့သူက မကောင်းရာ ရောက်တယ်ဆိုတာ မရှိနိုင်ဘူး။

“ကိုယ်ဖြင့် ပြုတဲ့ ကောင်းမှုရှိသူ၊ နှုတ်ဖြင့် ပြောဆိုတဲ့ ကောင်းမှု ရှိသူ၊ စိတ်ဖြင့် ကြံစည်တဲ့ ကောင်းမှုရှိသူတို့ဟာ ထိုကောင်းမှုအတွက် သေလွန်ပြီးတဲ့နောက်မှာ နတ်ရွာသုဂတိသို့ လားရတယ်ဆိုတာ ဖြစ်နိုင်တဲ့အရာဖြစ်ပါတယ်။ ကောင်းတဲ့သူက ကောင်းရာသို့ရောက်တယ်ဆိုတာ ရှိတယ်။”

(ဧကအင်္ဂုတ္တိုရ်၊ ၁၅-အဋ္ဌာနပါဠိ၊ ၃-တတိယဝဂ်)

www.burmeseclassic.com

www.burmeseclassic.com



## သင့်ဘဝခရီးလမ်း

သင်သည်သာ သင့်ဘဝရဲ့ဖန်တီးရှင် ဖြစ်တယ်။

သင့်ဘဝခရီးလမ်းကို သင်ကိုယ်တိုင် ခုတ်ထွင်ခင်းကျင်းပြီး သင်လျှောက်နင်းသွားရမှာ ဖြစ်တယ်။

You are the captain of your soul and the master of your fate.

"သင်ဟာ သင့်အသက် သင့်ဘဝရဲ့ မာလိန်မှူးဖြစ်ပြီး သင့် ကံကြမ္မာရဲ့ အရှင်သခင်လည်း ဖြစ်ပေတယ်"လို့ ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာ **ရှိတ်စပီးယား** က ရေးသားခဲ့တယ်။

သဗ္ဗေသတ္တာ ကမ္မသကာ၊ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။

သတ္တဝါမှန်သမျှဟာ မိမိတို့ ပြုထားတဲ့ ကံများသာလျှင် မိမိတို့ရဲ့ ကိုယ်ပိုင်ဥစ္စာ ဖြစ်ကြတယ်။ ကုသိုလ်ကံ, အကုသိုလ်ကံ ဆိုတဲ့ ကံတရားတွေဟာ သတ္တဝါ အနန္တကို ချမ်းသာအောင်, ဆင်းရဲအောင်, ချောလှအောင်, အကျည်းတန်အောင်, ကျော်စောထင်ရှားအောင်, သိမ်ငယ်အောင် အမျိုးမျိုးအဖုံဖုံ ပြုပြင်စီမံပေးနေကြတယ်။

ကံဆိုတာ စေတနာ ရည်ရွယ်ချက်။ စေတနာကောင်းနဲ့ ပြုလုပ်တဲ့ ကိုယ်မှု, နှုတ်မှု, စိတ်မှုတို့ဟာ ကောင်းတဲ့ကံများ ဖြစ်ပြီး ကောင်းကျိုးတွေ ပေးလိမ့်မယ်။ စေတနာဆိုးနဲ့ ပြုလုပ်တဲ့ ကိုယ်မှု, နှုတ်မှု, စိတ်မှုတို့ဟာ ဆိုးတဲ့ကံများ ဖြစ်ပြီး ဆိုးကျိုးတွေ ပေးလိမ့်မယ်။

ကောင်းကံ ဆိုးကံတွေကို သင်စိတ်ကြိုက် ရွေးချယ်ပြုလုပ်နိုင်ပြီး သင် ပြုလုပ်တဲ့ ကံ စီမံပေးတဲ့ဘဝခရီးလမ်းကို သင်လျှောက်သွားရမှာ ဖြစ်တယ်။ ဒါကြောင့် သင်သည်သာ သင့်ကံကြမ္မာရဲ့ ဖန်တီးရှင်အစစ် ဖြစ်ပေတယ်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ပဏာမ
ဘဝလမ်းနှစ်သွယ် ၃
သံသရာခရီး ၄
ဘဝအဆက်ဆက် ချမ်းသာရေး ၅
စိတ်သာ ပဓာန ၆
ဘဝလုံခြုံရေး ၇
မကောင်းမှုပြုရင် ဘာဖြစ်မလဲ ၈
ကောင်းမှုပြုရင် ဘာဖြစ်မလဲ ၉
သင့်ဘဝခရီးလမ်း ၁၀
နိဒါန်း ၁၄
ဘဝလမ်းနှစ်သွယ်
ပန်းခင်းတဲ့လမ်း ၁၇
ဘဝချမ်းသာရေးအတွက် အကောင်းဆုံး ဩဝါဒ ၁၉
မကောင်းမှုနဲ့ ကောင်းမှု ၂၀
ကံသဘောသိမှ အကောင်းအဆိုးသိ ၂၂
ဘဝဖန်ဆင်းရှင် ကံတရား ၂၅
မကောင်းမှု ဒုစရိုက် ၁၀–ပါး ၂၇
ပါဏာတိပါတကံ ဆန်းစစ်ချက် ၂၈

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


တိရစ္ဆာန်မှာလည်း အသိဉာဏ်နဲ့ ၃၀
ဝက်ဖြူကြီး မောင်သုခ ၃၂
အတုယူစရာ ခွေးလိမ္မာ ၃၄
ပုရွက်ဆိတ်ငယ်ငယ် စကားနားလည် ၃၅
တိရစ္ဆာန်တွေကို ညှဉ်းဆဲသတ်ဖြတ်ရင် ၃၆
အိုနာကျိုးကန်း ဝဋ်ကြွေးဆန်း ၃၉
ငရဲသို့လား အိုယောကျ်ား ၄၂
ရသတဏှာ ငရဲပို့မှာ ၄၅
ပါဏာတိပါတကံရဲ့ အပြစ်ရင်းများ ၄၈
အဒိန္နာဒါနကံ ဆန်းစစ်ချက် ၄၉
နိုင်ငံခြားမှာ အတုယူစရာ ၅၂
ဂေါပကသူဌေးမှ နွားကလေးဘဝသို့ ၅၅
လုပ်အားခ မတရားမှုရဲ့ ဆိုးကျိုး ၅၈
အဒိန္နာဒါနကံရဲ့ အပြစ်ရင်းများ ၆၁
ကာမေသုမိစ္ဆာစာရကံ ဆန်းစစ်ချက် ၆၃
မေတ္တာသာ ပဓာန ၆၆
လွတ်လပ်တဲ့အချစ်ရဲ့ ဆိုးပြစ်များ ၆၉
သူတော်ကောင်းတို့ရဲ့ အလေ့အထ မဟုတ် ၇၃
အာနန္ဒာလောင်းလျာနဲ့ ဒု–သ–န–သော ၇၇
ကာမေသုမိစ္ဆာစာရကံရဲ့ အပြစ်ရင်းများ ၈၇
မုသာဝါဒကံ ဆန်းစစ်ချက် ၈၈
ကမ္ဘာဦးကာလ မုသာဝါဒကံကြီး ၉၂
သစ္စာဖောက်သူတို့ရဲ့ သွားရာလမ်း ၉၇
ထိတ်လန့်ဖွယ်ရာ မုသားကျိန်စာ ၁၀၀


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | |
|---|---|
| မုသာဝါဒကံရဲ့ အကျိုးရင်းဖျားများ | ၁၀၆ |
| ပိသုဏာဝါစာ ဆန်းစစ်ချက် | ၁၀၇ |
| ပါးစပ်ထဲက ဝက်အမြီးပေါက် | ၁၀၈ |
| ဖရုသဝါစာ ဆန်းစစ်ချက် | ၁၁၀ |
| ဝိပါက်ကြမ္မာ ဆက်တိုက်လာ | ၁၁၁ |
| ဝစီဘေဒ ထိတိုင်းရှ | ၁၁၄ |
| သာသနာဝင်မှာ သမိုင်းတင်ရစ်တဲ့ အမ္ဗပါလီ | ၁၁၆ |
| သမ္ဖပ္ပလာပ ဆန်းစစ်ချက် | ၁၁၉ |
| သမ္ဖပ္ပလာပလည်း ငရဲကျ | ၁၂၂ |
| အဘိဇ္ဈာ ဆန်းစစ်ချက် | ၁၂၂ |
| ဗျာပါဒ ဆန်းစစ်ချက် | ၁၂၄ |
| မိစ္ဆာဒိဋ္ဌိ ဆန်းစစ်ချက် | ၁၂၆ |
| မကောင်းမှုတွေကို ဘယ်လိုရှောင်မလဲ | ၁၂၇ |
| ကောင်းမှုသုစရိုက် ၁၀-ပါး | ၁၂၈ |
| ဘေးကြီး လေးပါးမှ လွတ်မြောက်ရ | ၁၃၁ |
| ခုလည်း ချမ်းသာ နောင်လည်း ချမ်းသာ | ၁၃၃ |
| သိက္ခာပုဒ်တွေကို လျှော့ပေးပါ | ၁၃၆ |
| သုရာမေရယကံ ဆန်းစစ်ချက် | ၁၃၇ |
| နိုင်ငံကုန်ထုတ်စွမ်းအား ကျဆင်းပြား | ၁၄၀ |
| သာသနာတော်ရဲ့ အခြေခံအုတ်မြစ် | ၁၄၃ |
| သာမန်ဒါနထက် သာလွန်တဲ့ မဟာဒါန | ၁၄၆ |
| အမြတ်ချင်းပြိုင် သီလ နိုင် | ၁၄၈ |
| အလှူဆုံး အဆင်တန်ဆာ | ၁၅၀ |


www.burmeseclassic.com

www.burmeseclassic.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

"စိတ်ဟာ လောကကို ဆောင်တယ်" ဆိုတဲ့ စကားအတိုင်း လူတစ်ဦးစီရဲ့စိတ်ဟာ ဆိုင်ရာပုဂ္ဂိုလ်ရဲ့ဘဝကို ဦးဆောင်ဦးရွက် ပြုနေပါတယ်။

စိတ်မှာ အနန္တ စွမ်းအားရှိတဲ့အတိုင်း လူတစ်ယောက်က ချမ်းချမ်းသာသာ တကယ်နေလိုလျှင် သူ့စိတ်က ချမ်းချမ်းသာသာနေနိုင်အောင် စွမ်းဆောင်ပေးလိမ့်မယ်။ 'ငါကတော့ ဆင်းဆင်းရဲရဲနေရမှာပဲ'လို့ ယုံကြည်နေသူအတွက် သူ့စိတ်က ဆင်းဆင်းရဲရဲဖြစ်အောင် ဖန်တီးပေးလိမ့်မယ်။

မိမိ တကယ်ယုံကြည်တဲ့အတိုင်း စိတ်က ဖန်တီးပေးနိုင်တယ်လို့ ယနေ့ စိတ်ပညာရှင်များက အလေးအနက် ယုံကြည်ကြပါတယ်။

ဗုဒ္ဓ အဘိဓမ္မာအရတော့ စိတ်က တစ်ခုခု ပြုဖြစ်အောင် စေတနာ (ရည်ရွယ်ချက်) က စေ့ဆော်တိုက်တွန်းပေးတယ်၊ ကြောင့်ကြစိုက်ပေးတယ်။ ဒါကြောင့် အလုပ်တစ်ခု ဖြစ်မြောက်သွားရာမှာ စေ့ဆော်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ကြစိုက်ပေးတဲ့ စေတနာဟာ တာဝန်ခံ ဖြစ်ပါတယ်။ ဒီအတွက် ကြောင့် စေတနာကို 'ကံ' လို့ မြတ်စွာဘုရား သတ်မှတ်တော်မူတယ်။

စေတနာကောင်းရင် ကံကောင်းပြီး ကောင်းကျိုးတွေကို ဖြစ်စေလိမ့်မယ်။ စေတနာဆိုးရင် ကံဆိုးပြီး ဆိုးကျိုးတွေကို ဖြစ်စေလိမ့်မယ်။

လောဘ, ဒေါသ, မောဟ တို့နဲ့ ယှဉ်တွဲရတဲ့ စေတနာတို့ဟာ အကုသိုလ်စိတ်များနဲ့ အကုသိုလ်ကံများကို ဖြစ်ပေါ်စေကြပါတယ်။ အလောဘ, အဒေါသ, အမောဟ (ပညာ) တို့နဲ့ ယှဉ်တွဲရတဲ့ စေတနာတို့ဟာ ကုသိုလ်စိတ်များနဲ့ ကုသိုလ်ကံများကို ဖြစ်ပေါ်စေကြပါတယ်။

လူတစ်ဦးမှာ စိတ်လေးမျိုးသာ ဖြစ်နိုင်ပါတယ်။ ကုသိုလ်စိတ်, အကုသိုလ်စိတ်, ဝိပါက်စိတ်နဲ့ ကြိယာစိတ်တို့ ဖြစ်ကြပါတယ်။

ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်တို့ဟာ ထိုသူရဲ့ စေတနာပေါ်မှာ မူတည်ပြီး ဖြစ်ပေါ်ကြတယ်။ ဝိပါက်စိတ်တို့က အတိတ်ကံများရဲ့ အကျိုးအနေနဲ့ ဖြစ်ပေါ်ကြတယ်။ ကြိယာစိတ်တို့က ဖြစ်သင့်တဲ့ နေရာမှာ ဖြစ်ပေးရတဲ့ ပြုကာမတ္တစိတ်များ ဖြစ်ကြတယ်။

လူတစ်ယောက်ဟာ ဝိပါက်စိတ်များနဲ့ ကြိယာစိတ်များကို ချုပ်ထိန်းနိုင်စွမ်း မရှိဘူး။ ဒီစိတ်နှစ်မျိုးက ဖြစ်သင့်တဲ့အတိုင်း ဖြစ်ပေါ်ကြပြီး ကံအစွမ်းသတ္တိကိုလည်း မချန်ရစ်ပေးကြဘူး။ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်တို့ ဖြစ်အောင်, မဖြစ်အောင် ဆိုတာကိုတော့ ထိုလူကိုယ်တိုင် ချုပ်ထိန်းနိုင်စွမ်း ရှိတယ်။ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်တို့က ဘဝကုသိုလ်ကံ, အကုသိုလ်ကံ မျိုးစေ့များကို ချန်ရစ်ပေးကြပြီး ကောင်းကျိုး, မကောင်းကျိုးများကို ဖြစ်ပေါ်စေကြတယ်။

လူတစ်ယောက်ဟာ မိမိပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံတို့ရဲ့ ကောင်းမွေ ဆိုးမွေကို ခံယူရပါတယ်။ လူတစ်ဦးစီဟာ မိမိ ပြု

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ကံများကသာလျှင် မိမိရဲ့ ကိုယ်ပိုင်ဥစ္စာဖြစ်တယ်၊ ကိုယ်ပိုင် အမွေဖြစ်တယ်၊ အဆွေအမျိုး ဖြစ်တယ်၊ ကိုးကွယ်လဲလျောင်းရာ ဖြစ်တယ်၊ မိမိဘဝ အကောင်းအဆိုးတို့ရဲ့ အကြောင်းရင်းဖြစ်တယ်၊ ထိုကောင်းကံ, ဆိုးကံတို့ရဲ့ ကောင်းမွေခံ,ဆိုးမွေခံ ကေန်မုချဖြစ်ရလိမ့်မယ်။ (အဘိဏှသုတ်)

ကောင်းကံတို့က အထက်တန်းကျတဲ့ လူ့ဘဝ နတ်ဘဝများနဲ့ ပန်းခင်းထားတဲ့လမ်းတို့ကို ဖန်တီးပေးကြလိမ့်မယ်။ ဆိုးကံတို့က အောက်တန်းကျတဲ့ အပါယ်ဘုံသားဘဝများနဲ့ ဆူးခင်းထားတဲ့လမ်းတို့ကို ဖန်တီးပေးကြလိမ့်မယ်။

လူတစ်ဦးစီဟာ ကောင်းကံ, ဆိုးကံ ပြုခွင့်ကို လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်တာနဲ့အညီ မိမိရဲ့သံသရာခရီးအတွက် အထက်တန်းကျတဲ့ လမ်းနဲ့ အောက်တန်းကျတဲ့လမ်းတို့ကို လွတ်လွတ်လပ်လပ်ဖန်တီးခွင့် ရှိပါတယ်။

လွတ်လပ်ပြီး တရားမျှတတဲ့ ကမ္မဝါဒအရ လူတစ်ဦးစီဟာ မိမိ နှစ်သက်တဲ့ ဘဝခရီးလမ်းကို မိမိကိုယ်တိုင် ဖန်တီးခွင့် ရှိပါတယ်။

ပန်းခင်းထားတဲ့ ဘဝခရီးလမ်းနဲ့ ဆူးခင်းထားတဲ့ဘဝခရီးလမ်း နှစ်သွယ်တို့မှာ ဘယ်ခရီးလမ်းကို သင် လျှောက်လှမ်းမလဲ။

ဆူးပြွမ်းတဲ့ လမ်းခရီးကို ရှောင်ရှားပြီး ပန်းခင်းတဲ့ လမ်းခရီးကို ရွေးချယ်နိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com

# ဘဝလမ်းနှစ်သွယ်

## ပန်းခင်းတဲ့လမ်း

ဘဝဆိုတာပန်းခင်းထားတဲ့ လမ်းလို ဖြောင့်ဖြူးမနေဘူး။ Life is not a bed of roses. It is full of ups and downs. ဘဝဆိုတာ နှင်းဆီမွေ့ရာ မဟုတ်ဘူး။ အဖုအထစ် အတက်အကျတွေနဲ့ ပြည့်နှက်နေပါတယ်။

သင် လျှောက်လှမ်းသွားရမယ့် ဘဝခရီးလမ်းက အရှည်ကြီး။ ဒီအနီးအနားလောက်ကိုသာ မကြည့်နဲ့၊ ဒီ ခဏ ဒီတစ်ဘဝလောက်ကိုသာ မကြည့်နဲ့။

တစ်ခဏ တစ်ဘဝသာ ချမ်းသာပြီး နောက်ဘဝ ကုဋေကုဋာ အပါယ်ငရဲမှာ ကျခံရမယ်ဆိုရင် ဆူးခင်းထားတဲ့ လမ်းကို လျှောက်ရတာထက် ပိုဆင်းရဲပင်ပန်းလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းခင်းထားတဲ့လမ်း…ဆူးခင်းထားတဲ့လမ်း…
ဘဝလမ်းနှစ်သွယ်…ဘယ်လမ်းကို သင်လျှောက်လှမ်းချင်သလဲ။

ယခု လူ့ဘဝ ရထားတယ်ဆိုတာ ပန်းခင်းလမ်းပေါ်မှာ သင်ရောက်နေတာပါ။ ပန်းခင်းလမ်းပေါ် ရောက်နေပါလျက်နဲ့ သင် မပျော်ပိုက်နိုင်ဘူးလား၊ သင် စိတ်မချမ်းသာနိုင်ဘူးလား။ ဟို…ဘဝ လမ်းတစ်ကွေ့မှာ ပန်းခင်းလမ်း ကုန်ပြီး ဆူးခင်းလမ်းကို လျှောက်နင်းသွားရမှာကို သင် စိုးရိမ်နေပါသလား။

မစိုးရိမ်ပါလင့်၊ သင် လျှောက်လှမ်းသွားရမယ့် ဘဝခရီးလမ်းမှာ သင်ကိုယ်တိုင် နှင်းဆီ၊ စံပယ်၊ မြတ်လေးပန်းတွေနဲ့ ဖြန့်ခင်းနိုင်ပါတယ်။

အရေးအကြီးဆုံးက သင့်ရဲ့စိတ်သာ ဖြစ်ပါတယ်။

စိတ်မှာ အနန္တ စွမ်းအားရှိပြီး စိတ်က အရာရာကို ဖန်တီးပေးနိုင်တယ်။

စိတ်ရဲ့ အံ့ဖွယ်ရာအကောင်းဆုံး သတ္တိတစ်ရပ်က ကံအစွမ်းသတ္တိပါပဲ။

ကံက သင့်ကို အပါယ်လေးဘုံသို့ ပစ်ချနိုင်တယ်။ အဲဒီအခါမှာ သင်ဟာ 'အောက်သံသရာလမ်း' ဆိုတဲ့ ဆူးခင်းထားတဲ့ လမ်းပေါ်မှာ လျှောက်လှမ်းနေရမှာ ဖြစ်ပါတယ်။

ကံက လူ နတ် ဗြဟ္မာ ဆိုတဲ့ 'အထက်သံသရာလမ်း' သို့လည်း သင့်အား မြှောက်ပင့်ပေးနိုင်တယ်။ အဲဒီအခါမှာတော့ ပန်းခင်းထားတဲ့ လမ်းပေါ်မှာ သင် ကြော့ကြော့မော့မော့ လှမ်းလျှောက်နေနိုင်မှာပေါ့။

ပန်းခင်းထားတဲ့ ဘဝလမ်းမကြီးပေါ်မှာသာ တစ်ဘဝပြီးတစ်

www.burmeseclassic.com

www.burmeseclassic.com



ဘဝ သင် လျှောက်လှမ်းချင်ရင်တော့ မြတ်ဗုဒ္ဓ အဆူဆူတို့ရဲ့ဩဝါဒ ကို သင် ခံယူလိုက်နာရလိမ့်မယ်။

## ဘဝချမ်းသာရေးအတွက်အကောင်းဆုံးဩဝါဒ

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

မကောင်းမှုဟူသမျှကို မပြုလုပ်ပါနဲ့၊
ကောင်းမှုဟူသမျှကို ပြည့်စုံအောင် ဖြည့်ကျင့်ပါ၊
မိမိစိတ်ကို ဖြူစင်အောင် ထားပါ၊
ဒီသုံးချက်ဟာ ဘုရားရှင်အဆူဆူတို့ရဲ့ အဆုံးအမပေပဲ။

ရှေးဦး နိုင်ငံခြားသာသနာပြုဆရာတော်ဖြစ်တော်မူတဲ့ အဘိဓဇ မဟာရဋ္ဌဂုရု **ဦးသေဋ္ဌိလ** ဟာ ၁၉၆၀ ခုနှစ်လောက်မှာ ဩစတြေးလျ နိုင်ငံသို့ သာသနာပြုခရီး ကြွချီတော်မူတယ်။ ဆရာတော်ရဲ့ တရားပွဲ တွေဟာ အထူးအဆန်း ဖြစ်နေလို့ လူတွေ ကြိတ်ကြိတ်တိုးနေတယ်။

အဲဒီအခါ ဩစတြေးလျအစိုးရက စိုးရိမ်လာပြီး ဆရာတော် ဘာတရားတွေ ဟောနေတာကို ရဲအဖွဲ့အား စုံစမ်းစေတယ်။ ရဲအရာရှိ ကြီးက ဆရာတော်ထံ ချဉ်းကပ်ပြီး မေးမြန်းတော့ ဆရာတော် တိုတို ပဲ ဖြေလိုက်တယ်...

"အေး...ငါဟောနေတဲ့ တရားတွေကို အကျဉ်းချုံးရင် သုံးချက် ပဲ ပါတယ်။ မကောင်းတာတွေကို မပြုလုပ်နဲ့၊ ကောင်းတာတွေကို ပြု လုပ်ပါ၊ စိတ်ကို ဖြူစင်အောင် ထားပါ...ဒါပါပဲ"

"ဒီလိုဆိုရင် ဆရာတော် ဟောသာ ဟောပါ" လို့ အရာရှိကြီးက ကျေနပ်စွာ တိုက်တွန်းသွားပါတယ်။

ဒီဩဝါဒ သုံးချက်ဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com



တရားအားလုံးရဲ့ အနှစ်ချုပ်ပါပဲ။ ဒီအချက်သုံးချက်ကို ကန့်ကွက်စရာများ ရှိသလား။ ဘယ်သူမဆို မလိုက်နာနိုင်ဘူးလား။ လိုက်နာကျင့်ကြံဖို့ကော မသင့်ဘူးလား။

ယခုဘဝမှာလည်း ချမ်းသာချင်တယ်၊ နောင်ဘဝမှာလည်း ချမ်းသာချင်တယ်၊ ဘဝအဆက်ဆက် ချမ်းသာချင်ရင် လိုက်နာကျင့်ကြံရမယ့် ဩဝါဒပေပဲ။

ဘုရားရှင် အဆူဆူတို့ရဲ့ အဆုံးအမကို အလွယ်တကူ မှတ်သားနိုင်အောင် ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသက ဒီလိုသံပေါက်လုပ်ပေးထားပါတယ်–

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား။
ခုလည်းချမ်းသာ၊ နောင်ချမ်းသာ၊ မြတ်စွာ ဟောမိန့်ကြား။

## မကောင်းမှုနဲ့ ကောင်းမှု

ဘဝချမ်းသာကို အလိုရှိတဲ့လူဟာ မကောင်းမှုနဲ့ ကောင်းမှုကို ခွဲခြားသိဖို့ လိုတယ်။ အမှန်က ဒီပြဿနာက မလွယ်ဘူး။ ကမ္ဘာ့ တွေးခေါ်ရှင်ကြီးတွေ ခေတ်အဆက်ဆက် တွေးခေါ်ခဲ့ကြတဲ့ ပြဿနာ တစ်ရပ်ပါပဲ။ ယနေ့ထက်ထိ သူတို့ရဲ့ ယူဆချက်တွေဟာ ထပ်တူထပ်မျှ မဖြစ်ကြတဲ့အပြင် မြတ်စွာဘုရား ဟောကြားထားတဲ့ သဘောတရားနဲ့လည်း အပေါ်ယံလောက်သာ တူညီတာကို တွေ့ရတယ်။

ဒီအချက်နဲ့ ပတ်သက်ပြီး တက္ကသိုလ်ဓမ္မာရုံ တရားပွဲမှာ ချမ်းမြေ့ဆရာတော် ထောက်ပြသွားတာ အလွန်နှစ်သက်စရာကောင်းတယ်။ ဆရာတော် ထောက်ပြပုံက…

“သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားက အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်နဲ့ သိသူ ဖြစ်တယ်။ ဘာကို သိတာလဲ၊ သဘာဝကို သိတာ။ သူ့ဉာဏ်ရှိ

www.burmeseclassic.com



သလို ဆင်ခြင်သုံးသပ်ပြီး သိတာလား။ ဒါမှမဟုတ် သဘာဝ အရှိကို အရှိအတိုင်း မြင်တာလား။

(သဘာဝအရှိကို အရှိအတိုင်း မြင်တာပါဘုရား)

ဒီလိုဆိုရင် အမှန်ကို မြင်တာလား၊ အမှားကို မြင်တာလား။

(အမှန်ကို မြင်တာပါ ဘုရား)

"Philosophical point of view ဆိုတဲ့ဒဿနအမြင်နဲ့ ကြည့်လို့ အရှိကို အရှိအတိုင်း မြင်ရင် ဒဿနိကဆရာကြီးတွေ ဒီလောက် များနေပါ့မလား။ ဒဿနအမြင် တစ်မျိုးတည်း ရှိတော့မှာပေါ့။ အခုတော့ ဒဿနအမြင် အမျိုးမျိုးဖြစ်နေတယ်။ ဒါကြောင့် ဒဿနအမြင် ရှုထောင့်ကနေ ကြည့်ရင် အရှိကို အရှိအတိုင်း မမြင်ကြဘူး။

"ဗုဒ္ဓမြတ်စွာဟာ သဘာဝကို အမှန်သိတဲ့အတွက် လောဘ ဒေါသ မောဟတွေ ငြိမ်းသွားတယ်။ ဘာကြောင့် ငြိမ်းတာလဲ၊ အရှိသဘာဝကို အရှိအတိုင်း သိလို့။ ကိလေသာတွေ ငြိမ်းရင် ဆင်းရဲငြိမ်းရော။ ဒီတော့ ဗုဒ္ဓဟောတဲ့ တရားတော်တွေဟာ ဆင်းရဲငြိမ်းကြောင်း အကျင့်ကောင်း အကျင့်မှန်တွေပဲ။"

ဆင်းရဲငြိမ်းတယ်ဆိုတာ အကြောင်းရင်းက တခြားမဟုတ်ဘူး။ ရုပ်သဘာဝကို အမှန်အတိုင်း သိမြင်၊ နာမ်သဘာဝကို အမှန်အတိုင်း သိမြင်မှုတို့ကြောင့်ပါပဲ။ အဲဒီ အမှန်အတိုင်းသိမြင်မှုကို သမ္မာဒိဋ္ဌိမဂ္ဂင်လို့ ခေါ်တယ်။ သမ္မာ = အမှန်အတိုင်း၊ ဒိဋ္ဌိ = သိမြင်မှု။ သမ္မာဒိဋ္ဌိ = အမှန်အတိုင်း သိမြင်မှု = Right understanding, right view. The omniscient Buddha rightly understood the processes of mental and physical phenomena.

အလုံးစုံကို သိမြင်တော်မူတဲ့ မြတ်ဗုဒ္ဓဟာ ရုပ်သဘာဝ၊ နာမ်သဘာဝ ဖြစ်ပျက်အစဉ်များကို မှန်ကန်စွာ သိမြင်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကံ...ပရိသတ်တို့ တော်တော်သဘောပေါက်သွားကြရဲ့လား၊ ဘဝချမ်းသာကို ရှာဖွေတဲ့နေရာမှာ အမှန်အတိုင်း သိမြင်မှု =သမ္မာဒိဋ္ဌိက မီးရှူးတန်ဆောင်ပဲ။ သမ္မာဒိဋ္ဌိ = အမြင်မှန်ကို ရဖို့အတွက် အကြောင်းအကျိုးတွေနဲ့ ညှိနှိုင်းပြီး ရှုထောင့်အမျိုးမျိုးက ကျွန်တော် ရေးသားတင်ပြနေတာပဲ။

"ကောင်းတယ်, မကောင်းဘူး" ဆိုတာကို အမြင်တိုတိုကလေး ကြည့်ပြီး ဆုံးဖြတ်လို့မရဘူး။ ဒီတစ်ဘဝလောက်ကို ကြည့်ပြီး ကိုယ့်အတွက် အကျိုးရှိတာ ကောင်းတယ်၊ ကိုယ့်အတွက် အကျိုးမရှိဘူး ဆိုရင် မကောင်းဘူး၊ ဒီလို ဆုံးဖြတ်လို့ မရဘူး။

ကိုယ့်အတွက် လတ်တလောအကျိုးရှိပြီး သူတစ်ပါးကို ထိခိုက်နစ်နာစေတဲ့ အလုပ်တစ်ခုဟာ ရေရှည်မှာကော ကိုယ့်အတွက် အကျိုးရှိရဲ့လား။ ဒီနေရာမှာ **ကံသဘောတရား** ပါလာပြီ။

## ကံသဘောသိမှ အကောင်းအဆိုးသိ

ကံဆိုတာ အလုပ်ပဲ၊ ကံမှာ တိုက်ရိုက်အကျိုးနဲ့ တန်ပြန်အကျိုး ဆိုပြီး အကျိုးနှစ်မျိုး ရှိတယ်။ သိပ္ပံက တွေ့ရှိတဲ့ Action and reaction သဘောပဲ။

ကိုယ်က သူတစ်ပါးနာရီကို လုယူလိုက်တယ်။ ကိုယ်က နာရီရလို့ အကျိုးရှိပေမယ့် နာရီပိုင်ရှင်ဟာ ထိခိုက်နစ်နာသွားတယ်။ အဲသလို သူတစ်ပါးအား ထိခိုက်နစ်နာစေတဲ့ အမှု (ကံ) အတွက် တန်ပြန်အကျိုးက နှစ်မျိုး လာတယ်။ တစ်မျိုးက ရဲသားတွေက ကိုယ့်ကို ဖမ်းပြီး အချုပ်ထဲ ထည့်ထားမယ်၊ ရုံးတင် စစ်ဆေးမယ်၊ ထောင်ချမယ်။ ဒါက သိမြင်နိုင်တဲ့ တန်ပြန်အကျိုးပဲ။ နောက်တစ်မျိုးက ဒီဘဝမှာပဲ ကိုယ့်ပစ္စည်းတွေ ပြန်အလုခံရမယ်၊ တစ်နည်းနည်းနဲ့ ပစ္စည်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးမယ်။ နောင်ဘဝတွေမှာလည်း အပါယ်ကျတတ်တယ်။ အပါယ် မကျလို့ လူဖြစ်လာရင်လည်း ဆင်းရဲမွဲတေမယ်၊ ပင်ပင်ပန်းပန်းနဲ့ ရှာဖွေ ရရှိတဲ့ ပစ္စည်းတွေဟာ ကိုယ့်မှာ ကြာကြာမတည်ဘူး။ တစ်ဘဝ နှစ်ဘဝတည်း မဟုတ်၊ ဘဝပေါင်းများစွာ မကောင်းကျိုးတွေကို ဆက်လက် ခံစားရမယ်။ ဒါက မသိမြင်နိုင်တဲ့တန်ပြန်အကျိုး ဖြစ်ပါတယ်။

ကန်ရေပြင်ကျယ်မှာ ခဲတစ်လုံး ပစ်ချတော့ လှိုင်းဂယက်တွေ အဝေးကြီးသို့ ရိုက်ခတ်သွားသလို အမှုတစ်ခုကြောင့် ဘဝပေါင်း များစွာ ဂယက်ရိုက်သွားတာကို အလုံးစုံကိုသိမြင်တော်မူတဲ့ မြတ်စွာဘုရားတို့သာလျှင် အကြောင်းအကျိုးနဲ့တကွ သိမြင်တော်မူကြလို့ ကောင်းတာနဲ့ မကောင်းတာကို အမှန်အတိုင်း ထုတ်ဖော်ဟောကြားနိုင်ကြတယ်။ ဒဿနပညာရှင်တွေက ကံရဲ့ အကျိုးတရားတွေကို အစအဆုံး မမြင်သိနိုင်ကြလို့ မှန်မှန်ကန်ကန် မဆုံးဖြတ်နိုင်ကြဘူး။

ကောင်းတဲ့အလုပ် = ကောင်းမှု = ကုသိုလ်ကံတစ်ခုဟာ ဒီဘဝမှ စပြီး ဘဝပေါင်း မရေမတွက်နိုင်အောင် ကောင်းကျိုးပေးမယ်၊

မကောင်းတဲ့ အလုပ် = မကောင်းမှု = အကုသိုလ်ကံတစ်ခုဟာ ဒီဘဝမှ စပြီး ဘဝပေါင်းများစွာ မကောင်းကျိုးပေးမယ် ဆိုတာဟာ သဘာဝတရားတို့ရဲ့ ဖြစ်မြဲသဘောပဲ။

ဘယ်လိုကြောင့် ဖြစ်တာလဲလို့ သိချင်ရင် ထပ်ရှင်းပြရမှာပဲ။ ကျွန်တော်တို့ နေ့စဉ် လုပ်နေကြတဲ့ အလုပ်တွေဟာ သုံးမျိုးရှိတယ်။ ကိုယ်ကာယနဲ့ ပြုလုပ်တဲ့ အလုပ်တွေကို ကာယကံ၊ နှုတ်နဲ့ပြောပြီး စီမံပြုလုပ်တဲ့ အလုပ်တွေကို ဝစီကံ၊ စိတ်ဖြင့် ကြံတွေးနေတဲ့ အမှုအလုပ်တွေကို မနောကံလို့ အသီးသီး ခေါ်ပါတယ်။

ဒီအလုပ်အမျိုးမျိုးဖြစ်ပေါ်အောင် ဘယ်သူက လုပ်သလဲလို့ဆိုနိုင်

www.burmeseclassic.com

www.burmeseclassic.com



စစ်ရင်၊ **စိတ်ကလုပ်တယ်** လို့ အဖြေထွက်လာတယ်။ စိတ်စေခိုင်းတဲ့အတိုင်းသာ ကိုယ် လက် နှုတ်တို့က လှုပ်ရှားနိုင်ကြရတာကိုး။

စိတ်ကို တစ်ဖန် ဘယ်သူက စေ့ဆော်တိုက်တွန်းလို့ ဒီအလုပ်တွေ လုပ်ဖြစ်တာလဲလို့ ထပ်ပြီး ဆန်းစစ်ရင် **စေတနာစေတသိက်က စေ့ဆော်တယ်** ဆိုတာကို တွေ့ရတယ်။ စေတနာဆိုတာ အလုပ်ကို လုပ်ဖြစ်အောင် စေ့ဆော်တိုက်တွန်းတဲ့ သဘော၊ အလုပ်ပြီးအောင် ကြောင့်ကြစိုက်တဲ့သဘော၊ အလုပ်ဖြစ်စေလိုတဲ့ ရည်ရွယ်ချက်သဘော ဖြစ်ပါတယ်။

ဒါကြောင့် **စေတနာ** ကို ကံလို့ မြတ်စွာဘုရား သတ်မှတ်တော်မူတယ်။

စေတနာရဲ့ ရည်ရွယ်ချက်ကောင်းရင် ကံကောင်းပြီး ကောင်းကျိုး ရမယ်။

စေတနာရည်ရွယ်ချက် မကောင်းရင် ကံဆိုးပြီး ဆိုးကျိုးရမယ်။

စိတ္တနိယာမအရ စိတ်တို့က လက်ဖျစ်တစ်တွက် ကာလအတွင်းမှာပဲ ကုဋေတစ်သိန်းကျော် ရှေ့နောက်ဆက်ပြီး ဖြစ်သွားကြတယ်။ စိတ်နဲ့အတူ စေတနာနဲ့ အခြားစေတသိက်များက ယှဉ်တွဲဖြစ်ပျက်ကြလို့ လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်ကာလမှာပဲ စေတနာဟာ ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားကြတယ်။

ဒါကြောင့် ပုရွက်ဆိတ်တစ်ကောင်ကို ဖိသတ်ရင်ဖြစ်ဖြစ်၊ ခြင်တစ်ကောင်ကို ရိုက်သတ်ရင်ဖြစ်ဖြစ် မကောင်းတဲ့ စေတနာတွေ အနည်းဆုံး ကုဋေတစ်သိန်းကျော်တော့ ဖြစ်သွားမှာပဲ။ ဒီစေတနာတို့ရဲ့ တိုက်ရိုက်အကျိုးက အလုပ်ကို ပြီးမြောက်စေပြီး ခြင်, ပုရွက်ဆိတ်တို့ကို သေစေခြင်းဖြစ်တယ်။ တန်ပြန်အကျိုးတွေက သေစေလိုတဲ့ စေတနာဟာ ဒေါသမူစိတ်ကို ဖြစ်ပေါ်စေတဲ့အတွက် ဒေါမနဿ ဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စိတ်ဆင်းရဲပူလောင်မှုကို ပထမခံစားလိုက်ရတယ်၊ ပြီးတော့ သေစေလိုတဲ့ စေတနာဆိုးတွေက သူတို့မချုပ်ပျက်ခင်မှာ သူတို့ရဲ့ အစွမ်းသတ္တိ=ကမ္မသတ္တိ=ကံတို့ကို စိတ်အစဉ်မှာ မြှုပ်နှံသွားကြတယ်။ ဒါကြောင့် ဒီကုသိုလ်ကံ ကုဋေတစ်သိန်းကျော်ဟာ ကိုယ့်စိတ်အစဉ်မှာ အမြဲလိုက်ပါနေတော့တယ်။

## ဘဝဖန်ဆင်းရှင် ကံတရား

**ကံက မျိုးစေ့နဲ့တူတယ်။** မျိုးစေ့တွေက မြေ ရေ လေ အထောက်အပံ့ ရရင် အပင်သစ် ပေါက်စေနိုင်သလို ကံမျိုးစေ့တွေကလည်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ရဲ့ အထောက်အပံ့ကို ရရင် ဘဝသစ်တွေကို ဖြစ်ပေါ်စေကြတယ်။

သရက်စေ့က သရက်ပင်ကိုပေါက်လာစေပြီး တမာစေ့က တမာပင်ကို ပေါက်လာစေသလို ကောင်းတဲ့ကံက ကောင်းတဲ့ဘဝနဲ့ ကောင်းကျိုးတွေကို ဖြစ်ပေါ်စေပြီး ဆိုးတဲ့ကံက ဆိုးတဲ့ဘဝနဲ့ ဆိုးကျိုးတွေကို ဖြစ်ပေါ်စေပါတယ်။

အကုသိုလ်ကံတို့က အပါယ်လေးဘုံမှာ ဘဝသစ်များနဲ့တကွ မကောင်းကျိုးတွေကို ဖြစ်ပေါ်စေကြတယ်။ ကာမကုသိုလ်ကံတို့က လူ့ပြည်နဲ့ နတ်ပြည်ခြောက်ထပ်တို့မှာ ဘဝသစ်များနဲ့တကွ ကောင်းကျိုးတွေကို ဖြစ်ပေါ်စေကြတယ်။ ဈာန်ကုသိုလ်ကံတို့က ဗြဟ္မာဘုံ ၂၀ မှာ ဘဝသစ်များနဲ့တကွ ကောင်းကျိုးတွေကို ဖြစ်ပေါ်စေကြတယ်။

သစ်စေ့အမျိုးမျိုးက သစ်ပင်အမျိုးမျိုးကို ပေါက်ပွားစေသလို ကံအမျိုးမျိုးကလည်း ဘဝအမျိုးမျိုးနဲ့ ဘုံအမျိုးမျိုးကို ဖြစ်ပေါ်စေပါတယ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့ စွမ်းရည်အမျိုးမျိုးကြောင့် ၃၁ ဘုံနဲ့ သတ္တဝါတွေ အမျိုးမျိုးဖြစ်ပေါ်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓရဲ့ ဒဿနက နယ်နိမိတ် အကန့်အသတ်မရှိ၊ အချိန် အကန့်အသတ်မရှိအောင် ကျယ်ပြန့်ပါတယ်။ ဒီလိုအသိအမြင်မျိုးကို အခြားသူတို့ မရရှိနိုင်ပါဘူး။

မြတ်ဗုဒ္ဓဟောကြားတဲ့ ကံသဘောတရားအရ ၃၁ ဘုံသားတို့ဟာ တပြောင်းပြန်ပြန် စုန်ကာဆန်ကာ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ တစ်ဖန် လူပြန်ဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်၊ ပြိတ္တာဖြစ်လိုက်၊ ငရဲသားဖြစ်လိုက်နဲ့ သံသရာလည်နေကြတယ်။ သတ္တဝါအားလုံးဟာ သံသရာခရီးဖော်တွေပဲ။

ဒါကြောင့် အလုပ်တစ်ခုရဲ့ ကောင်းကျိုး ဆိုးကျိုးတို့ကို ဝေဖန်စဉ်းစားတဲ့အခါမှာ ကိုယ့်အကျိုး သူ့အကျိုးကို ကြည့်ရမယ့်အပြင် တိရစ္ဆာန်များအပါအဝင် ၃၁ ဘုံသား သတ္တဝါများအားလုံးကို တပြေးညီညာ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

တိရစ္ဆာန်တွေကို လူတွေစားသုံးဖို့အတွက် ဘုရားသခင် ဖန်ဆင်းပေးထားတယ်ဆိုတာ မဟုတ်ပါဘူး။ ကိုယ့်ဆွေမျိုး မောင်နှမတွေ သေရင် ကိုယ့်အနီးဝန်းကျင်မှာ တိရစ္ဆာန်များ ဖြစ်နိုင်ကြသလို၊ အနီးဝန်းကျင်က တိရစ္ဆာန်တွေသေရင် ကိုယ့်သားသမီး ဆွေမျိုး ဖြစ်နိုင်ကြတယ်ဆိုတဲ့ အထောက်အထားတွေ အများကြီး ရှိပါတယ်။

မကောင်းမှုအကုသိုလ်ဆိုတာ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ နှစ်ဦးစလုံးကိုဖြစ်စေ ထိခိုက်နစ်နာစေတဲ့အပြစ်ရှိတဲ့အမှု ဖြစ်ပါတယ်။

ကံက သတ္တဝါများနဲ့ ဘုံများကို ဖန်ဆင်းပေးတယ်ဆိုတဲ့ အကြောင်းကို **'ဖန်တီးစွမ်းအား—ကံတရား'** စာအုပ်မှာ ကျွန်တော် အကျယ်တဝင့် ဆွေးနွေးတင်ပြထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာရဲ့ ဒေသနာ မှန်တယ်, မှားတယ် ဆိုတာကို ဆုံးဖြတ်ဖို့ အရေးအကြီးအဆုံးနဲ့ အကောင်းဆုံး မှတ်ကျောက်က ဒီဘဝမှာ မြတ်စွာဘုရား ညွှန်ပြတဲ့နည်းအတိုင်း ကျင့်ကြံအားထုတ်ရင် ကိလေသာ ငြိမ်း, မငြိမ်း၊ ကိလေသာတွေ ငြိမ်းရင် အတုမရှိ ငြိမ်းအေး ချမ်းသာတဲ့ ထာဝရချမ်းသာ (နိဗ္ဗာန်) ကို ရ,မရ ဆိုတဲ့အချက် ဖြစ်ပါတယ်၊

ဒီအချက်ကို ကုဋေပေါင်းများစွာသော အရိယာပုဂ္ဂိုလ်တို့က ကိုယ်တွေ့ဆန်းစစ်ခဲ့ကြပြီး ဗုဒ္ဓဒေသနာ မှန်ကန်ကြောင်းကို သက်သေပြခဲ့ကြပြီး ဖြစ်ပေတယ်၊ ယခုလက်ရှိအချိန်မှာလည်း မှန်ကန်ကြောင်းကိုယ်တိုင်ဆန်းစစ်ကြည့်နိုင်ပါတယ်။

ဒါကြောင့် ကောင်းမှု = ကုသိုလ်ဆိုတာ မိမိနှင့် သူတစ်ပါးတို့ကို ထိခိုက်နစ်နာစေခြင်း မရှိတဲ့ အပြစ်ကင်းတဲ့အမှု ဖြစ်တယ်။

ကောင်းမှုကို ဆောင်ပြီး မကောင်းမှုကို ရှောင်နိုင်ပါစေ။

## မကောင်းမှု ဒုစရိုက် ၁၀ ပါး

အပြစ်ရှိလို့ မကောင်းတဲ့အမူအကျင့်တွေကို ဒုစ္စရိတ = ဒုစရိုက် လို့ ခေါ်တယ်။ ဒုစရိုက် ၁၀–ပါးကို အကုသလကမ္မပထ ၁၀ ပါး= အကုသိုလ်ကံ မြောက်စေတဲ့ တရား ဆယ်ပါးလို့လည်း ခေါ်ပါတယ်။

ဒုစရိုက်ဆယ်ပါးမှာ ကာယကံ သုံးပါး၊ ဝစီကံ လေးပါး၊ မနောကံ သုံးပါးတို့ ပါဝင်ကြတယ်။

### ၁။ ကာယကံ သုံးပါး

(၁) ပါဏာတိပါတ = သတ္တဝါတို့ကို သေစေလိုတဲ့ စေတနာဖြင့် သတ်ခြင်း။

(၂) အဒိန္နာဒါန = သူတစ်ပါးတို့၏ ဥစ္စာကို ခိုးဝှက်၊ တိုက်ခိုက်၊ လုယ့်ပတ်ယူခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၃) ကာမေသုမိစ္ဆာစာရ= သူတစ်ပါးသား မယားကို ဖျက်ဆီးခြင်း၊ ကာမဂုဏ်တို့မှာ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ပြုကျင့်ခြင်း။

၂။ ဝစီကံ လေးပါး

(၄) မုသာဝါဒ = မဟုတ်မမှန် လိမ်လည်၍ပြောဆိုခြင်း။

(၅) ပိသုဏာဝါစာ = ချောပစ်ကုန်းတိုက်တဲ့စကားကို ပြောဆိုခြင်း။

(၆) ဖရုသဝါစာ = ကြမ်းတမ်းယုတ်မာတဲ့စကားကို ပြောဆိုခြင်း။

(၇) သမ္ဖပ္ပလာပ = သိမ်ဖျင်းတဲ့စကား၊ အတင်းအဖျင်းစကားကို ပြောဆိုခြင်း။

၃။ မနောကံ သုံးပါး

(၈) အဘိဇ္ဈာ = သူတစ်ပါးရဲ့ဥစ္စာကို မတရားရယူဖို့ ကြံစည်ခြင်း။

(၉) ဗျာပါဒ = သူတစ်ပါးရဲ့အသက်နဲ့ စည်းစိမ်ကို ပျက်စီးအောင် ကြံစည်ခြင်း။

(၁၀) မိစ္ဆာဒိဋ္ဌိ = ကံ–ကံရဲ့အကျိုးကိုပယ်ပြီး လွဲမှားစွာယုံကြည်ခြင်း။

## ပါဏာတိပါတကံ ဆန်းစစ်ချက်

လူသတ်မှုကို ရာဇဝတ်မှုလို့ နိုင်ငံအသီးသီးမှာ ဥပဒေပြဋ္ဌာန်းထားကြတယ်။ ဒါကြောင့် လူသတ်မှုဟာ အပြစ်ရှိပြီး ထောင်ဒဏ်၊ ကြိုးဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် စတဲ့ အပြစ်ဒဏ်ကို ဒီဘဝမှာပဲ ခံယူရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှုကို လူမသိအောင် ကျူးလွန်မယ်။ ဒါမှမဟုတ် တံစိုးလက်ဆောင် အာဏာသုံးပြီး ဖုံးဖိထားမယ်။ ဒါမှမဟုတ် ထွက်ပြေးတိမ်းရှောင်နေမယ် ဆိုရင်ကော အပြစ်ဒဏ်ပေးခံရခြင်းမှ လွတ်ကင်းနိုင်မလား။

"ရာဇဝတ်ဘေး ပြေးမလွတ်"ဆိုတဲ့ စကားအတိုင်း တစ်နေ့နေ့မှာ အမှုမှန် ပေါ်ပြီး အပြစ်ပေးခံရမှာ ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်တုန်းက လူသတ်မှုကျူးလွန်ခဲ့ကြတဲ့ နာဇီ စစ်အရာရှိတွေဟာ တစ်ရပ် တစ်ကျေးသို့ ထွက်ပြေးပုန်းရှောင်ကြပေမယ့် အများစုက အဖမ်းခံရ၊ အရေးယူခံကြရပါတယ်။ တိမ်းရှောင်ပုန်းအောင်းနေတဲ့ ကာလမှာလည်း စိုးရိမ် ပူပန်ကြောက်လန့်မှုနဲ့သာ ဆင်းရဲစွာ နေထိုင်ကြရပါတယ်။

နောက်ဆုံး အရှောင်အတိမ်းကောင်းလို့ အရေးယူမခံရတာပဲထားဦး၊ ဝိပါကဒဏ်မှ လွန်မြောက်အောင် မရှောင်ပြေးနိုင်ဘူး။ လူသတ်ထားတဲ့ အကုသိုလ်စေတနာက ကုဋေသိန်းပေါင်းများစွာက ကံပြုသူရဲ့ စိတ်အစဉ်မှာ ကိန်းအောင်းနေပြီး ဒီကံက သူ့ကို ငရဲဘုံမှာ ဥပပတ် ပဋိသန္ဓေဖြစ်စေပြီး ငရဲအိုးမှာ ကျက်စေလိမ့်မယ်။ ငရဲ စက်ယန္တရားတို့ရဲ့ ညှဉ်းပန်းနှိပ်စက်ခြင်းကို အလွန်ဆင်းရဲစွာ ခံစားရစေလိမ့်မယ်။

မိမိ သတ်စဉ်က တစ်ခဏလေး၊ မိမိ ပြန်အညှဉ်းဆဲ ခံရတာက နှစ် ထောင်ပေါင်းများစွာ၊ အပြန်တစ်ရာ သေလောက်တဲ့ ညှဉ်းပန်းမှုဖြစ်ပေမယ့် အကုသိုလ်ကံ မကုန်လို့ မသေဘူး။ သေရင်လည်း ချက်ချင်းပဲ ဥပပတ် ပဋိသန္ဓေဖြစ်ပြီး ဆက်အညှဉ်းပန်းခံရတယ်။

ကံရဲ့သဘောက အပြန်ကုဋေသိန်းပေါင်းများစွာ အကျိုးပေးနိုင်လို့ ကိုယ်ကျူးလွန်ခဲ့တဲ့အပြစ်ထက် အပြန် ကုဋေကုဋာ ပိုဆင်းရဲရပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီကံရဲ့ သဘောကိုသိလို့ သူတော်ကောင်းတို့ဟာ ပါဏာတိပါတကံကို အလွန်ကြောက်ရွံ့ကြတယ်။

## တိရစ္ဆာန်ကိုသတ်တာကော အပြစ်မရှိဘူးလား

အတ္တသမာ ပေမံနတ္ထိ = မိမိနဲ့တူသော ချစ်သူသည် မရှိ။

သတ္တဝါတိုင်း မိမိကိုယ်ကို အချစ်ဆုံးပဲ။ ဒါကြောင့် သေရမှာကို သတ္တဝါတိုင်း ကြောက်ကြတယ်။ မိမိကိုယ်တိုင်က သေရမှာကို ကြောက်ပြီး မသေချင်သလို အခြားသတ္တဝါတို့ကလည်း သေရမှာကို ကြောက်ပြီး မသေချင်ကြဘူး။ ဒီလိုဆိုရင် သတ္တဝါတစ်ကောင်ကို သတ်တာ တရားပါ့မလား။ ကိုယ်ချင်းစာတရား ထားပြီး တိရစ္ဆာန်သတ်တာကို မရှောင်ကြဉ်သင့်ဘူးလား။

## တိရစ္ဆာန်မှာလည်း အသိဉာဏ်နဲ့

တိရစ္ဆာန်တွေက စကားမပြောတတ်လို့ အသိဉာဏ်မရှိဘူး မထင်နဲ့။ သူတို့လည်း သူတို့ရဲ့ သားသမီး၊ ဇနီး၊ ခင်ပွန်းတို့ကို ချစ်တတ်ကြတာပဲ။ သူတို့ရဲ့ သားသမီး တစ်ကောင်ကောင် သေသွားရင် ဝမ်းနည်းတတ်ကြတာပဲ။ တချို့ခွေးမတွေက သားသေသွားလို့ တစ်နေ့လုံး သနားစဖွယ် အူနေရှာတယ်။ တချို့မျောက်တွေက သေနတ်မှန်တော့ သားသမီးတွေကို ဖက်ရမ်းနမ်းရှုပ်ပြီး သစ်ကိုင်းထက်မှာ တင်ထားပေးပြီးတော့မှ သစ်ကိုင်းထက်မှ ပြုတ်ကျလာကြတယ်။ အချို့ ငှက်ဇနီးမောင်နှံက တစ်ကောင်သေရင် ကျန်တစ်ကောင်ကပါ လိုက်ပြီး အသေခံတယ်။ လူတွေထက်တောင် သာမနေဘူးလား။

၁၉၈၇ ခုနှစ်က မုံဒွဲမြို့က ကျွဲနွားသတ်ဖို့ လိုင်စင်ရထားတဲ့ ကုလားတစ်ဦးက ကျိုက်ထိုက **ကျွဲနှစ်ကောင်** ကို ၆၀၀၀ ကျပ်နဲ့ ဝယ်ယူလာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီကျွဲနှစ်ကောင်ကို သူ့တူအား သတ်ခိုင်းတော့ ကျွဲ နှစ်ကောင်က ရှေ့ခြေနှစ်ချောင်းကို ခေါက်ကွေးပြီး ဦးခေါင်းကို အကြိမ်ကြိမ် ညွှတ်ပြတယ်။ မျက်ရည်တွေကလည်း ယိုစီးကျလို့။ မသတ်ဖို့ ကန်တော့တောင်းပန်နေတာပဲပေါ့။

တူဖြစ်သူက သနားပြီး မသတ်ရက်ဘူး။ သူ့ဦးကို ပြောပြတော့ ဦးက မယုံဘူး။ သူကိုယ်တိုင် သတ်ဖို့သွားတယ်။ ကျွဲနှစ်ကောင်က သူ့ကို ဒူးထောက်ပြီး ကန်တော့ကြပြန်တယ်။

အဲဒီအချိန်မှာ မုဒုံ ကန်တော်ကြီးဘေးရှိ အောင်အေးကျောင်းမှ ဆရာတော်က ဆွမ်းခံကြွရင်း သားသတ်ရုံနားသို့ ရောက်လာတယ်။ ကျွဲနှစ်ကောင်ရဲ့ ထူးခြားတဲ့ အမူအရာကို မြင်တော့ သတ္တဝါများကို ကယ်ချင်တဲ့ စေတနာနဲ့ ဆရာတော်က မေးစမ်းလိုက်တယ်။

"ဟေ့...ဒကာ၊ မင်းရဲ့ကျွဲနှစ်ကောင်ကို ငါ့ကို ရောင်းမလား။ ငါ ကျပ်တစ်သောင်းတစ်ထောင်ပေးမယ်"

အမြတ်ငွေ ငါးထောင်ကျပ် ချက်ချင်းရမယ်ဆိုတော့ ကုလားက ရောင်းဖို့ သဘောတူတယ်။ ဆရာတော်က သူ့ဒကာရင်းကို ခေါ်ပြီး စာချုပ်စာတမ်းနဲ့ ငွေတစ်သောင်းကို လက်ငင်းပေးချေစေတယ်။ ကျန်ကျပ်တစ်ထောင်ကို တစ်လအတွင်း ပေးချေဖို့ သဘောတူကြတယ်။

ဆရာတော်က ကျွဲနှစ်ကောင်ကို ကျောင်းဝင်းထဲ လွှတ်စေပြီး ဘေးမဲ့ပေးလိုက်တယ်။ "ကျွဲနှစ်ကောင်က လူကို ကန်တော့တယ်" ဆိုတဲ့သတင်း မြို့ထဲကို ပျံ့နှံ့သွားတော့ လူတွေ တစ်စီတစ်တန်းကြီး လာကြည့်ကြတယ်။ လာကြည့်တဲ့လူတွေကို ကျွဲနှစ်ကောင်က ကန်တော့ပြရဖန်များတော့ ရှေ့ဒူးနှစ်ဖက်ဟာ ဖူးဖူးရောင်ပြီး သွေးစတွေ စို့နေတယ်။ လူတွေက သနားပြီး ဖလားထဲကို သူငါးကျပ် ငါတစ်ဆယ်ကျပ် လှူဒါန်းသွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဖလားထဲမှာ ငွေများလာတာကို မြင်တော့ နွားသတ်ကုလားက သူ့ကျွဲတွေကို မရောင်းတော့ဘူးလို့ စကားဆိုလာတယ်။ ဆရာတော်က ကျန်ငွေတစ်ထောင်ကို ပေးချေလိုက်စေပြီး ကုလားအား "မင်းနဲ့ မဆိုင်တော့ဘူး"လို့ အမိန့်ရှိလိုက်တယ်။ ကျွန်တော်လည်း သတင်းကြားလို့ အဲဒီကျွဲနှစ်ကောင်ကို သွားကြည့်ခဲ့ပါတယ်။ ကျွဲက လူကို ကန်တော့နေတဲ့ ဓာတ်ပုံကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

**အလံတစ်ရာဆရာတော်** ဟာ သထုံမြို့နယ် ကျိုက်ကော်ရွာအနီးမှာ စေတီပုထိုး ကျောင်းကန်များကို တည်ဆောက်နေပါတယ်။ ဆရာတော်ရဲ့ လုပ်ငန်းမှာ ယောကျ်ား, မိန်းမ များစွာတို့က သက်သတ်လွတ်စားပြီး လုပ်အားပေးနေကြတယ်။ **ဆင်နှစ်ကောင်** ကလည်း လူများနည်းတူ လုပ်အားပေးနေကြတယ်။ အလုပ်စတဲ့အချိန်မှာ ရောက်လာကြပြီး အလုပ်ပြီးတဲ့အချိန်မှာ ပြန်သွားကြတယ်။ ဆင်နှစ်ကောင်က အလံတစ်ရာ ဆရာတော်ကိုလည်း ကန်တော့ကြတယ်။ ကန်တော့နေတဲ့ပုံကို ဓာတ်ပုံရိုက်ထားပါတယ်။

## ဝက်ဖြူကြီး မောင်သုခ

ပြည်မြို့ **ရတနာမာန်အောင်ဆရာတော်** ဟာ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နဲ့ ထူးထူးခြားခြား ပြည့်စုံသူတစ်ဦး ဖြစ်ပါတယ်။ ဆရာတော်ရဲ့ဇာတိရွာက ဆွမ်းဆန်စိမ်း အလှူခံဖို့ ပင့်ဖိတ်တော့ ဆရာတော် ကြွတယ်။

ဆရာတော် ဆွမ်းခံကြွတဲ့ နံနက်မှာပဲ ရွာအစွန်အဖျားက အိမ်ငယ် တစ်အိမ်မှာ မွေးထားတဲ့ ဝက်ဖြူကြီးတစ်ကောင်ကို ဝက်သတ်သမားတို့က ကျပ် ၇၀ နဲ့ ဝယ်ယူဖို့ စရန်ရိုက်သွားတယ်။ ဆရာတော် ဆွမ်းခံကြွလာတဲ့အခါ ဝက်ဖြူကြီးဟာ ဝက်ခြံမှ ခုန်ထွက်ပြီး ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော့်ဆီ ပြေးသွားတယ်။ လူတွေ မောင်းနှင်တာ မသွားဘူး။ ဆရာတော်ရဲ့ သင်္ကန်းစကို ကိုက်ပြီး နောက်ကနေ လိုက်သွားတယ်။ ဆရာတော်က ဝက်ကို အနှောင့်အယှက်မပြုကြဖို့ အမိန့်ရှိလိုက်တယ်။

ကျောင်းရောက်တော့ ဆရာတော်က ဝက်ဖြူကို အမိန့်ပေးတယ်။ "ကနေ့က စပြီး မင်းကို ဘေးမဲ့ပေးလိုက်ပြီ၊ မင်းကို မောင်သုခလို့ ငါ အမည်ပေးတယ်၊ တော်ကြာနေ ငါ တရားဟောမယ်၊ မင်း လာပြီး တရားနာပါ"

ဝက်ဖြူသုခက တရားပွဲ ရှေ့ဆုံးမှာ ထိုင်တယ်။ သူ့ရဲ့အသက်ကို ဝယ်ယူဖို့ လူတွေ ငွေစုပြီး ဝက်ရှင်ကို ပေးလိုက်တယ်။ ဝက်ဖြူက ကျောင်းထဲမှာ ချမ်းချမ်းသာသာ နေထိုင်တယ်။ ကျောင်းဝင်းထဲမှာ အညစ်အကြေး မစွန့်ဘူး။ သီလရှင်တွေက ဝက်ဖြူကို အစာကျွေးတော့ စကားနာထိုးတယ်...

"ဟော့...သုခ၊ မင်းက အစားချည်းပဲ၊ အစားကလဲ ကြီးလိုက်တာ၊ တို့ကိုလဲ ဘာမှ ကူဖော်မရဘူး"

မောင်သုခ စိတ်မကောင်းဖြစ်သွားတယ်။ အစား ဆက်မစားတော့ဘဲ တောစပ်ထဲ သွားပြီး ထင်းပေါက်စတွေကို ကောက်ချီလာပြီး မီးဖိုနားမှာ ချတယ်။ သူ အလုပ်လုပ်ပြတယ်လေ။ ထင်းပေါက်စတွေ တစ်ပုံကြီး ဖြစ်လာတော့ သီလရှင်တို့က သူ့ကို သနားပြီး ချော့မော့ကာ အစာကျွေးရတယ်။

မောင်သုခက အဝလွန်တဲ့ ရောဂါနဲ့ သေဆုံးသွားပါပြီ။ ပြည်မြို့ ရတနာမာန်အောင်ကျောင်းမှာ ယခု **ဝေသာလီဗျိုင်း** တစ်အုပ်ရောက်နေတယ်။ လည်ပင်းမှာ ရွှေဝါရောင် အရစ်ရှိကြတဲ့ ဒီဗျိုင်းအုပ် မလာခင် ရှေ့ဆောင်ဗျိုင်းတစ်ကောင်က ဆရာတော်ထံ အလျင်လာပြီး ပခုံးပေါ်မှာ နားတယ်။ ဗျိုင်းအုပ်ကို ကျောင်းဝင်းက သစ်ပင်မှာနေထိုင်

www.burmeseclassic.com

www.burmeseclassic.com


ခွင့်ပြုဖို့ ခွင့်လာတောင်းသလိုပါပဲ။ ဆရာတော်က "မင်းတို့...ငါ့ကျောင်း အရိပ်ခိုချင်ရင် လာကြ" လို့ မိန့်လိုက်တယ်။

နောက်နေ့ကျတော့ ဗျိုင်းအုပ် ရောက်လာတယ်။ ဆရာတော်က ဗျိုင်းတွေကြိုက်တတ်တဲ့ ငါးပုစွန် အသေကောင်ကလေးများကို ကျွေး ခိုင်းတာ ဒီဗျိုင်းတွေ မစားဘူး။ သက်သတ်လွတ် ထမင်းကိုပဲ စား ကြတယ်။ သူတော်ကောင်းဗျိုင်းတွေ ဖြစ်နေကြတာကိုး။

## အတုယူစရာ ခွေးလိမ္မာ

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ် သဲအင်းဂူကျောင်းက ခွေးကြီး တစ်ကောင်ဟာ တခြားခွေးတွေထက် ပိုကြီးပြီး ခွေးအားလုံးကို နိုင် တယ်။ အစာကျွေးတဲ့အခါမှာ အဲဒီခွေးကြီးက အလျင်မစားဘဲ အခြား ခွေးတွေ စားနေတာကို စောင့်ကြည့်နေတယ်။ ပိုကြီးတဲ့ ခွေးက ပိုငယ် တဲ့ ခွေးကို ကိုက်တယ်ဆိုရင် ခွေးကြီးက အဲဒီကိုက်တဲ့ခွေးကို မကိုက် ဖို့ ဆုံးမတယ်။ ခွေးတွေ အားလုံးစားပြီးကုန်မှ ခွေးကြီးက စားတယ်။ အစာမကျန်တဲ့အခါ သူ မစားတော့ဘူး။

ညဥ့်အခါ သစ်တစ်ပင်အောက်မှာ ဆရာတော် တရားထိုင်ရင် ခွေးကြီးက ဆရာတော့်အနီးမှာ ငြိမ်သက်စွာ စောင့်ရှောက်ပေးနေ တယ်။ တစ်နေ့မှာ မသမာသူ တစ်ဦးက ခွေးရဲ့ မျက်နှာကို ဓားနဲ့ခုတ် လို့ ခွေးကြီး သေသွားတယ်။ အဲဒီခွေး ခုတ်တဲ့လူဟာ ခွေးထက်မိုက် တဲ့လူလို့ မဆိုနိုင်ဘူးလား။

***

အနောက်နိုင်ငံတွေမှာ မျက်မမြင်များကို လမ်းပြပေးတဲ့ ခွေး၊ သတင်းစာလိုက်ပို့တဲ့ခွေး၊ သခင်ရဲ့ အသက်ကို ကာကွယ်စောင့်ရှောက် တဲ့ ခွေး စသည်ဖြင့် ခွေးလိမ္မာတွေ အများကြီး ရှိတယ်။ "မေ့ဗ္ဗာနဲ့

www.burmeseclassic.com

www.burmeseclassic.com



သစ္စာသရုပ်ဖော်”စာအုပ်မှာ ဖြစ်ရပ်မှန်ဇာတ်လမ်းတွေကို ကျွန်တော် ဘာသာပြန်ပြီး တင်ပြထားရာမှာ အိမ်မီးလောင်တာ မီးထဲဖြတ်ကူး ပြီး သခင်ကို အသက်ကယ်တဲ့ ခွေးအကြောင်းရယ်၊ ဝံပုလွေအရိုင်းကြီး က ကလေးမရဲ့ မေတ္တာကို တုံ့ပြန်ပြီး ကလေးမကိုရော သူ့ဇနီးနဲ့ ကလေးတို့ကိုရော ရင်နင့်စဖွယ် စောင့်ရှောက်တဲ့အကြောင်းတွေရယ် ပါရှိပါတယ်။

## ပုရွက်ဆိတ်ငယ်ငယ် စကားနားလည်

မုဒုံမြို့နယ် ကျောက်တစ်လုံးလို့ အမည်ရတဲ့ ကျောက်ဆောင်ကြီး ရဲ့ ဂူထဲမှာ သီတင်းသုံးနေတဲ့ **ရွှေလိုဏ်ဂူဆရာတော်**၊ သထုံမြို့က **သထုံ ဇေတဝန် မင်းကွန်းဆရာတော်** စတဲ့ ဆရာတော်တို့ဟာ ကြမ်းပြင်ပေါ် မှာ လူးလာတုံ့ခေါက် လျှောက်သွားနေကြတဲ့ ပုရွက်ဆိတ်တို့ကို “မင်း တို့တစ်တွေ ဘေးဖယ်နေကြဦး၊ ဧည့်သည်တွေ လာကြမယ်” လို့ ကြမ်း ကို လက်နဲ့ အသာအယာ တောက်ပြီး ပြောရင် ပုရွက်ဆိတ်တွေ ဘေး ဖယ်သွားကြတယ်။

အမေရိကန်ပြည် ပုရွက်ဆိတ်တွင်းအနီးရှိတဲ့ လယ်တဲတစ်ခုမှာ သုတေသီတို့ သကြား နှစ်အိတ် ချထားတယ်။ တစ်လအတွင်း ပုရွက် ဆိတ်တွေက သကြား အကုန်သယ်ယူပြီးတော့ မြေအောက်မှာ စနစ် တကျ သိုလှောင်ထားတာကို သုတေသီတို့ စုံစမ်းသိရှိကြရတယ်။

တိရစ္ဆာန်တွေမှာ ဉာဏ်ယှဉ်တဲ့ မဟာကုသိုလ်စိတ်တွေပါ ဖြစ် နိုင်တယ်လို့ အဘိဓမ္မာမှာ ဖော်ပြထားပါတယ်။ ဒါကြောင့် သူတို့စကား မပြောနိုင်ရုံနဲ့ သူတို့မှာ အသိဉာဏ်မရှိဘူးရယ်လို့ အထင်မသေးလိုက် ပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com


## တိရစ္ဆာန်တွေကို ညှဉ်းဆဲသတ်ဖြတ်ရင်

"ဆိုးယုတ်စရိုက်၊ သူမိုက်ကျင့်ရာ၊ ကံဆယ်ဖြာတွင်၊
ပါဏာတိပါတ်၊ သက်သတ်အမှု၊ ကိုယ်လိုပြုနှင့်၊ ပြုဟု
သူက၊ တိုက်တွန်းကြ၍၊ ပြုရသောသူ၊ လိုတူသော အား၊
ဖြစ်နိုင်ငြားလျက်၊ မတားမြစ်သူ၊ သုံးယောက်လူတွင်၊ သတ်
သူ နိရယ၊ ငရဲကျ၏။ သူက ခေါ်ရာ၊ ပါသူမှာမူ၊ တိရစ္ဆာန်၊
ဖြစ်ကမမှား၊ လိုတူအားဖြင့်၊ မတားမြစ်သူ၊ ထိုလူမှာတုံ၊
ပြိတ္တာဘုံဟု၊ အာရုံဖွင့်လှစ်၊ ထူးအပြစ်ကို၊ စင်စစ်မှန်စွာ၊
ကျမ်းရိုးလာ၏" (မဃဒေဝ-၁၉၇)

ကိုယ်တိုင်သတ်သူ၊ စေခိုင်းသူ၊ နောက်လိုက်သူ (ဝါ) အလိုတူသူ တို့အားလုံးဟာ ပါဏာတိပါတကံ ထိုက်ကြတယ်။ ကိုယ်တိုင်သတ်သူက ငရဲကျတယ်။ စေခိုင်းသူကလည်း မကောင်းကျိုးထပ်တူရတယ်။ နောက်လိုက်သူက တိရစ္ဆာန်ဖြစ်တယ်။ အလိုတူသူက ပြိတ္တာဖြစ်တယ်။ ကိုယ် တားမြစ်နိုင်လျက် မတားမြစ်သူက အလိုတူသူ စာရင်းထဲ ပါဝင်တယ်။

တိရစ္ဆာန်တွေကို ညှဉ်းပန်းနှိပ်စက်လို့ ဒီဘဝတွင်ပဲ ဝိပါက် ဝဋ် ကြွေး ခံရတဲ့ သာဓကအချို့ကို တင်ပြပါ့မယ်။

**"မိုက်ကျော်"** ... နာမည်နဲ့ လိုက်အောင် မိုက်တဲ့ ၁၃ နှစ်အရွယ် ကျောင်းသား၊ မကွေးမြို့အရှေ့ဘက် ယာကွင်းထဲမှာ စာကလေးကို လေးခွနဲ့ ပစ်တယ်။ ချက်ကောင်း မမှန်၊ စာကလေး မူးသွားလို့ သူ ဖမ်းမိတယ်။ စာကလေးရဲ့ မျက်စိနှစ်လုံးကို တွယ်ချိတ်နဲ့ ဖောက်တယ်။ ပြီးတော့ လွှတ်တယ်။

စာကလေးက နာကျင်ထိတ်လန့်မှုနဲ့ တစ်ဟုန်ထိုး ပျံတယ်။ မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



က မမြင်ရတော့ ဟိုသစ်ပင် တိုးမိ၊ ဒီသစ်ပင်တိုက်မိနဲ့ ဒဏ်ရာတွေ အနာတွေ ထပ်တိုးရရှာတယ်။ ဒါကို သဘောကျလွန်းလို့ "ဟား... ဟား...ဟား" လို့ မိုက်ကျော်က ရယ်မောတယ်။

မိုက်ကျော် ပညာကို ဆုံးခန်းတိုင် မသင်ရပါ။ အရွယ်ရောက်လာတော့ ပွေတယ်၊ ရှုပ်တယ်၊ ကျောင်းသူကလေး "မိစံ" ကို ကားတင်ပြေးတယ်။ ဒါနဲ့ မိစံနဲ့ ညားခဲ့တယ်။

မိုက်ကျော် အသက် ၂၄ နှစ် ရှိပြီ။ မိဘလက်ငုတ်ဖြစ်တဲ့ ပန်းထိမ်အလုပ်ကို ဦးစီးလုပ်တယ်။ တပည့်သား ၆ ယောက်နဲ့ သူက အလုပ်လက်ခံ၊ ပြေစာဖွင့်၊ ငွေသိမ်းရုံမျှသာ။ ငွေကြေးချမ်းသာလို့ အထည်အမျိုးမျိုးကို ဝယ်လိုက် ရောင်းလိုက် လုပ်နိုင်လို့ သူ့ဆိုင် အမြဲလူစည်ကားတယ်။

မိုက်ကျော်က အစီခံ ဒူးယားစီးကရက်ကို လက်က မချ၊ အရက်ကလေး တမြမြ၊ ညနေတိုင်း မော်တော်ကားကလေး တဝီဝီနဲ့ အလွန်စတိုင်ကျနေတယ်။

တစ်နေ့တော့ ရွှေထည်တစ်ခုကို ရွှေစစ် မစစ် စမ်းသပ်ဖို့ မှတ်ကျောက်တင်ပြီး ငရဲမီးစားမယ်လုပ်တုန်း ငရဲမီးပုလင်းကို စားပွဲပေါ်မှာ တင်ထားတယ်။ ကြောင်က ဖြုန်းခနဲ ခုန်ချလိုက်တော့ ငရဲမီးခွက်ရော ပုလင်းရော ဖိတ်စဉ်ကွဲကျကုန်တယ်။ မိုက်ကျော်ရဲ့ မျက်နှာနဲ့ လက်မောင်းတို့ကို ငရဲမီးလောင်သွားတယ်။

မိုက်ကျော်ကို ဆေးရုံတင်တယ်။ ဆရာဝန်က အရေးပေါ် ကုသပေးတယ်။ ဒါပေမဲ့ မျက်စိနှစ်ဘက် ကွယ်သွားရှာတယ်။ မိုက်ကျော်အဖေက သားကို ရန်ကုန်ဆေးရုံကြီးသို့ ခေါ်လာပြီး ဆက်ကုတယ်။ ငွေသာ သောက်သောက်လဲ ကုန်တယ်။ မျက်စိနှစ်ကွင်း အလင်းပြန်မရတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ မိုက်ကျော် ဆေးကုသခံနေတုန်း မိစံ ကလေး ဖွားတယ်။ သားဦးလေး 'ပြည့်ကျော်' လို့ နာမည်ပေးကြတယ်။

မိုက်ကျော် မကွေးပြန်ရောက်တော့ သားကလေးကို ဟိုစမ်း ဒီစမ်း၊ ရင်သွေးကို မြင်ချင်လွန်းလှတယ်။ သားကလေးကို သူ မမြင်ရတော့မှ သူ့ဘဝကို သူ အသည်းနာမိတယ်။

အပြစ်မဲ့တဲ့ စာကလေးရဲ့ မျက်လုံးနှစ်ဖက်ကို သူ သွေးအေးအေးနဲ့ ရက်ရက်စက်စက် ထိုးဖောက်ခဲ့တာကို သူ မေ့နေရော့သလား။ "ကာလဝိပါက် နောက်ပိုးတက်" ဆိုတာကိုကော သူ မသိလေရော့သလား။

(မကွေးဝင်းမြင့်ရဲ့ "အသက်ကလေးရယ်တဲ့ ရှည်စေလို" ဆောင်းပါးကို အကျဉ်းဖော်ပြပါတယ်။)

* * *

ဝါးခယ်မမြို့မှ ၁၂ နှစ်အရွယ် **ကျောင်းသား** တစ်ယောက် သစ္စာခွက်တစ်လုံးမှာ ထမင်းလုံးတွေကို ဒီတီတီဆေးမှုန့်နဲ့ နယ်ပြီး ကျီးကန်းစာ ကျွေးတယ်။ ကျီးကန်းတွေက ကောက်စားပြီး တဖျပ်ဖျပ် လူးလွန့်နေကြတယ်။

ကျောင်းသားက သဘောကျပြီး သူ့လက်ဝဲလက်မှာ ကိုင်ထားတဲ့ ဘိန်းမုန့်ကို တစ်လုတ် ကိုက်စားလိုက်တယ်။ လူကြီးတစ်ယောက်က သူ့အနီး ချဉ်းကပ်လာပြီး–

"သားငယ်... ကျီးကန်းတွေကို သနားပါတယ်ကွယ်၊ မင်းရဲ့ ထမင်းလုံးတွေ ထပ်မကြဲပါနဲ့တော့နော်" လို့ ဖျောင်းဖျတယ်။

ကျောင်းသားက လက်သီးကျစ်ကျစ်ဆုပ်ပြီး "ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ" လို့ ရန်မူတယ်။

လူကြီးက "ဦးက သားကို ကောင်းစေချင်လို့ ပြောတာ၊ ကျီးကန်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို သေအောင်လုပ်တာ အပြစ်ရှိတယ်၊ ငရဲကျနိုင်တယ်၊ ကဲ... မင်းသဘောပဲ”လို့ ပြောဆိုပြီး ထွက်ခွာသွားတယ်။

ကျောင်းသားက အနိုင်ရလိုက်တဲ့ဟန် ကျေနပ်သွားပြီး လူကြီးကို လှည့်ကြည့်ရင်းနဲ့ ဘယ်ဘက်လက်က ဘိန်းမုန့်ကို ဒီတီတီဆေးမှုန့် ပေကပ်နေတဲ့ ညာဘက်လက်နဲ့ ပြောင်းကိုင်ပြီး အားရပါးရ ကိုက်စားတယ်။ မကြာမီ သူလည်း ကျိုးကန်းတွေနည်းတူ မြေပေါ်မှာ တဖျပ်ဖျပ် လူးရပေတော့တယ်။

(ဖျာပုံမြို့တရားပွဲမှာ မိတ်ဆွေတစ်ဦး ပြောပြတဲ့အတိုင်း တင်ပြပါတယ်။)

**အညာကျေးလက်** က ခြံစိုက်တဲ့ လူတစ်ယောက်၊ ဘေးဘက်ခြံက ဝက်တွေဟာ သူ့ခြံထဲဝင်လာပြီး သူ့ခြံကို နှုတ်သီးနဲ့ မကြာခဏ ထိုးဆွတယ်၊ ဒီဝက်တွေကို မှတ်မှတ်ရရဖြစ်အောင် ရေနွေးဆူဆူနဲ့ ပက်လောင်းမယ် အကြံနဲ့ ရေနွေးအိုးကို သယ်မ,ပြီး သွားတာ ခလုတ်တိုက်လဲကျလို့ ရေနွေးပူပူတွေဟာ သူ့ကိုယ်ပေါ်ကို လောင်းချပြီးသား ဖြစ်သွားတယ်။

ဒီလိုအကြောင်းဆောင်းပါးတွေကို မြတ်မင်္ဂလာမဂ္ဂဇင်းမှာမကြာခဏ ဖတ်ရပါတယ်။

## အိုနာကျိုးကန်း ဝဋ်ကြွေးဆန်း

ရွှေဘိုခရိုင် ဒီပဲယင်းတောင်လက်နယ်မှာ ရွာသစ်အမည်ရှိတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။ ရွာမြောက်ဘက်မှာ သိမ်ကျောင်းရှိပြီး ကျောင်းထိုင်ဆရာတော်က **ဦးတေဇဝန္တ** ဖြစ်ပါတယ်။

ဦးတေဇဝန္တဟာ ပထမအရွယ် လူငယ်ဘဝတစ်လျှောက်လုံးမှာ အလွန် မိုက်မဲတေပေခဲ့တယ်။ ထိုစဉ်က ဘုန်းကြီးကျောင်းတစ်မျိုးပဲ ရှိတဲ့အတွက် မိဘတို့က ဘုန်းကြီးကျောင်းမှာ အပ်နှံပေးတယ်။ ခေတ္တ

www.burmeseclassic.com

www.burmeseclassic.com



သာနေပြီး ထွက်ပြေးတယ်။ တောထဲမှာ တစ်ယောက်တည်းနေတယ်။ မိဘအိမ်မှ ဆန်၊ ဆီ၊ ဆား စသည်တို့ကို ခိုးယူပြီး တောမှာချက်စားတယ်။ ထန်းပင်ဖျားတက်ပြီး ထန်းရေချို ခိုးသောက်တယ်။ အိပ်ချိန် စားချိန်မှ လွဲရင် ကျန်တစ်ချိန်လုံး ယုန်လိုက်၊ ဖွတ်ရှာ၊ ပဒတ်တွင်းတူး၊ ငှက်ပစ်ပြီး တောမုဆိုး လုပ်နေတယ်။

သူ ဖမ်းဆီးရသမျှ တိရစ္ဆာန်များကို ရက်ရက်စက်စက် သတ်ဖြတ်စားတယ်။ တစ်နေ့စာမှ ကြွင်းသမျှကို ထွက်မပြေးနိုင်အောင် ခြေချိုး၊ အတောင်ချိုး၊ မျက်လုံးထိုးဖောက်၊ အချို့ကို အမြီးချင်း ချည်ထားတယ်။ သနားကြင်နာစိတ် လုံးဝမရှိဘူး။ ကိုယ်ချင်းစာတရား ကင်းမဲ့ပြီး ရက်စက်လွန်းလှတယ်။

မိဘဆွေမျိုးများက တောထဲ လိုက်ရှာတိုင်း သူ အတွေ့မခံ၊ တွေ့ပြန်ရင်လည်း အနားကပ်မခံ၊ ကြမ်းကြုတ်တဲ့ အမူအရာပြပြီး ရှောင်ပြေးတယ်။ အကြိမ်ကြိမ် ကြိုးစားပြီ၊ မရတဲ့အဆုံးမှာ မိဘများ လက်လျှော့လိုက်ကြတယ်။ ဘုရားရှင် လက်ထက်တော်က အင်္ဂုလိမာလလို ဘယ်သူမှ မတားမြစ်နိုင်တဲ့ တောတွင်းမုဆိုး လူကြမ်းကြီး ဖြစ်လာမှာကိုလည်း စိုးရိမ်နေကြတယ်။

ဒါပေမဲ့ ကျွတ်ချိန်တန်တော့ အလွယ်ပင် သံဝေဂ ရပြီး အသက် ၂၀ မှာ ရဟန်းဖြစ်ခဲ့တယ်။ "မွန်းလွဲမှ လှန်းတဲ့စပါး နာနာမွေ့" ဆိုသလို စစ်ကိုင်းမှာ စာကြိုးစားသင်တယ်၊ သူ့ရဲ့ ကြိုးပမ်းမှုကြောင့် သူဟာ သာမန်ပုဂ္ဂိုလ်မဟုတ်တော့ဘဲ ဝိနည်းအရာမှာ သိပ်သည်းကျစ်လျစ်တဲ့ ကျန်းဂန်တတ် ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကြီးတစ်ပါး ဖြစ်လာကာ ကျော်ကြားလာတယ်။ ရွာသစ်သိမ်ကျောင်းမှာ ကျောင်းထိုင်ရတယ်။

ဦးတေဇဝန္တ ဟာ ဒုတိယအရွယ် တစ်လျှောက်လုံး ကျန်းမာပြီး ကိုယ်လက်ချမ်းမြေ့စွာ သီတင်းသုံး နေထိုင်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တတိယအရွယ်သို့ ကူးတော့မယ့်အချိန်မှာ သူ့ရဲ့ကျန်းမာရေးဟာ တစ်စွန်းတစ်စ ချွတ်ယွင်းလာတယ်။ ခါးနာတယ်၊ ဒူးနာတယ်၊ မျက်စိနာတယ်၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲမှု များလာတယ်။ မကြာခဏ ဖျားတယ်။

ဆေးဆရာများက ကုသပေးကြတယ်။ ကောင်းနိုးရာရာ ဆေးမျိုးစုံကို ဆရာတော်ကိုယ်တိုင် ဖော်စပ်ပြီး စားတယ်။ ခဏတာသက်သာပြီး နာမြဲ ပြန်နာတယ်။

အသက် ၅၀ ကျော်လာပြီး တတိယအရွယ်တွင်းသို့ သက်ဆင်းလာတဲ့အခါ ရောဂါတွေ ပိုထူပြောလာကြတယ်။ ဒူးကိုက်နာဟာ ဒူးကျိုးနာလို ဆိုးဝါးလာပြီး မသွားလာနိုင်တော့ဘူး။ မျက်စိနာကလည်း ပိုပိုဆိုးလာပြီး မျက်စိ လုံးဝကွယ်သွားတယ်။ အခြားကိုယ်လက်အင်္ဂါအစိတ်အပိုင်းတို့ကလည်း ဟိုကနာ၊ ဒီကနာနဲ့ ခန္ဓာကိုယ်တစ်ခုလုံး ဘယ်နေရာမှ ကောင်းလှတယ် မရှိတော့ဘူး။

အသက်က တစ်နှစ်ပြီးတစ်နှစ် ကြီးလာတော့ အိုလာတယ်။ ဘယ်မှ မသွားနိုင်၊ ဘာကိုမှလည်း မမြင်ရ၊ တစ်နေ့လုံး တစ်ညဥ့်လုံး အိပ်ပြီးတော့သာ နေရရှာတယ်။ ဝတ်ကြီးဝတ်ငယ် ပြုစုကျွေးမွေးကြတဲ့ တပည့်များက ကျေကျေပွန်ပွန် ပြုစုကြရှာတယ်။ တစ်လလည်း မဟုတ်၊ တစ်နှစ်လည်း မဟုတ်၊ အသက်ရှည်သမျှပတ်လုံး နေ့စဥ်ပြုစုနေရတော့ မသက်သာကြပါ။ ဆရာတော်က ဒုက္ခတလုံးလုံး ဖြစ်နေတဲ့ သူ့ဘဝကို နောင်တရစွာဖြင့် ဒီလိုညည်းတွားပြောဆိုလေ့ရှိတယ်။

"အိုနာကျိုးကန်းဆိုတာ ငါမှာအစစ်ပဲ။ အိုလဲ အိုခဲ့ပြီ၊ နာလဲ နာနေပြီ၊ ကျိုးလဲ ကျိုးနေပြီ၊ ကန်းလဲ ကန်းခဲ့ပြီ။ ငယ်စဥ်ဘဝက ငါ ဝဋ်ခံရလိမ့်မယ်လို့ လုံးဝ မတွေးဆမိဘဲ ကိုယ်ချင်းစာရာတရား မရှိ၊ မိုက်မဲရက်စက်စွာ ငါ ပြုမှားမိခဲ့တဲ့ အကုသိုလ်ကံတို့ဟာ ဘဝမခြား ငါ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဒုက္ခပြန်ခဲ့လေပြီ။ ငါ့ကိုသာကြည့်ပြီး သတိသံဝေဂ ယူကြပေတော့။ နောင်ဘဝတော့ဖြင့် ဘယ်လိုနေရမယ် မသိသေး…”

ကံတရားနဲ့ သစ်ပင်တို့ရဲ့သဘာဝဟာ အထူး စိတ်ဝင်စားဖွယ် ကောင်းပေတယ်။ လူတစ်ဦးအဖို့ ပထမအရွယ်မှာ ပြုထားမိတဲ့ကံဟာ ဒုတိယအရွယ်မှာ အကျိုးပေးလာတတ်ပေရာ မိုးဦးက စိုက်ထားတဲ့ အပင်က မိုးလယ်မှာ သီးပွင့်လာတာနဲ့ တူတယ်။

ဒုတိယအရွယ်မှာ ပြုတဲ့ကံတွေက ဒုတိယအရွယ်မှာဖြစ်စေ၊ တတိယအရွယ်မှာဖြစ်စေ အကျိုးပေးလိမ့်မယ်။ မိုးလယ်မှာ စိုက်ပျိုးတဲ့အပင်တို့က မိုးနှောင်းမှာ သို့မဟုတ် ဆောင်းရာသီမှာ ပွင့်လာတာနဲ့ တူတယ်။

တတိယအရွယ်မှာ ပြုလုပ်တဲ့ကံတွေက ထိုတတိယအရွယ်မှာ ဖြစ်စေ၊ နောင်ဘဝမှာဖြစ်စေ အကျိုးပေးလိမ့်မယ်။ မိုးနှောင်းမှာစိုက်ပျိုးတဲ့ အပင်တွေက ထိုနှစ်ဆောင်းရာသီမှာဖြစ်စေ၊ သို့မဟုတ် နောင်နှစ်မှာဖြစ်စေ၊ သီးပွင့်လာတာနဲ့ တူတယ်။ စိုက်ပျိုးလိုက်တဲ့အပင်တွေက သူ့အမျိုးနဲ့ စပ်ဆိုင်တဲ့အသီးများကို သီးသလို ပြုစုလိုက်တဲ့ ကံတွေကလည်း သူ့သဘာဝနဲ့ လိုက်ဖက်ညီတဲ့ အကျိုးတွေကို ပေးမယ်ဆိုတာ ဧကန်မလွဲပါဘူး။

(တောင်တန်းဆရာတော် ဦးဥတ္တမသာရရဲ့ “ကံတရား၏အကျိုးပေးချိန်” ဆောင်းပါးကို အကျဉ်းချုံးပြီး တင်ပြထားပါတယ်။)

## ငရဲသို့လား အိုယောက်ျား

မြတ်စွာဘုရား လက်ထက်တော်မှာ **စုန္ဒ** အမည်ရှိတဲ့ ဝက်သတ်သမားဟာ တောရွာများသို့ လှည်းနဲ့လှည့်လည်တယ်။ စပါးတစ်ကွမ်းစား နှစ်ကွမ်းစားနဲ့ ဝက်ကလေးများကို လဲလှယ်ယူတယ်။ ဝက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



များကို လှည်းအပြည့်တင်လာပြီးတော့ သူ့အိမ်ခြံမှာလွှတ်ထားတယ်။ ဝက်ကလေးတွေက ချုံနွယ်ပိတ်ပေါင်းများ၊ မစင်များကို ရှာဖွေ စားသောက်ပြီး ကြီးထွားလာကြတယ်။

စုန္ဒဟာ နေ့စဉ်ဝက်တစ်ကောင်ကို သုသာန်သို့ ဆွဲထုတ်သွားပြီး ခြေလေးချောင်းကို မလှုပ်နိုင်အောင် ငုတ်များမှာကြိုးနဲ့တုပ်နှောင်တယ်။ ဝက်အသား ဖူးရောင်လာပြီး အသားတိုးအောင်လို့ ဝက်တစ်ကိုယ်လုံးကို ၃ လက်မ x ၂ လက်မအရွယ်ရှိတဲ့ လေးထောင့်သစ်သားချောင်းနဲ့ ရိုက်တယ်။

ပြီးတော့ ဝက်ပါးစပ်ကိုဖြဲပြီး ပါးစပ်ပြန်မပိတ်နိုင်အောင် အာခေါင်ကို တုတ်ထောက်ထားတယ်။ ကျိုက်ကျိုက်ဆူနေတဲ့ရေကို ကြေးခရားကြီးနဲ့ ထည့်ပြီး ဝက်ပါးစပ်ထဲ လောင်းချလိုက်တယ်။ ဘယ်လောက်ပူလောင်နာကျင်လိုက်မလဲလို့။ ရေနွေးပူပူက ဝက်ဝမ်းထဲမှ အညစ်အကြေးတွေကို အောက်ဒွါရမှထွက်လာအောင် ဆေးထုတ်ပေးတယ်။ အညစ်အကြေးစင်ပြီး ရေကြည်ထွက်လာတဲ့အထိ ရေနွေးဆူဆူကို ထပ်ကာထပ်ကာ လောင်းထည့်တယ်။

ပြီးရင် ရေနွေးဆူဆူကို ဝက်ကျောက်ကုန်းပေါ် လောင်းချပြီး မည်းညစ်တဲ့အမွေးတွေကိုဓားထက်ထက်နဲ့ ခြစ်ပစ်တယ်။ မြက်ခြောက်မီးနဲ့ မြှိုက်တယ်။ ပြီးတော့ ဝက်ဦးခေါင်းကို ဓားနဲ့ ပိုင်းဖြတ်တယ်။ ထွက်ကျလာတဲ့သွေးကို ခွက်တစ်ခုနဲ့ ခံယူထားပြီး ကောင်းပေ့ ဝက်အသားကို အဲဒီသွေးနဲ့ နယ်တယ်။ ပြီးတော့ ကျကျနန ချက်တယ်။ ဇနီး သားသမီးများနဲ့ ပျော်ပျော်ပါးပါး စားသောက်ကြတယ်။

ကြွင်းတဲ့ဝက်သားတို့ကို ရောင်းချပြီး အသက်မွေးလာတာ ၅၅ နှစ်ရှိသွားပြီ။ အရသာကိုတပ်မက်တဲ့ ရသတဏှာနဲ့ ငွေရလိုတဲ့ ဝိသမလောဘကြောင့် ဒါလောက် ရက်ရက်စက်စက်ပြုရဲတာက တရား

www.burmeseclassic.com

www.burmeseclassic.com



သဘောကို မသိနားမလည်လို့ပါပဲ။ မြတ်စွာဘုရား သီတင်းသုံးနေတဲ့ ဝေဠုဝန်ကျောင်းတော်သို့ တစ်ခါတစ်ခေါက်မျှ သူမရောက်ဘူး။ ဆွမ်းတစ်ဇွန်း၊ ပန်းတစ်ဆုပ်သော်မျှလည်း အလှူဒါန မပြုဖူးဘူး။

အဲ ၅၅ နှစ်တိုင်တိုင် ရက်စက်ကြမ်းကြုတ်စွာ ဝက်သတ်ပြီးတဲ့အခါ စုန္ဒမှာ ရောဂါတစ်ခု စွဲကပ်လာတယ်။ ဆေးကုလို့လည်း မသက်သာဘူး။ အဝီစိမှ ငရဲမီး ထိုးတက်လာပြီး စုန္ဒရဲ့အူများကို ပူလောင်စေလို့ မနေနိုင်အောင် အလွန်ပူပြင်းလာတယ်။ စုန္ဒဟာ ဝက်လိုပြင်းထန်စွာ အော်မြည်တမ်းပြီး လေးဘက်ထောက်ကာ အိမ်အရှေ့ဘက် နံရံမှ အနောက်ဘက် နံရံသို့၊ အနောက်ဘက်နံရံမှ အရှေ့ဘက် နံရံသို့ အော်ကာ ဟစ်ကာ ပြေးလွှားနေရတယ်။

"ကမ္မဝိပါကာ နာမ န သက္ကာ ကေနစိ ပဋိဗာဟိတုံ"

"မိမိ ပြုလုပ်ထားတဲ့ ကံအကျိုးပေးလာရင် မည်သူတစ်ဦး တစ်ယောက်မျှ တားဆီးနိုင်ခြင်းမရှိဘူး"

အိမ်သားတွေက စုန္ဒကို မြဲစွာချုပ်ကိုင်ပြီး ပါးစပ်ကို ပိတ်ထားကြတယ်။ မရဘူး၊ မိမိပြုထားတဲ့ အကုသိုလ်ကံကြောင့် ကြောက်မက်ဖွယ်ရာ ငရဲနိမိတ် ထင်လာတဲ့အတွက် အပြင်းအထန် လူးလဲအော်ဟစ်တယ်။ ပတ်ဝန်းကျင် ခုနစ်အိမ်က လူတွေ ကောင်းကောင်းမအိပ်ကြရဘူး။ အိမ်သားတွေကလည်း စုန္ဒကို ဖမ်းဆီးရတာ ပင်ပန်းကြတဲ့အတွက် အိမ်တံခါးကို ပိတ်ပြီး အပြင်က စောင့်နေကြတယ်။

စုန္ဒက ပူလောင်ဆင်းရဲလှလို့ ပြေးလွှားအော်ဟစ်ရင်း ခုနစ်ရက်လွန်မြောက်တဲ့အခါ သေဆုံးပြီး အဝီစိငရဲမှာ သွားဖြစ်တယ်

**(ဓမ္မပဒ–အဋ္ဌကထာ–၈၁)**

ကျွန်တော် ငယ်စဉ်အခါက ကျွန်တော်တို့ရွာမှာ ဝက်သတ်ပြီး ဝက်သားရောင်းစားတဲ့ အကွီဆိုတာ ရှိတယ်။ အကွီအသက်အရွယ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးလာတဲ့အခါ ဖျားနာပြီး ဝက်လိုအော်နေတယ်။ စုန္ဒလိုပါပဲ။ စုန္ဒ လောက် မရက်စက်တော့ အဝီစိငရဲမီးလျှံ တက်လာတဲ့အထိတော့မဖြစ် ဘူး။ ဒါပေမဲ့ သူ့မရဏာသန္နိမိတ်ဟာ ငရဲနိမိတ်ဖြစ်တာ သေချာ တယ်။ မကြာမီ သူ သေပါတယ်။ သူလည်း ငရဲရောက်မှာ သေချာပါ တယ်။

## ရသတဏှာ ငရဲပို့မှာ

မြတ်စွာဘုရားလက်ထက်တော်မှာပဲ သာဝတ္ထိပြည်သား **နွားသတ် သမား** ဟာ နေ့စဉ် နွားသတ်တယ်။ အကောင်းဆုံးအသားကို ကောင်း ကောင်း ချက်ပြီး ဇနီး သားသမီးတို့နဲ့အတူ ပျော်ပျော်ပါးပါး စားသောက် ကြတယ်။ ကြွင်းတဲ့အသားကို ရောင်းချပြီး အသက်မွေးလာတာ သူ လည်း ၅၅ နှစ်ရှိလာပြီ။

မြတ်စွာဘုရားနဲ့ သံဃာတော်ကို တစ်ကြိမ်တစ်ခါမျှ မဖူးမြော်ဖူး ဘူး။ ယာဂုတစ်ဇွန်း၊ ဆွမ်းတစ်ဇွန်းကိုမျှလည်း မလောင်းလှူဖူးဘူး။

တစ်နေ့မှာ နွားသတ်သမားက နွားတစ်ကောင်ကို သတ်ပြီး အ ကောင်းဆုံး အသားကို မယားအား ချက်ခိုင်းထားတယ်။ ကျန် အမဲ သားတွေကို ရောင်းချပြီးတော့ မြစ်ဆိပ်မှာ ရေသွားချိုးတယ်။ အဲဒီ အချိန်မှာ နွားသတ်သမားရဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် အိမ် ရောက်လာပြီး ဧည့်သည်ကို ချက်ကျွေးဖို့အတွက် အမဲသား တောင်း ဝယ်တယ်။ ရောင်းဖို့အသား မကျန်ရှိတော့ အိမ်မှာ ချက်စားဖို့ ချန် ထားတဲ့ အသားကို အတင်းဆွဲယူသွားတယ်။

နွားသတ်သမားက ရေချိုးဆိပ်မှ ပြန်လာပြီး ထမင်းစားပွဲကို ကြည့်တယ်။ သူ အာရုံပြုတာ အမဲသားဟင်း၊ အမဲသားဟင်းက မပါ ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မလဲ အမဲသားဟင်း"

"ရှင့်ရဲ့မိတ်ဆွေက ဧည့်သည်ကျွေးဖို့ဆိုပြီး ချန်ထားတဲ့ အမဲသားကို အတင်းဆွဲယူသွားပါတယ်" အိမ်ရှင်မက ဖြေတယ်။

"အမဲသားဟင်း မပါဘဲ ငါထမင်းမစားဘူးဆိုတာ မင်းသိလျက်သားနဲ့ ဘာကြောင့်ပေးလိုက်ရသလဲ"

အင်း...အမဲသားကို ကြိုက်နှစ်သက်တဲ့ ရသတဏှာ၊ အမဲဟင်း မပါရင် ထမင်းမစားနိုင်ဘူးတဲ့။ တစ်နပ်တလေတောင် မစားနိုင်ဘူး။ ရသတဏှာရဲ့ ချုပ်ချယ်တာကို ခံယူထားတော့ တဏှာစေရာ လိုက်ပါရပေဦးမယ်။ ဇနီးကို ပက်ပက်စက်စက် ဆဲရေးကြိမ်းမောင်းပြီးတော့ ဓားတစ်ချောင်းကို ကိုင်ကာ နွားခြံသို့ ဆင်းသွားတယ်။

နွားတစ်ကောင်ကို ပါးစပ်အတင်းဖြဲပြီး လျှာကို ဆွဲထုတ်တယ်။ နွားလျှာကို အရင်းမှ ဓားနဲ့လှီးဖြတ်ပြီး မီးကျီးခဲမှာ ကင်တယ်။ ကျက်တဲ့အခါ ထမင်းပန်းကန်ပေါ် တင်ပြီး နွားလျှာကို တစ်ကိုက် ကိုက်၊ ထမင်းကို တစ်လုတ်စား၊ အရသာတွေ့ပြီး ကျေနပ်နေတယ်။ ဒါပေမဲ့ မကြာပါ။ အကုသိုလ်ကံက အလွန်ကြီးလေးလာပြီဖြစ်လို့ အကျိုးပေးတော့တယ်။ ဝန်ချိန်လေးလံလွန်းတဲ့ လှေက မဟာန်နိုင်တော့ဘဲ နစ်မြုပ်ရသလိုပါပဲ။

နွားလျှာကင်ကို နောက်တစ်လုတ်ကိုက်ဖို့ ပါးစပ်ဟလိုက်တဲ့ ခဏမှာ နွားသတ်သမားရဲ့လျှာဟာ အရင်းမှ ပြုတ်ကျပြီး ခံတွင်းမှ သွေးတွေ သွန်ဆင်းလာတယ်။ နာကျင်လွန်းလို့ အတွင်းခန်းသို့ လေးဘက် ထောက်ဝင်ကာ ဟိုပြေးဒီပြေး ပြေးသွားလျက် အသံကျယ်လောင်စွာ အော်ဟစ်တယ်။ သူ့အသံက နွားအော်သံလို ထွက်ပေါ်လာတယ်။

လျှာအဖြတ်ခံရတဲ့ နွားခများလည်း သွေးတွေ ယိုစီးကာ နာကျင်ရှာလွန်းလို့ ရန်းကန်ရင်း ငယ်သံပါအောင် စိတ်မချမ်းမြေ့စဖွယ် အော်

www.burmeseclassic.com

www.burmeseclassic.com



နေရှာပါတယ်။ အော်နေရင်းနဲ့ အင်အားဆုတ်ယုတ်ပြီး သေရှာတယ်။ နွားသတ်သမားလည်း အော်ရင်းပြေးရင်းနဲ့ သေပြီး အဝီစိငရဲသို့ ကျရောက်သွားတယ်။ အဝီစိမှာ နွားတွေနာကျင်ရတာထက် အဆပေါင်းများစွာ နာကျင်ရပြီး နွားလိုအော်ကာ ချမ်းသာလုံးလုံး မရှိတော့ဘဲ နှစ်ပရိစ္ဆေဒ ကြာရှည်စွာ အသည်းဆဲ ခံရပေတော့တယ်။

ဘုရားရှင်လက်ထက်တော်အခါမှာပဲ ဒီလိုဖြစ်တယ်လို့ မထင်ပါနဲ့။ ကျွန်တော်မြင်းခြံမှာ တရားဟောတဲ့အခါ ဒီလိုအဖြစ်မျိုး ကြားသိရပါတယ်။ မြင်းခြံမြို့နယ်က ရွာတစ်ရွာမှာ လူရွယ်တစ်ယောက်ဟာ နွားသတ်တဲ့အလုပ်နဲ့ အသက်မွေးတယ်။ နောက်တော့ သံဝေဂ ရပြီး ကုန်ရောင်းကုန်ဝယ်တဲ့အလုပ်ကို ပြောင်းလုပ်တယ်။ ဒါပေမဲ့ အကုသိုလ်ကံ အကျိုးက ပျောက်မသွားဘူး။ အဲဒီလူရွယ် ဖျားနာတဲ့အခါ ငရဲနိမိတ်ထင်လာပြီး နွားလိုအော်တယ်တဲ့။ သုံးလေးရက် နွားလို အော်နေပြီးတော့ သေဆုံးသွားတယ်လို့ မျက်မြင်မိတ်ဆွေတစ်ဦးက ပြောပြပါတယ်။

***

နောက်မိတ်ဆွေတစ်ဦးထံက ကျွန်တော်ကြားသိရတာ လွတ်လပ်ရေး မရမီက **သစ်တောအရေးပိုင်** တစ်ဦးဟာ အင်္ဂလိပ်မျက်နှာဖြူ အရာရှိတွေ နေထိုင်ပုံကို သဘောကျပြီး အမဲလိုက်တယ်။ အမဲကောင်တွေကို သေနတ်အမျိုးမျိုးနဲ့ ပစ်တယ်။ ကောင်းကောင်းချက်ပြုတ်တတ်တဲ့ ဘွိုင်ကုလားကို ငှားရမ်းထားပြီး အသားကို အမျိုးမျိုး ကြော်လှော်ချက်ပြုတ်စေတယ်။ အဲဒီအသားတွေကို ဘရမ်ဒီ၊ ရမ်၊ ဝီစကီ စတဲ့ နိုင်ငံခြားအရက်တို့နဲ့ တမြမြအရသာခံပြီး စားသောက်တယ်။

သူ့ဘဝဟာ စည်းစိမ်ကြီးလှပြီလို့ သူထင်နေတာပေါ့။ ဗိုလ်စတိုင်ဖမ်းထားတော့ ဗုဒ္ဓဘာသာကို အထင်သေးပြီး ကျောင်းကန်ဘုရားသွား

www.burmeseclassic.com

www.burmeseclassic.com



ဖို့ကို စိတ်တောင်မကူးဘူး။ အဲ...သူ အငြိမ်းစားယူတယ်။ အသက် အရွယ် ထောက်လာတော့ ကျန်းမာရေး ယိုယွင်းလာတယ်။ မကြာ မကြာ ဖျားနာတယ်။ ဖျားနာတိုင်း ငရဲနိမိတ်တွေ ထင်ထင်လာတယ်။ ငရဲသားတွေက ဓားလှံတွေနဲ့ လိုက်ထိုး၊ ငရဲခွေးတွေက လိုက်ကိုက်နဲ့ သားကောင်လို သူ့အသက်လုပြီး ပြေးနေရတယ်။ ကြောက်လန့်လွန်း လို့ ချွေးသီးချွေးပေါက်တွေ တစ်ကိုယ်လုံးယိုစီးကျနေတယ်။

ငရဲနိမိတ်ထင်တယ်ဆိုတာ သေရင် ငရဲပြည်သွားဖို့ လားရာဂတိ ထင်တာပဲ။ အဲဒီတော့မှ အရေးပိုင်မင်းက ကြောက်ရွံ့ထိတ်လန့်ပြီး "ကျုပ် မှားပါပြီ...မှားပါပြီ" ရယ်လို့ သံဝေဂ ရရှာတယ်။

ငရဲရှိတယ်၊ နတ်ပြည်ရှိတယ်၊ သတိထား။
ကံရှိတယ်၊ ကံရဲ့အကျိုးရှိတယ်၊ ဒါ သဘာဝတရား။

## ပါဏာတိပါတကံရဲ့ အပြစ်ရင်းများ

မိမိသတ်တဲ့ သတ္တဝါရဲ့ ခန္ဓာအကြီးအသေး၊ ဂုဏ်သိက္ခာ အကြီး အသေးကိုလိုက်ပြီး အပြစ် အကြီးအသေး ကွာခြားတယ်။ မူရင်းအပြစ် က အပါယ်ကျရခြင်းဖြစ်တယ်။ **အိမ်ရှင်မ** တစ်ယောက်က ခင်ပွန်း ရဲ့ ညှော်သည်တွေကို ကျွေးမွေးဖို့ အခြားဟင်းလျာမရှိလို့ မွေးထားတဲ့ သိုးမလေးတစ်ကောင်ကို လည်လှီးသတ်ပြီး ချက်ကျွေးခဲ့တယ်။

ဒီပါဏာတိပါတ ကံကြောင့် သေလွန်တဲ့အခါ သိုးကလေးရဲ့ အမွေးအရေအတွက်နဲ့အမျှ နှစ်ပေါင်းကြာအောင် ငရဲမှာ ကျခံရတယ်။ ငရဲမှ လွတ်တော့ ဘဝပေါင်းများစွာ တိရစ္ဆာန်များဖြစ်ပြီး လည်လှီးခံ ကာ အသတ်ခံခဲ့ရတယ်။

ပါဏာတိပါတကံ ကျူးလွန်သူများက အပါယ်မှ လွတ်ပြီး လူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတဲ့အခါ အောက်ပါအပြစ်ဖျားများကို ဝင့်လိုက်တဲ့အနေနဲ့ ဘဝများစွာ ဆက်ခံရပါတယ်။

ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊
မွဲပြာရုပ်သွင်၊ အားအင်ချို့ယွင်း၊ လျင်ခြင်းလည်းဝေး၊
ဘေးကို ကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊
ခြွေရံပျက်၍၊ အသက်တိုလှ၊ ပြစ်များစွာသည်... ရှောင်က
အပြန်အကျိုးတည်း။ **(အရှင်ဇနကာဘိဝံသ)**

သူတစ်ပါးတို့ကို မညှဉ်းပန်း မသတ်ဖြတ်ဘဲ ရှောင်ကြဉ်ကြတဲ့သူတို့ဟာ သေလွန်တဲ့အခါ ကောင်းရာသုဂတိသို့ ရောက်ကြရတယ်၊ ဖြစ်လေရာဘဝမှာ ကိုယ်လက်အင်္ဂါ ပြည့်စုံတယ်၊ ရုပ်ရည်စိုပြည်လှပတယ်၊ ခွန်အားကြီးတယ်၊ လျင်မြန်သွက်လက်တယ်၊ သူတစ်ပါးက အန္တရာယ်ပြုလာမှာကို မစိုးရိမ်မကြောက်လန့်ရဘူး၊ သူတစ်ပါးရဲ့ သတ်ဖြတ်ခြင်းကိုလည်း မခံရဘူး၊ အနာကင်းပြီး အသက်ရှည်တယ်၊ အခြွေအရံပေါများတယ် စတဲ့ အကျိုးကျေးဇူးများကို ခံစားရပါတယ်။

ဒါကြောင့် သူတစ်ပါးကို မညှဉ်းပန်းမနှိပ်စက်ပါနဲ့။
သတ္တဝါအားလုံးကို ချစ်ခင်ကြင်နာပါ။
မေတ္တာသခင် ကရုဏာရှင်အဖြစ်ကို ခံယူပါ။

## အဒိန္နာဒါနကံ ဆန်းစစ်ချက်

လောဘတဏှာ မကင်းကြတဲ့ လူတိုင်းဟာ မိမိရဲ့ပစ္စည်းဥစ္စာကို မြတ်နိုးတွယ်တာကြတယ်။ မိမိတန်ဖိုးထားတဲ့ ပစ္စည်းတစ်ခု အခိုးခံရရင် ဖြစ်ဖြစ်၊ အလုခံရရင် ဖြစ်ဖြစ်၊ အလိမ်ခံရရင်ဖြစ်ဖြစ် လွန်စွာ စိတ်ဆင်းရဲကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးကို စိတ်ဆင်းရဲအောင် ပြုတဲ့လူဟာ တန်ပြန် သက်ရောက်မှုအနေနဲ့ မိမိပြန်စိတ်ဆင်းရဲရမှာပဲ။ ကံရဲ့တန်ပြန်အကျိုးပေးတဲ့ သတ္တိက အပြန်ကုဋေတစ်သိန်းမက ပိုကြီးမားတဲ့အတွက် သူတစ်ပါး စိတ်ဆင်းရဲတာတက် အဆကုဋေပေါင်းများစွာ မိမိပြန်စိတ်ဆင်းရဲရမှာကို သတိမူသင့်ကြပါတယ်။

မိမိဥစ္စာကို မိမိမြတ်နိုးပြီး အပျောက်အရှ အဆုံးအရှုံးမခံချင်သလို သူတစ်ပါးတို့ကလည်း သူတို့ဥစ္စာ ပျောက်ရှဆုံးရှုံးမှာကို မလိုလားကြဘူး။ ဒါကြောင့် ကိုယ်ချင်းစာနာပြီး သူတစ်ပါးဥစ္စာကို မတရားမရယူပါနဲ့၊ မလုယူပါနဲ့၊ မခိုးပါနဲ့၊ လှည့်ပတ်ပြီး မယူနဲ့။ ကိုယ်ချင်းစာတရားရှိမှ တရားမျှတတယ်၊ တရားမျှတမှ သစ္စာစောင့်ထိန်းသူ မည်တယ်၊ သစ္စာစောင့်ထိန်းမှ ကြီးပွားတိုးတက်နိုင်မယ်။

မတရားမှုနဲ့ တစ်ဘဝသာ ကြီးပွားတိုးတက်တာကို မလိုလားပါနဲ့။ မတရားသူကို မကောင်းကျိုးမပေးဖို့ ကံက လက်ပိုက်ကြည့်မနေဘူး။ သဘာဝတရားက ဖြစ်သင့်တဲ့အတိုင်း ဖြစ်သွားမှာပဲ။ ကံတရားက အကျိုးပေးခွင့် ရတာနဲ့တစ်ပြိုင်နက် အကျိုးပေးသင့်တဲ့အတိုင်းပေးမှာပဲ။ ဘယ်သူမှ မတားဆီးနိုင်ဘူး။

သူတစ်ပါးမကြည်ဖြူဘဲ တံစိုးလက်ဆောင်ပေးရအောင် ကြံဖန်ပြုလုပ်ခြင်းဟာ သူတစ်ပါးဥစ္စာကို မတရားယူတာပဲ။ အဒိန္နာဒါနကံကျူးလွန်တာပဲ။ **ကိုဆန္ဓာတတ်** မှာ လာဘ်စားတဲ့ပုရောဟိတ်ပုဏ္ဏားဟာ သေဆုံးတော့ ပြိတ္တာဖြစ်ရတယ်။ လက်သည်းများက ပေါက်တူးလို ရှည်ထွက်လာကြပြီးတော့ မိမိရဲ့ကျောက်ကုန်းသားကို ကုတ်ဖဲ့ စားသောက်ရတယ်။ တစ်ကိုယ်လုံးက သွေးတွေ ချင်းချင်းနီရဲလို့ မကုတ်ဖဲ့ဘဲနဲ့လည်း မနေနိုင်ဘူး။ ဆာလောင်နေတော့ ကိုယ့်ကျောက်ကုန်း

www.burmeseclassic.com

www.burmeseclassic.com



သားကိုပဲ ကုတ်ဖဲ့စားရတယ်၊ ဒါကြောင့် လာဘ်စားသူကို **ကျောက်ကုန်းစားသူ** လို့ ခေါ်ကြတယ်။

(ဇာတ်လမ်းအကျယ်ကို ကျွန်တော့်ရဲ့ "မေတ္တာနဲ့သစ္စာအဖွင့်" စာအုပ်မှာ ဖတ်ရှုနိုင်ပါတယ်။)

လူတိုင်းမှာ ကောင်းကောင်းမွန်မွန် လုပ်စားဖို့အတွက် ကိုယ်လက်အင်္ဂါတွေ ပြည့်ပြည့်စုံစုံ သဘာဝက တပ်ဆင်ပေးထားတယ်။ တိရစ္ဆာန်တွေထက် သာလွန်တဲ့ ကံ၊ ဉာဏ်၊ ဝီရိယတို့ကိုလည်း လူတိုင်းရရှိထားကြတယ်။ တိရစ္ဆာန်တွေကတောင် သူတို့ဘာသာ ရှာစားနိုင်ကြတယ်ဆိုရင် လူသားက ဘာဖြစ်လို့ မရှာစားနိုင်ရမှာလဲ။

လယ်သမားတွေ စိုက်ပျိုးပေးကြလို့ ဆန်စပါးတွေ တောင်ပုံရာပုံရှိနေကြတယ်။ ယာသမားတွေ စိုက်ပျိုးထုတ်လုပ်ပေးလို့ ဆီ၊ ကြက်သွန်၊ ငရုတ်၊ ပဲ၊ အာလူးတွေ အလျှံပယ် ထွက်လာကြတယ်။ ကုန်ထုတ်လုပ်သားတွေ ထုတ်လုပ်ပေးတဲ့ လူသုံးပစ္စည်းတွေကလည်း အမျိုးပေါင်းမရေတွက်နိုင်အောင် စုံလင်လှတယ်။

မိမိရဲ့ ကံ၊ ဉာဏ်၊ ဝီရိယကိုသုံးပြီး စားသုံးလို့ မကုန်အောင် ထုတ်လုပ်နိုင်ပါလျက် သူတစ်ပါးတို့ရဲ့လုပ်အားကို ခေါင်းပုံဖြတ်ပြီး ကျက်လွယ်နပ်လွယ် ခိုးဝှက်လုယက်ယူတဲ့အမှုဟာ အလွန်အောက်ကျနောက်ကျ သိမ်ငယ်တဲ့အလုပ်ဖြစ်ပါတယ်။ သူခိုး၊ ဓားပြ၊ ခါးပိုက်နှိုက်တို့ဟာ တိုင်းပြည်ကို အကျိုးမပြုဘဲ တိုင်းပြည်ရဲ့ ငြိမ်းချမ်းသာယာမှုကို ဖျက်ဆီးနေကြတဲ့ လူပိုလူလျှံ ဆန်ကုန်မြေလေးတွေသာ ဖြစ်ကြတယ်။

ဒါကြောင့် တိုင်းပြည်တိုင်းမှာ ခိုးမှု၊ လုယက်မှု၊ ဓားပြမှု စသည်တို့ကို တားဆီးအရေးယူဖို့အတွက် ဥပဒေများ ပြဋ္ဌာန်းထားကြတယ်။ ရှေးဘုရင် ကေရာဇ်များလက်ထက်က သူခိုး၊ ဓားပြများကို ဖမ်းမိရင် ရှည်ရှည်ဝေးဝေး စစ်ဆေးမနေတော့ဘဲ တံကျင်လျှို၊ လက်ဝါးကပ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တင်၊ ခေါင်းဖြတ်၊ ရက်ရက်စက်စက် သတ်ဖြတ်လိုက်ပါတော့တယ်။

ယခုအခါ ခိုးမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှုတို့အတွက် အရေးယူအပြစ်ပေးခြင်းတို့ဟာ အလွန်ပေါ့လျော့တယ်လို့ ဆိုရပေမယ်။ ဒါကြောင့် ခိုးသူ၊ ခါးပိုက်နှိုက်သူတို့ အလွန်သောင်းကျန်းနေကြတယ်။ ခဏကလေး သတိလစ်သွားရင် ပစ္စည်းပါသွားပြီ၊ ဘတ်စ်ကား တိုးစီးရင်လည်း ဖောင်တိန်၊ လက်ပတ်နာရီ၊ ဆွဲကြိုး၊ ပိုက်ဆံအိတ် စသည်တို့ ပါသွားပြန်ပြီ။ ခါးပိုက်နှိုက်သူတို့က အုပ်ဖွဲ့ပြီး ဆိုးသွမ်းနေကြတော့ ကိုယ့်အိတ်ကို နှိုက်နေမှန်းသိလျက် ငြိမ်ခံနေရတော့မလို ဖြစ်နေတယ်။

## နိုင်ငံခြားမှာ အတုယူစရာ

ကျွန်တော် **အမေရိကန်ပြည်ထောင်စု** မှာ သုံးနှစ် ပညာဆည်းပူးနေစဉ်အတွင်းမှာ ဘာပစ္စည်းတစ်ခုမှ မပျောက်မရှခဲ့ဘူး။ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ကားအပါအဝင် မော်တော်ကားများစွာကို လမ်းတိုင်း လမ်းတိုင်းမှာ တစ်နေ့လုံး တစ်ညဉ့်လုံး ရပ်ထားကြတယ်။ ဘယ်ကားပစ္စည်းမှ မပျောက်ခဲ့ဘူး။

ပြီးတော့ အိမ်ခန်းတွေကို နေ့နေ့ညဉ့်ညဉ့် သော့မခတ်ရဘူး။ ကျွန်တော်တို့ မြန်မာကျောင်းသားတွေဟာ ဆာလောင်လာတဲ့အခါ နီးရာမိတ်ဆွေရဲ့အခန်းထဲ ဝင်ပြီး ရေခဲသေတ္တာမှာရှိတဲ့ စားစရာတွေကို နှိုက်စားတာပဲ။ သူ့အလှည့်ကိုယ့်အလှည့်ပဲ။ ပစ္စည်းအခိုးခံရတယ်လို့ မရှိဘူး။ ဒီလိုသူခိုး၊ ဓားပြတွေမရှိတဲ့အတွက် ကြောင့်ကြမဲ့ နေထိုင်ရတာ သိပ်ချမ်းသာပါတယ်။

**ဩစတြေးလျနိုင်ငံ** ဆစ်ဒနီမြို့ကြီးမှာ ကျွန်တော်ပညာဆည်းပူးနေစဉ် တစ်နေ့မှာ ဒေါ်လာ ၅၀ လောက် ပါတဲ့ ပိုက်ဆံအိတ် ပျောက်

www.burmeseclassic.com



သွားတယ်။ နေရာအနှံ့ လိုက်ရှာတယ်။ မတွေ့ဘူး။ စဉ်းစားကြည့်တော့ ကျောင်းကအပြန် ဘတ်စ်ကားစီးလာတဲ့အခါ ကျပျောက်သွားတာ ဖြစ်မှာပဲလို့ ယူဆလိုက်တယ်။ ၅ပြား ၁၀ပြားကအစ ချစ်တီးကုလားထက် သာအောင် ငွေစုနေရတဲ့အခါဖြစ်တော့ ဒေါ်လာ ၅၀ ကို တော်တော်နှမြောနေမိတယ်။

နှမြောနေတော့ စိတ်မချမ်းသာဘူး။ အဲဒီတော့ စိတ်ချမ်းသာရအောင် မြို့ထဲမှာ ဖွင့်ထားတဲ့ **"ပစ္စည်းပျောက်–တွေ့ဌာန"** (Lost and Found Office) မှာသွားစုံစမ်းကြည့်တယ်။ တာဝန်ခံက ပျူပျူငှာငှာကြိုဆိုပြီး "ဘာကူညီပေးရမလဲ၊ သင့်ပိုက်ဆံအိတ်က ဘယ်လိုပုံစံလဲ၊ ဘာပစ္စည်းတွေပါသလဲ၊ ဟောဒီပစ္စည်းတွေကိုကြည့်ပါ၊ သင့်ပစ္စည်းဟုတ်ပါသလား" စသည်ဖြင့် ကူညီပါတယ်။

ကောက်ရထားတဲ့ပစ္စည်းတွေကို ဗီရိုတွေထဲမှာ ထည့်ပြီး ထားတာ အပြည့်ပဲ။ ပိုက်ဆံအိတ်တွေက တန်းစီနေတယ်။ အချို့အိတ်တွေမှာ ငွေပါတယ်။ ကျွန်တော်လိုက်ကြည့်တာ ကျွန်တော့်ပိုက်ဆံအိတ်ကို မတွေ့ရဘူး။ "ကျေးဇူးတင်ပါတယ်ဗျာ"လို့ နှုတ်ဆက်ပြီး စိတ်မချမ်းမြေ့စွာပဲ အခန်းသို့ ပြန်လာတယ်။

လမ်းမှာ စဉ်းစားလာမိတယ်။ ဩစတြေလျနိုင်ငံက လူတွေဟာ သူများပစ္စည်း ခိုးယူဖို့၊ ခါးပိုက်နှိုက်ဖို့ နေနေသာသာ ကျပျောက်နေတဲ့ ပစ္စည်းတွေကိုတောင် မယူကြဘဲ "ပစ္စည်း ပျောက်–တွေ့ဌာန" ဆီကို တကူးတကန့် လာပို့ကြတယ်။ တယ်တော်ပါလား။ တကယ်လို့ ကျွန်တော့် ပိုက်ဆံအိတ်ကိုသာ ကျွန်တော်ပြန်ရခဲ့ရင် ကျွန်တော်အင်မတန်ဝမ်းသာမှာပဲ။ အလားတူပဲ ပစ္စည်းပျောက်တဲ့သူတွေဟာ သူတို့ရဲ့ ပစ္စည်းကို ပြန်ရရင် သိပ်ဝမ်းသာကြမှာပဲ။

အဲဒီတော့ ကျွန်တော့်ပိုက်ဆံအိတ်ဟာ ခါးပိုက်နှိုက်ခံရတာမဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး။ ကျပျောက်တာလည်း မဖြစ်တန်ရာဘူး။ ကျွန်တော့်အခန်းမှာပဲ ရှိဖို့များတယ်လို့ ကောက်ချက်ချပြီး ပိုက်ဆံအိတ်ကို ပိုက်စိပ်တိုက်ကာ ပြန်ရှာတယ်။ ဟော...တွေ့ပြီဗျာ၊ ဟိုးမွေ့ရာအောက်မှာ ထိုးထည့်ထားမိတာကိုး။ "ပစ္စည်းတစ်ခါပျောက် ငရဲဆယ်ခါရောက်" ဖြစ်ခဲ့ရပါပေါ့လား။

ယခု တိုးတက်နေတဲ့နိုင်ငံတွေမှာ ခေတ်မီတိုးတက်မှုရဲ့ အသွင်သဏ္ဍာန်တစ်ခုက မြို့ကြီးမြို့ကလေးတွေမှာ **"စူပါဈေးဆိုင်"** (Super Market) တွေ ဖွင့်လှစ်ရောင်းချခြင်းဖြစ်ပါတယ်။ တစ်နေရာတည်းမှာ မီးဖိုချောင်သုံးပစ္စည်းက စပြီး မင်္ဂလာဆောင်ခန်းဝင်ပစ္စည်းတွေအထိ စားစရာ၊ သောက်စရာ၊ ဝတ်စရာမျိုးစုံကို ဝယ်ယူနိုင်အောင်လို့ ဆိုင်ကြီးတွေ ဖွင့်ပြီး ပစ္စည်းတွေကို သူ့နေရာနဲ့သူ စီတန်းခင်းကျင်းပြသကာ ရောင်းချကြတယ်။

ပစ္စည်းတိုင်းပေါ်မှာ ဈေးနှုန်းတံဆိပ်ကလေး ကပ်ထားပေးတယ်။ ဈေးဝယ်သူက ဆိုင်ထဲဝင်ရင် တွန်းလှည်းတစ်ခုကို တွန်းသွားတယ်။ ဆိုင်ထဲလှည့်ပတ်ပြီး ကိုယ်ကြိုက်တဲ့ပစ္စည်းကို လှည်းထဲကောက်ထည့်တယ်။ ပစ္စည်းတွေကို ကိုင်ကြည့်၊ နမ်းကြည့်၊ စစ်ဆေးကြည့်၊ ကြိုက်မှယူ။ ဘယ်သူကမှလည်း စောင့်ကြည့်မနေဘူး။ ဆိုင်အလုပ်သမားတွေက ပစ္စည်းစင်တွေကို စောင့်ကြည့်နေပြီး လျော့သွားတဲ့ပစ္စည်းတွေကို ထပ်ထပ်တင်ပေးတယ်။ ပစ္စည်းပြတ်သွားတယ်ရယ်လို့လည်း ကျွန်တော် မတွေ့ခဲ့ရဘူး။

အဲ...ကိုယ်လိုချင်တဲ့ပစ္စည်းတွေ စုံပြီဆိုရင် လှည်းကိုဆိုင်ထွက်ပေါက်ဆီ တွန်းသွား။ အပေါက်ဝမှာ အရောင်းစာရေးမက ဂဏန်းပေါင်းစက်နဲ့ ကျသင့်တဲ့ငွေတွေကို တွက်ပေးတယ်။ ကျသင့်ငွေ ပေးချေပြီးရင် ကိုယ်ဝယ်ထားတဲ့ ပစ္စည်းတွေကို လိုရာသယ်ယူသွားပေတော့။ ကောင်းလိုက်တဲ့ဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစုပါဈေးဆိုင်တွေကို မြန်မာနိုင်ငံ မြို့ရွာအနှံ့ ဖွင့်ပေးနိုင်ရင် ဘယ်လောက်ကောင်းလိမ့်မလဲ။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမကို လိုက်နာပြီး မခိုးမဝှက်ကြဘူးဆိုရင် ဖြစ်လာမှာပေါ့။

## ဂေါပကသူဌေးမှ နွားကလေးဘဝသို့

အလှူအတန်း ရက်ရောတဲ့ ဂေါပကသူဌေးဘဝက နွားကလေး ဘဝသို့ ရောက်နိုင်ပါ့မလား။ ဒီဇာတ်လမ်းကလေးကို ဖတ်ကြည့်ပါ။

ဒုတိယကမ္ဘာစစ် မဖြစ်မီ ၁၉၂၀ ခုနှစ်လောက်က ပျော်ဘွယ် မြို့နယ်မှာ **ဦးတာတေ** (အမည်ပြောင်းထားတယ်) အမည်ရှိတဲ့ သူဌေး တစ်ဦး ရှိတယ်။ ဘုရားတရား ကြည်ညိုပြီး အလှူအတန်း ရက်ရော တယ်။ မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားရဲ့ ဂေါပက လူကြီးတစ်ဦးလည်း ဖြစ်တယ်။

ဦးတာတေရဲ့ အဓိကစီးပွားရေးလုပ်ငန်းက တောင်သူလယ်သမား တွေကို သင့်တင့်တဲ့ အတိုးနှုန်းနဲ့ ငွေချေးငှားခြင်း ဖြစ်တယ်။ မိမိရဲ့ လယ်ယာအများအပြားကိုလည်း လူငှားများနဲ့ လုပ်ကိုင်ဆောင်ရွက် စေတယ်။

ဘုရားပွဲ တစ်ပွဲ ကျင်းပနေတဲ့ နေ့တစ်နေ့မှာ တောင်သူ **မောင်ချစ်တင်** က သူ ချေးယူထားခဲ့တဲ့ ငွေကျပ်နှစ်ရာကို လာပြန်ဆပ်တယ်။ ဦးတာတေက ဘုရားပွဲကိစ္စနဲ့ အလုပ်များနေတဲ့အတွက် အော်ဒီမံ (on demand) စာချုပ်ကို မပေးလိုက်မိဘူး။

"မောင်ချစ်တင်ရာ...မင်းစာချုပ်ကို နောက်မှလာယူပါ၊ ငါ အလုပ်များနေတာ မင်းတွေ့သားပဲ။ မင်းနဲ့ငါ အချင်းချင်း ဘာမှ မယုံစရာမရှိဘဲ"

"ရပါတယ် ဦး"

www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်တင်က အော်ဒီမံစာချုပ်ရဲ့ အရေးကြီးပုံကို နားမလည်ဘူး။ ပေါ့ပေါ့ဆဆ ပြောပြီး ထွက်လာတယ်။ ဘုရားပွဲ ပြီးတော့လည်း ဦးတာတေဆီ သူ မသွားဖြစ်ဘူး။ မေ့မေ့ပျောက်ပျောက်ဖြစ်သွားတယ်။

လအတော်ကြာတော့ ဦးတာတေ အကြွေးစာချုပ်တွေ စစ်ဆေးကြည့်တော့ မောင်ချစ်တင်... ငွေ ၂၀၀ ကျပ် ဆိုတဲ့ အော်ဒီမံစာချုပ်ကို တွေ့ရတယ်။ မောင်ချစ်တင်ကို ခေါ်ပြီး အကြွေးပေးဆပ်ဖို့ တောင်းဆိုတယ်။

"ဟာ...ဦး၊ ဘုရားပွဲအတွင်းက ကျွန်တော် ဦးကို လာပေးဆပ်ပြီးပြီ။ ဦးက အလုပ်များနေလို့ နောက်မှ အော်ဒီမံစာချုပ် လာယူဖို့ ပြောလိုက်သေးတယ်"

"မဖြစ်နိုင်ဘူးကွာ၊ ငါက အလုပ်ကို သေသေချာချာ လုပ်တတ်တယ်။ ငွေဆပ်ပြီးတဲ့သူကို အော်ဒီမံစာချုပ် ပေးလိုက်တာပဲ။ အခု မင်းစာချုပ်ရှိနေတော့ မင်း မဆပ်ရသေးတာ သေချာတယ်။ မင်းမဆပ်ရင် တရားဥပဒေအရ ငါ အရေးယူရမယ်"

မောင်ချစ်တင် ဘယ်လိုရှင်းလို့မှလည်း မရ၊ ငြင်းလို့လည်း မရ၊ ပေါ့ဆခဲ့တဲ့ အမှားအတွက် အပြစ်ဒဏ်ကို သူ ခံရပေပြီ။ ဒါကြောင့် စိတ်ဆိုးဆိုးနဲ့ နောက်ထပ် ငွေနှစ်ရာပေးပြီး ဒီလိုကျိန်ဆိုလိုက်တယ်။

"ကျုပ်ကတော့ ခင်ဗျားငွေနှစ်ရာကို ပေးပြီးတာ အမှန်ပဲ။ အခု နှစ်ရာထပ်ပေးရတာ မတရားသက်သက် ပေးရတာပဲ။ ကျုပ်ပြောသလို အရင်က ငွေနှစ်ရာ ပေးဆပ်ပြီးတာ မှန်ရင် ခင်ဗျားတော့ ကျုပ်အိမ်မှာ လူဖြစ်ဖြစ်၊ နွားဖြစ်ဖြစ် ကျွန်လာခံရမှာတော့ သေချာတယ်"

ဒီကိစ္စဖြစ်သွားရတာ ဦးတာတေဘက်ကလည်း ပေါ့လျော့မိလို့ ဖြစ်ပါတယ်။ အော်ဒီမံစာချုပ်ကို ပေးနေကျအတိုင်း ချက်ချင်း မပေးလိုက်ဘဲ ဘုရားပွဲ ပြီးတော့လည်း မပေးဘဲ နေလိုက်မိတယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



လူကြီးလည်းဖြစ်၊ ဘုရားကိုစွဲရှုပ်ထွေးနေတဲ့အခါမို့ အာရုံသိပ်မထားမိတာလည်းဖြစ်တော့ လုံးလုံးလျားလျား မေ့သွားတော့တာပဲ။

ဒါပေမဲ့ သစ္စာတရား၊ ကံတရားက မေ့လို့ပြုမိရင်ဖြစ်ဖြစ်၊ မသိလို့ ပြုမိရင်ဖြစ်ဖြစ် အပြစ်ပေးသင့်တာ ပေးမှာပဲ။

နောက်များမကြာမီ ဦးတာတေ ကွယ်လွန်တယ်။ တစ်ညဦးမှာ မောင်ချစ်တင် အိပ်မက်ရတယ်။ အိပ်မက်ထဲမှာ ဦးတာတေက "မင်းဆီမှာ ငါ လာနေမယ်" လို့ ပြောတယ်။ တစ်ချိန်တည်းလောက်မှာ မောင်ချစ်တင်ရဲ့အိမ်မှာ နွားထီးကလေးတစ်ကောင် မွေးတယ်။

နွားထီးကလေးက သိပ်လှ သိပ်ဆော့တယ်။ ထိန်းမရသိမ်းမရအောင် ဆော့လို့ မောင်ချစ်တင်က သတိရပြီး "မင်း ဘုရားဒကာကြီးလား" လို့ မေးလိုက်တယ်။ နွားကလေးက "ဘော ဘော" အော်ပြီး ငြိမ်သွားတယ်။

မောင်ချစ်တင်က "ဟုတ်ပါပြီ၊ ငါ ဒေါသအလျောက် ပြောမိ ကျိန်ဆဲမိတာ တကယ်ဖြစ်နေပါလား" လို့ စိတ်မကောင်းဖြစ်မိပြီး နွားကလေးကို အထူးဂရုစိုက်တယ်။ ငွေကျပ် ၄၀၀ တန် အလေးချိန် ၁၀ ကျပ်သား ရွှေခလောက်ကို ဆင်ယင်ပေးတယ်။ လုံးဝမခိုင်းဘဲ အစာကောင်းကောင်းကျွေးတယ်။ ဒါက ယခင်ဘဝ ကုသိုလ်ကံရဲ့အကျိုးပဲ။

ဒီအကြောင်းကို တစ်ဆင့်စကားနဲ့ ဦးတာတေရဲ့ သားသမီးများကြားရတော့ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကြလို့ နာမည်ပျက် ဥပဒေပုဒ်မနဲ့ တရားစွဲတယ်။ ရုံးမင်းက သက်သေပစ္စည်းအားလုံးကို သေသေချာချာစစ်ဆေးတယ်၊ နှစ်ဦးနှစ်ဘက်စလုံးရဲ့ ထွက်ဆိုချက်များဟာ ယုတ္တိရှိနေကြလို့ ဆုံးဖြတ်ဖို့ ခက်ခဲနေတယ်။

နောက်ဆုံး အကြံရပြီး မဟောသဓ သုခမိန်ရဲ့ ထုံးနည်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရုံးတော်ရဲ့ ရှေ့ဖတ်စာရေးကြီးအား အမိကသက်သေ နွားထီးကလေးကို ဒီလို ဆင့်ခေါ်စေတယ်။

"ဘုရားဒကာကြီး ဦးတာတေ၊ သက်သေခံဖို့ ရုံးမင်းရှေ့ကြွပါ"

နွားထီးကလေးက ရှေ့ဖတ်စာရေးရဲ့ ဆင့်ခေါ်သံကို ကြားလျှင်ကြားချင်း မိခင်နွားမကြီးရဲ့ဘေးမှ ထွက်ခွာလာပြီး ရုံးမင်းရှေ့မှောက်သို့ ရောက်လာတယ်။ ရုံးမင်းက…

"မင်း…ဘုရားဒကာကြီးဦးတာတေ ဟုတ်သလား" လို့ မေးတော့

"ဘောဘော" လို့ နွားထီးကလေးက ခေါင်းညိတ်ပြီး ဖြေတယ်။

ကဲ…ဘယ်သူ အနိုင်ရသွားသလဲ။ "ဘော ဘော" လို့ ထွက်ဆိုလိုက်တာ ဟုတ်မှန်တယ်လို့ ဝန်ခံတဲ့သဘောပဲ။ ဒါကြောင့် မောင်ချစ်တင် အနိုင်ရသွားပါတယ်။

(ဓမ္မာစရိယ ဦးဌေးလှိုင်ရဲ့ ဓမ္မဒူတစာအုပ်မှ "ငွေ ၂၀၀ မြေပါ၍ ဘုရားဒကာတစ်လှည့်၊ နွားတစ်လှည့်" ဆောင်းပါးကို အကျဉ်းပြုပြင်ပြီး ဖော်ပြထားပါတယ်။)

## လုပ်အားခ မတရားမှုရဲ့ ဆိုးကျိုး

တပ်ကုန်းမြို့နယ်၊ အင်ပင်ရွာမှ **ဒေါ်ဌေး** ဟာ ကျွဲဘဝမှ လူဝင်စားဖြစ်လာတာကို အတိအကျ ပြောပြနိုင်လို့ အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယား တက္ကသိုလ်မှ **ဒေါက်တာစတီဗင်ဆင်** ကိုယ်တိုင် မြန်မာနိုင်ငံသို့ လာပြီး မေးမြန်းသွားပါတယ်။

ဒေါ်ဌေးက မွေးဖွားလာကတည်းက ဦးခေါင်းရဲ့ ချိုစောင်းနေရာမှာ ကျွဲချိုအရာလို အဖုနှစ်ခု ပါလာလို့ ကျွဲဘဝမှ ကူးပြောင်းလာတာဟာ အတော်ယုတ္တိရှိနေတယ်။ ဒေါ်ဌေးက ကျွဲဘဝ မတိုင်ခင်က ဒေါ်မြ ဖြစ်ခဲ့ရတဲ့ဘဝကိုပါ သိနေတယ်။ သူ ပြောပြတဲ့ ဇာတ်လမ်းက ဒီလိုပါ…

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီးရွာမှာ ဦးသက်ထားရဲ့ဇနီးဖြစ်သူ ဒေါ်မြဟာ လူငှားများနဲ့ တောင်ယာအလုပ်ကို လုပ်ကိုင်တယ်။ လူငှားများထဲမှာ အသက် ၁၃ နှစ်အရွယ် **မသိန်းတင်** နဲ့ သူမရဲ့ မိခင်တို့လည်း ပါဝင်ကြတယ်။

မသိန်းတင်ရဲ့မိသားစုဟာ ဆင်းရဲနွမ်းပါးတယ်။ မိသားစုရဲ့ စားဝတ်နေမှု အဆင်ပြေရေးအတွက် မသိန်းတင်က လူကြီးတို့နဲ့ ရင်ဘောင်တန်းပြီး အလုပ်လုပ်တယ်။ လူကြီးလုပ်ခနှုန်းထားရအောင်လို့ ကြိုးစားလုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒေါ်မြက လုပ်ခရှင်းပေးတဲ့အခါ မသိန်းတင်ဟာ ကလေးပဲဆိုပြီး လူကြီးနှုန်းအောက် ဆန်တစ်တင်းလျှော့ပြီး ပေးတယ်။

မသိန်းတင်နဲ့ မိခင်တို့က လူကြီးများနည်းတူ အလုပ်လုပ်ခဲ့တဲ့ မသိန်းတင်ဟာ လူကြီးနှုန်းထားအတိုင်း လုပ်ခ ရသင့်တယ်လို့ တောင်းပန် ပြောဆိုကြတယ်။ ဒေါ်မြက မလိုက်လျောဘူး။

ဒီလိုမတရားမှုများဟာ နေရာတကာမှာ ဖြစ်ပေါ်တတ်တယ်။ အလုပ်ရှင် ရှုထောင့်ဘက်ကနေ ကြည့်ရင် ဘာမှ အရေးမကြီးဘူးလို့ ထင်ကြတယ်။ နစ်နာတဲ့ အလုပ်သမားများခမျာ ဆွေးတမြေ့မြေ့နဲ့ နာကြည်းကြရတယ်။ သူတို့သဘောပေါက်လို့ ဖြေသိမ့်နိုင်စရာအချက်က သစ္စာတရားဟာ မှန်မှန်ကန်ကန် အဆုံးအဖြတ်ပေးပြီး မတရားပြုသူကို ထိုက်ထိုက်တန်တန် အပြစ်ပေးခြင်းပဲ ဖြစ်ပါတယ်။

မကြာမြင့်မီမှာ ဒေါ်မြ ကွယ်လွန်တယ်။ နောက်နှစ်နှစ်ခန့်ကြာတော့ မသိန်းတင် အရွယ်ရောက်လာပြီဖြစ်လို့ မောင်ထွန်းလှနဲ့ အိမ်ထောင်ကျတယ်။ တစ်ညဉ့်မှာ ဒေါ်မြက မသိန်းတင်ထံ လာပြီး "နင်တို့နဲ့ ငါ လာနေပါရစေ"လို့ အိပ်မက်ပေးတယ်။ မသိန်းတင်က ရှေ

www.burmeseclassic.com



မစိုက်၊ ဘာမှ ပြန်မပြော။ ဒါကြောင့် မသိန်းတင်တို့ရဲ့ ကျွဲမကြီး ဝမ်းထဲမှာ ဝင်စားရတယ်လို့ ဒေါ်ငွေးက ပြောပြတယ်။

ကျွဲမကြီးက ကျွဲမကလေး မွေးဖွားလာတော့ ကျွဲကလေးကို “ယိုင်းမ” လို့ အမည်ပေးကြတယ်။ ယိုင်းမ ကြီးပြင်းလာတော့ ကျွဲကလေး လေးကောင်အထိ မွေးဖွားလာတယ်။ ယိုင်းမ သေဆုံးပြီး မကြာမီမှာ မသိန်းတင် အိပ်မက်မက်တယ်။ ဒီတစ်ကြိမ်မှာ ယိုင်းမက မသိန်းတင်ထံ လာပြီး သူ့အသားကို ယူပါလို့ မြင်မက်တယ်။

ထိုအချိန်လောက်က စပြီး မသိန်းတင် ကိုယ်ဝန်ရှိလာတယ်။ လရက် စေ့တော့ သမီးကလေး မငွေးကို မွေးတယ်။ မွေးကတည်းက ဦးခေါင်းရဲ့ ချိုစောင်းနေရာမှာ ကျွဲချိုရာလို အဖုကလေးနှစ်ခု ပါလာတယ်။ မငွေးအသက် သုံးနှစ်၊ လေးနှစ်လောက်မှာ သူက ကျွဲဘဝမှ ယူဝင်စားလာကြောင်း ကျွဲမ မဖြစ်မီက ညောင်ပင်ကြီးရွာမှာ ဒေါ်မြဖြစ်ခဲ့ကြောင်းကို ပြောပြတယ်။

မိခင် မသိန်းတင်နဲ့ သမီး မငွေးတို့ဟာ အတိတ်ဘဝက မပြေမလည် ဖြစ်ခဲ့ကြတာနဲ့အညီ ယခုဘဝမှာလည်း ခပ်တန်းတန်းပဲ ဆက်ဆံကြတယ်။

မငွေး ၁၂ နှစ်သမီးအရွယ်မှာ မိခင်က တာဝန်ပေးလို့ လယ်ကွင်းထဲမှာ ကျွဲကျောင်းရတယ်။ ကျွဲကျောင်းရင်း ထိုင်ငိုနေလို့ မိခင်က စိတ်ပူပြီး မေးတယ်...

“ဟဲ့...သမီး၊ ဘာဖြစ်လို့ ငိုနေရတာလဲ၊ ဆူးစူးလို့လား၊ မြွေကိုက်လို့လား”

“မဟုတ်ဘူး၊ ကျွဲခလောက်သံ ကြားလို့ သားတွေကို သတိရပြီး ငိုတာ”

“ဟဲ့...ဘယ်က သားတွေလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ယိုင်းမဘဝက ကျွဲသားလေးတွေပါ။ သားတွေနဲ့ အတူတူ လယ်ကွင်းထဲမှာ ခလောက်သံ တဒေါင်ဒေါင်နဲ့ မြက်စားခဲ့ရတာကို သတိရမိတော့ သိပ်လွမ်းတာပဲ"

ကံတရားဟာ မဆန်းကြယ်ဘူးလား။ အလုပ်ရှင်က အလုပ်သမားရဲ့ ကျွဲလည်း ဖြစ်ရတယ်၊ သမီးလည်း ဖြစ်ရတယ်။ လုပ်အားခ နည်းနည်းကလေး မတရားခေါင်းပုံဖြတ်မိလို့ အပါယ်ဘဝ ကျရောက်သွားရတာ သိပ်ရင်နာဖို့ ကောင်းတယ်။ ကံကောင်းထောက်မလို့ နောက်တစ်ဘဝမှာ လူပြန်ဖြစ်လာတယ်။

မတရားပြုမှုသူတို့ အထူးသတိမူသင့်တဲ့ ဖြစ်ရပ်တစ်ခုပါ။

(ဦးဝင်းမောင်ရဲ့ ဘဝအိုးအိမ် အကြိမ်ကြိမ် စာအုပ်မှ ဒေါ်ငွေးရဲ့ ဇာတ်လမ်းကို အဆင်ပြေအောင် အကျဉ်းချုံး မွမ်းမံပြီး တင်ပြလိုက်ပါတယ်။)

## အဒိန္နာဒါနကံရဲ့ အပြစ်ရင်းဖျား

သူတစ်ပါးရဲ့အကျိုး ထိခိုက်အောင် လိမ်လည်လှည့်ပတ်ယူမှု၊ ခိုးမှု၊ လုယက်မှု မှန်သမျှဟာ အဒိန္နာဒါနကံချည်းပါပဲ။ အလေး တင်းတောင်း, ချိန်ခွင်, ကိုက်တံ စသည်တို့ကို မမှန်မကန် လျှော့ထားခြင်း၊ ကြက်, ဝက် အသားတိုးအောင် ရေထိုးခြင်း စသည်တို့ဟာလည်း အဒိန္နာဒါနကံတွေပဲ။

ဥစ္စာပစ္စည်းရဲ့ တန်ဖိုးကြီးရင် ကြီးသလောက် အပြစ်ကြီးတယ်။ ဥစ္စာရှင်ရဲ့ ဂုဏ်သိက္ခာကြီးရင် အပြစ်ပိုကြီးတယ်။ ဘုရားပစ္စည်း၊ ဘုရားရွှေငွေ၊ ဘုရားဆင်းတု စသည်ကို ခိုးယူတဲ့သူတို့ဟာ ဒီဘဝမှာတင် မွဲတေပြီး ဒုက္ခအမျိုးမျိုး ရောက်ကြရတယ်။ သေရင်လည်း ငရဲလားရဖို့ သေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဒိန္နာဒါနကံရဲ့ အကျိုးရင်းက ငရဲဘုံ၊ ပြိတ္တာဘုံသို့ လားရောက်ရခြင်း ဖြစ်ပေတယ်။ ရာဇဂြိုဟ်ပြည်က **ဈေးသည်မိန်းမလေးယောက်**တို့ဟာ အရင်းအနှီး ပေါင်းစပ်ပြီး အလေးချိန်ခွင် စဉ်းလဲမှုနဲ့ ပစ္စည်းဥစ္စာတွေ ရှာဖွေစုဆောင်းတာ အရွယ်ကောင်းတုန်းမှာပဲ သေဆုံးကြပြီး ပြိတ္တာဖြစ်ကြရတယ်။

ပြိတ္တာမတို့က သူတို့ရဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို မြင်ကြရုံသာမက သူတို့ရဲ့ လင်ယောကျ်ားတို့က နောက်မယားအသီးသီး ယူကြပြီး မိမိတို့ စုဆောင်းခဲ့တဲ့ ပစ္စည်းတွေ သုံးဖြုန်းနေကြတာကိုပါ မြင်ကြရတော့ ရင်ဆို့နင့်လာကြတယ်။ ဒါကြောင့် မြို့ရိုးပေါ်ကနေပြီး…

"တရားတဲ့နည်းနဲ့ရော မတရားတဲ့နည်းနဲ့ရော ငါတို့ ရှာဖွေစုဆောင်းထားခဲ့တဲ့ ပစ္စည်းတွေကို နောက်သား နောက်မယားတို့က အပင်းဆို့နေကြသတဲ့။ ငါတို့တော့ ဝတ်ရမဲ့ စားရမဲ့နဲ့ ဒုက္ခလှလှကြီး ရောက်ကုန်ပြီ" လို့ အော်ဟစ်ကြတယ်။

ဘုရားဒကာ ဦးတာတေက နွားထိန်းကလေး ဖြစ်ရတာ၊ အလုပ်ရှင် – ဒေါ်မြက ကျွဲမ ဖြစ်ရတာတို့ကလည်း အဒိန္နာဒါန ကံကြောင့် အပါယ်ရောက်ရတဲ့ သာဓကတွေပဲ။

အဒိန္နာဒါနကံရဲ့ အကျိုးဖျားတွေက အောက်ပါလင်္ကာအတိုင်း ဖြစ်ပါတယ်။ အဒိန္နာဒါနကံကို ရှောင်ကြဉ်ရင် ရတဲ့အကျိုးတွေကိုလည်း အပြစ်တွေကို ပြန်လှန်လိုက်ခြင်းဖြင့် သိရှိနိုင်ပါတယ်။

"အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာလည်းမွဲ၊ ဆင်းရဲငတ်ဘိ၊
လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနဲ့၊ မင်းဆိုး
အပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်
ရှောင်ခါအပြန် အကျိုးတည်း" **(အရှင်နေကာဘိဝံသ)**

သူတစ်ပါးတို့ရဲ့ ပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ မတရားရယူခြင်းတို့

www.burmeseclassic.com

www.burmeseclassic.com



မှ ရှောင်ကြဉ်ကြတဲ့သူတို့ဟာ သေလွန်တဲ့အခါ ကောင်းရာသုဂတိသို့ ရောက်ကြရတယ်၊ ဖြစ်လေရာဘဝမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ တယ်၊ ဆင်းရဲငတ်မွတ်ခြင်း မရှိဘူး၊ အလိုရှိတာကို အလွယ်တကူ ရရှိနိုင်တယ်၊ ရရှိထားပြီးတဲ့ စည်းစိမ်ဥစ္စာတို့လည်း တည်မြဲတယ်၊ ရန်သူမျိုးငါးပါး ဖျက်ဆီးတဲ့ဘေးမှ ဝေးကွာရတယ် စတဲ့အကျိုးကျေး ဇူးများကို ခံစားရပါတယ်။

မိမိရဲ့ ကာယစွမ်းအား ဉာဏစွမ်းအားကို အားကိုးပါ။
သူတစ်ပါးရဲ့ ပစ္စည်းဥစ္စာကို အလကားမလိုချင်နဲ့။
ရေသာခို တေလေကြမ်းပိုးနဲ့ သူခိုးဓားပြဘဝကို စက်ဆုပ်ပါ။

## ကာမေသုမိစ္ဆာစာရကံ ဆန်းစစ်ချက်

ကာမေသုမိစ္ဆာစာရကံရဲ့ မူရင်းအဓိပ္ပာယ်က ကာမဂုဏ်တို့မှာ မိုက်မိုက်မှားမှား ယုတ်ယုတ်မာမာ ကဲ့ရဲ့ထိုက်စွာ ပြုကျင့်မှုကို ဆိုလို တယ်။ ကာမဂုဏ်အာရုံတို့ကို ပညာရှိတို့ ကဲ့ရဲ့လောက်အောင် လွန် လွန် ကျူးကျူး ခံစားမှုမှန်သမျှဟာ ကာမေသုမိစ္ဆာစာရကံထဲမှာ အကျုံး ဝင်တယ်။

ဒါကြောင့် ပျော်ပွဲရွှင်ပွဲ စားသောက်ပွဲတို့ကို လွန်လွန်ကျူးကျူး ခံစားတာ၊ သေရည်အရက်, ဘိန်းဘင်းကဇော်, ကိုကင်း ဟီးရိုးအင်းတို့ ကို သောက်စားရှူရှိုက်တာ၊ သူတစ်ပါးသားမယားကို လွန်ကျူးတာ တွေဟာ ကာမေသုမိစ္ဆာစာရကံကို လွန်ကျူးတာပဲ။

လူတိုင်းလူတိုင်းဟာ မိမိရဲ့ ဇနီး၊ ခင်ပွန်း၊ သားသမီးတို့ကို အချစ် ဆုံး ဖြစ်ကြတယ်။ ဒါကြောင့် "မယားထိရင် ဓားကြည့်" ဆိုတဲ့စကား အတိုင်း မိမိရဲ့ ဇနီးသားသမီးတွေကို ကာမအားဖြင့် အစော်ကားခံရ ရင် မခံနိုင်အောင် နာကြည်းကြတယ်။ မိမိက သူတစ်ပါးရဲ့ သားမယား

www.burmeseclassic.com

www.burmeseclassic.com



တွေကို လွန်ကျူးစော်ကားမိရင်လည်း သူတစ်ပါးတို့က မချိအောင် နာကြည်းကြမှာပဲ။

ဒါကြောင့် ကိုယ်ချင်းစာတရား သစ္စာတရားတို့ကို စောင့်ထိန်းသောအားဖြင့် သူတစ်ပါးရဲ့ ဇနီးသားမယားတို့ကို သွားလာလွန်ကျူးခြင်းမှ ရှောင်ကြဉ်သင့်လှပါတယ်။ ဒီကံကို မစောင့်ထိန်းနိုင်ရင် သူတစ်ပါးရဲ့ဘဝ ပျက်စီးသွားလောက်အောင် သူတစ်ပါးရဲ့အိမ်ထောင်စု ကမောက်ကမဖြစ်ပြီး အကြီးအကျယ် ပူဆွေးသောကရောက်အောင် ပြုလုပ်ရာရောက်တဲ့အတွက် ကြီးလေးတဲ့အပြစ်ကို ခံယူထိုက်ပါတယ်။ ခံယူရမှာလည်း သေချာပါတယ်။

သူတစ်ပါးသားမယားကို လွန်ကျူးတယ်ဆိုတာ ဘယ်လိုလဲ။ ကိုယ်ပိုင် ဇနီးမောင်နှံချင်း မဟုတ်ဘဲ သူတစ်ပါးရဲ့ ဇနီးနဲ့ဖြစ်စေ၊ မိဘဆွေမျိုးတို့ စောင့်ထိန်းထားတဲ့ အမျိုးသမီးများနဲ့ဖြစ်စေ၊ အချင်းချင်း သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ လွန်ကျူးဖောက်ပြားတဲ့ ယောကျ်ားဟာ သူတစ်ပါး သားမယားကို လွန်ကျူးတာပဲ။ အမျိုးသမီးများအဖို့ မိမိရဲ့ ကာမပိုင်လင်ယောကျ်ားမှတစ်ပါး အခြားသော ယောကျ်ားတို့နဲ့ လွန်ကျူးဖောက်ပြားရင် ကာမေသု မိစ္ဆာစာရကံကို လွန်ကျူးတယ် မည်ပေတယ်။

ကာမေသု မိစ္ဆာစာရကံကို **နိုင်ငံခြားသားများ** က တော်တော်ဝေဖန်ကြတယ်။ သူတို့ရဲ့အယူအဆက အရွယ်ရောက်ပြီးတဲ့ အမျိုးသား အမျိုးသမီးတို့ဟာ မိဘရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုအောက်မှ ထွက်ခွာပြီး တသီးတခြား နေနိုင်တယ်။ တစ်ခုခုကို လုပ်တယ်ဆိုရင်လည်း မိဘရဲ့ သဘောတူညီချက်ကို တောင်းခံနေဖို့ မလိုဘဲ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် လုပ်နိုင်တယ်။ ဒီလိုလုပ်နိုင်ခွင့်ရှိလို့ ဖိုမဆက်ဆံမှုမှာလည်း နှစ်ဦးသဘောတူရင် သွားလာနိုင်တယ်၊ သံဝါသပြုနိုင်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လက်ထပ်နိုင်တယ်၊ လက်မထပ်ဘဲနဲ့လည်း အတူပေါင်းသင်းနေထိုင်နိုင်တယ်။ ဒါဟာ လူတစ်ဦးစီရဲ့ လွတ်လပ်မှုအခွင့်အရေးပဲလို့ သူတို့ယူဆတယ်။

ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်က အမျိုးသမီးရဲ့ စောင့်ထိန်းသူ မိဘမောင်ဘွား ဆွေမျိုးများအားလုံးရဲ့ သဘောတူညီချက်မရှိဘဲ ဖိုမ ဆက်ဆံခြင်းနဲ့ လက်ထပ်ခြင်းတို့ကို ဟန့်တားတယ်ဆိုတော့ လူ တစ်ဦးစီရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အဟန့်အတားပြုရာ ရောက်နေတယ်တဲ့။

ပြီးတော့ တစ်ခါ အမျိုးသမီးတွေဟာ အမျိုးသားတို့နဲ့ အခွင့်အရေး အတူတူ ရရှိကြတဲ့အတွက် အမျိုးသားတွေလိုပဲ မိဘအုပ်ထိန်းသူတို့ရဲ့ ခွင့်ပြုချက်ကို တောင်းခံနေဖို့ မလိုဘဲ မိမိအလိုဆန္ဒအတိုင်း ပြုမူနိုင်ကြတယ်လို့လည်း သူတို့ ခံယူထားကြတယ်။

ဒါကြောင့် ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ဟာ အရှေ့တိုင်း ယဉ်ကျေးမှုနဲ့ အံဝင်ခွင်ကျ ဖြစ်ချင်ဖြစ်ပေမယ့် အနောက်တိုင်းယဉ်ကျေးမှုနဲ့ အံဝင်ခွင်ကျ မဖြစ်ဘူး။ ဒါကြောင့် အနောက်တိုင်းသားတို့အတွက် ဒီသိက္ခာပုဒ် မလိုအပ်ဘူးလို့ သူတို့ စောဒကတက်ကြပါတယ်။

**သီဟိုဠ်နိုင်ငံမဟာစည်ရိပ်သာ** မှာ ဥရောပတိုက်သား အများစု ပါဝင်တဲ့ နိုင်ငံခြားသားများ လာရောက်အားထုတ်ကြတဲ့အခါ ပြင်သစ် အမျိုးသားတစ်ဦးက ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသုန္ဒရ(ဘီအေ) နဲ့ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို အကြိတ်အနယ် ဆွေးနွေးတယ်။

သူက အိမ်ထောင်ရှိပေမယ့် အခြားအမျိုးသမီးများနဲ့ လွတ်လွတ် လပ်လပ် သွားလာဆက်ဆံတာကို သူ့ဇနီးက ခွင့်လွှတ်တယ်။ သူ့ ဇနီးက အခြားယောကျ်ားများနဲ့ သွားလာဆက်ဆံတာကိုလည်း သူ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်တယ်။ ဒီလိုသွားလာဆက်ဆံတာ အပြစ်ရှိပါသလားလို့ မေးတယ်။

ဦးသုန္ဒရက ကျမ်းဂန်အကိုးအကားနဲ့ အပြစ်ရှိကြောင်း ရှင်းပြတယ်။ ပြင်သစ်အမျိုးသားက လက်မခံနိုင်ဘူး။ သူနဲ့ သူ့ဇနီးတို့ နှစ်ဦးသဘောတူထားတဲ့ကိစ္စဖြစ်လို့ အပြစ်မရှိနိုင်ဘူးလို့ ဆင်ခြေတက်တယ်။

ဦးသုန္ဒရက ဘယ်လိုရှင်းပြလို့မှ မရတဲ့အခါ ရိပ်သာအပြင်ဘက်မှာ မိတ်လိုက်နေကြတဲ့ ခွေးတစ်အုပ်ကို လက်ညှိုးထိုးပြပြီး…

"ဒကာ ဟိုမှာကြည့်စမ်း၊ ခွေးထီးများက ခွေးမအမျိုးမျိုးနဲ့ မိတ်လိုက်နေသလို ခွေးမတွေကလဲ ခွေးထီးအမျိုးမျိုးနဲ့ မိတ်လိုက်နေကြတယ် မဟုတ်လား။ ဒကာတို့ရဲ့ အမျိုးသား အမျိုးသမီးတွေကလဲ ကိုယ်ကြိုက်တဲ့သူနဲ့ လွတ်လွတ်လပ်လပ် မိတ်လိုက်နိုင်ကြတယ်ဆိုရင် ဒကာတို့နဲ့ ခွေးတွေအကြားမှာ ဘာခြားနားမှု ရှိသေးသလဲ"

"ဟား…ဟုတ်တယ်၊ ကျွန်ုပ်သဘောပေါက်ပြီ၊ လူနဲ့ ခွေးနဲ့ ခြားနားမှု မရှိရင် မကောင်းဘူး၊ ခြားနားမှု ရှိရမယ်။ ကာမေသုမိစ္ဆာစာရကံကို ထိန်းသိမ်းသင့်တာကို ကျွန်ုပ် သဘောပေါက်ပါပြီ။"

## မေတ္တာသာ ပဓာန

အမေရိကန်ပြည်ထောင်စုမှာရော၊ ဆိုဗီယက်ရုရှားမှာရော လက်ထပ် ထိမ်းမြားကြပြီးတဲ့ ဇနီးမောင်နှံစုံများအနက် သုံးပုံတစ်ပုံဟာ ကွဲပြဲသွားကြပါတယ်။ ကွဲကွာသွားကြတဲ့ သူတွေက နောက်ထပ် အိမ်ထောင်ပြုကြတဲ့အခါ ဒီအိမ်ထောင်သစ် တစ်ဝက်က တစ်ဖန် ကွဲကွာသွားကြပါတယ်။ ဒီလိုကွဲကွာသွားတဲ့ အိမ်ထောင်စုများဟာ ပျော်ရွှင်ချမ်းမြေ့ဖွယ် မရှိဘူးဆိုတာ သေချာနေပါတယ်။ ဒါဟာ ခြိုခန်ခွင့်ပြုထားတဲ့ လူနေမှုစနစ်ရဲ့ ရလဒ်တစ်ခုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အနောက်တိုင်းမှာ လက်မထပ်ဘဲနဲ့ အတူနေကြတဲ့ မောင်နှံစုံတို့ရဲ့ ပြဿနာကလည်း မသေးဘူး။ သူတို့ယူဆတာက အိမ်ထောင် အတည်တကျမပြုဘဲ ကြိုက်တဲ့သူနဲ့ တွဲလိုက်၊ ငြီးငွေ့တော့အတွဲ ပြောင်းလိုက်၊ ဒီလိုနေထိုင်ရရင် ပိုပျော်စရာကောင်းလိမ့်မယ်၊ တာဝန်လည်း နည်းလိမ့်မယ်ပေါ့။ ဒီယူဆချက်က မမှန်ဘူးဆိုတာ တကယ့်ဖြစ်ရပ်များက သက်သေထူပြနေတယ်။

ရာသက်ပန် မပေါင်းဖက်နိုင်တဲ့ အချစ်ဟာ နက်ရှိုင်းတဲ့ အချစ်စစ် အချစ်မှန် မဟုတ်ဘူး။ အပေါ်ယံအချစ်လောက်နဲ့ ဖိုမဆက်ဆံခြင်းဟာလည်း အနှစ်သာရမရှိဘူး။ အတွဲပြောင်းလေလေ အဓိပ္ပာယ်ကင်းမဲ့လေလေ ပျော်ရွှင်စရာကင်းလေလေ ဖြစ်လာတယ်။ ကာမဂုဏ်ခံစားမှုဆိုတာကလည်း ခဏတစ်ဖြုတ်သာ စိတ်လှုပ်ရှားမှုနဲ့ ကောင်းတယ်ထင်ရပြီး ကြာရင်ရိုးသွားတတ်ပါတယ်။ ပေါ်ဆန်းမွှေးဖြစ်သွားတတ်ပါတယ်။

ပေါ်ဆန်းမွှေးဆန်က ချက်ခါစ တစ်ရက်နှစ်ရက်မှာ တစ်အိမ်လုံး မွှေးကြိုင်နေတာပဲ။ စားတဲ့အခါမှာလည်း မွှေးလို့ အရသာသိပ်ရှိတယ်လို့ ထင်မိတယ်။ သုံးလေးရက် ကြာလာတာနဲ့ မွှေးတဲ့အနံ့ မရတော့ဘူး၊ အာရုံရိုးသွားတော့ အာရုံကြောတွေက အာရုံဆက်မယူတော့ဘူး။

ဒါကြောင့် "နမ်းဖန်များရင် ပြယ်" ဆိုသလို ရေမွှေး ပေါင်ဒါ မိတ်ကပ် တစ်မျိုးမျိုးကို တာရှည်သုံးရင် အနံ့မရှိတော့သလို ဖြစ်သွားတယ်။

ဆိုးတဲ့အနံ့ကို နမ်းရှူတဲ့အခါမှာလည်း ဒီသဘောအတိုင်းဖြစ်ပါတယ်။ နံစော်တဲ့အိမ်သာထဲကို ဝင်ခါစတစ်ချက်မှာ မခံမရပ်နိုင်အောင် ဖြစ်မိတယ်။ တစ်အောင့်လောက် ထိုင်မိတဲ့အခါ အနံ့ယဉ်သွားတယ်။ တစ်နေ့လုံးသာ ထိုင်နေရင် ဘာမှ အနံ့ရတော့မှာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ခန္ဓာဗေဒ တည်ဆောက်မှုသဘောကို မသိနားမလည်ကြတဲ့ လူငယ်လူရွယ်တွေဟာ လွတ်လွတ်လပ်လပ် ဖိုမဆက်ဆံရရင် သိပ်ပျော်လိမ့်မယ်လို့ ထင်ကြတာ။ အာရုံတွေ ရိုးကုန်တော့ တဏှာက အာရုံအသစ်ကို ရှာဖွေဖို့ တောင်းဆိုတယ်။ အဲဒီအခါမှာ မူးယစ်ဆေးဝါးနဲ့ တိုးပြီး ဘဝဆုံးရှုံးကုန်ကြတော့တာပဲ။

အမှန်က **ရှေးမြန်မာတို့စလေ့** အရ လုလင်ပျိုနဲ့ လုံမပျိုတို့ဟာ မိဘရှေ့မှာ တွေ့ဆုံကြ၊ ရပ်ရွာအကြောင်း အလုပ်အကြောင်း စာအကြောင်း ကဗျာအကြောင်း ဆွေးနွေးကြ၊ စကားထာဝှက်ကြ ဖြေကြ၊ သုံးနှစ်သုံးမိုး အချိန်ယူ ပိုးပန်းကြပြီး စိတ်တူသဘောတူ ဝါသနာတူတယ်ဆိုမှ လက်ထပ်ထိမ်းမြားကြတာ သိပ်ကောင်းတယ်။ အိမ်ထောင်လည်း တည်မြဲတယ်။

ကျွန်တော့်အတွေ့အကြုံအရ **ပျော်စရာအကောင်းဆုံးအချိန်ကို ကြာကြာရွှေ့ထားနိုင်လေလေ ကောင်းလေလေပါပဲ**။ ကျွန်တော့် ဇနီးလောင်းကို ကျွန်တော် စတွေ့ပြီး ချစ်ကြိုက်မိတာ ၁၀ နှစ်သားအရွယ်၊ လက်ထပ်တာက ၂၇ နှစ်အရွယ်၊ ကြားမှာ မျှော်တလင့်လင့်နဲ့ စောင့်ဆိုင်းနေကြတဲ့ ကာလဟာ တစ်မျိုးပျော်စရာ ကောင်းတာပဲ။ လက်ထပ်ပြီးတော့ သားသမီးရလာတဲ့အခါမှာလည်း တစ်မျိုးပျော်စရာကောင်းတာပါပဲ။

ရင်သွေးငယ်တို့ဟာ မိဘတို့ကို မကွဲကွာအောင် ချည်နှောင်ပေးတဲ့ စည်းနှောင်အား (Binding force) တစ်မျိုး ဖြစ်ပါတယ်။ သားသမီးတို့ရဲ့ ဆည်းလည်းပမာ တီတီတာတာ စကားသံတို့ဟာ အိမ်ထောင်ကို သာယာကြည်နူးစဖွယ်ဖြစ်စေသလို သားသမီးတို့အပေါ်မှာ ထားရှိတဲ့ ကြီးမားတဲ့ မိဘမေတ္တာကလည်း မိသားစုကို ပျော်ရွှင်ချမ်းမြေ့စေပါတယ်။ သားသမီးအတွက် တာဝန်များ ပိုလာသလို တာဝန်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို လက်မလည်အောင် လုပ်ဆောင်နေရင်းနဲ့ သံသရာဘီးကြီးက မြန်မြန် လိမ့်သွားလေတော့ ငြီးငွေ့စရာ မရှိတော့ပါဘူး။

သားတို့ရပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊
တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်း။

အတည်တကျ အိမ်ထောင်မထူဝံ့တဲ့သူတွေဟာ လူ့ဘောင်လောကမှာ အကောင်းဆုံးဖြစ်တဲ့ အိမ်ထောင့်အရသာကို အဘယ်မှာလျှင် အပြည့်အဝ ခံစားနိုင်ပါတော့မလဲ။

မေတ္တာနဲ့ယှဉ်တဲ့အချစ်မှ အနစ်နာခံနိုင်တယ်။
မေတ္တာ ရှင်သန်စေလိုရင် တဏှာကို ပယ်လှန်ရမယ်။

## လွတ်လပ်တဲ့အချစ်ရဲ့ ဆိုးပြစ်များ

ဩစတြေးလျနိုင်ငံကို ကျွန်တော်ရောက်ခဲ့စဉ်က သူတို့ရဲ့ လူနေမှုစနစ်ကို တစေ့တစောင်း လေ့လာခဲ့ရတယ်။ ဩစတြေးလျနိုင်ငံက အလွန်ကျယ်ပြန့်ပြီး လူဦးရေက ၁၄ သန်းလောက်ပဲ ရှိတော့ အလွန်ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ စီးပွားရေးစနစ်၊ ပညာရေးစနစ်၊ လူမှုရေးစနစ်တို့က အမေရိကန် ဆန်တယ်။

အင်မတန်ချမ်းသာပြီး ခေတ်မီတိုးတက်နေတဲ့ ဩစတြေးလျနိုင်ငံရဲ့ ပြည်သူအပေါင်းတို့ဟာ အလွန်ချမ်းသာပျော်ရွှင်ကြလိမ့်မယ်လို့ ကျွန်တော်ထင်မိတယ်။ သူတို့သတင်းစာတွေကို ဖတ်ရှုလေ့လာရတော့မှ ကျွန်တော့်ရဲ့ထင်မြင်ချက် မှားတယ်ဆိုတာ သိနားလည်ရပါတယ်။

ဘယ်လိုအထောက်အထား တွေ့ရလို့လဲ။ ဩစတြေးလျနိုင်ငံမှာ စိတ်မနှံ့တဲ့သူတွေ၊ ရူးသွပ်ကြတဲ့သူတွေက ရာခိုင်နှုန်း တော်တော်များတာပဲ။ ဒီလို စိတ်မနှံ့ရတဲ့အကြောင်းရင်း တစ်ရပ်က သူတို့ရဲ့လူနေမှုစနစ်ကြောင့်ပဲလို့ ကျွန်တော် ကောက်ချက်ချမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဩစတြေးလျအစိုးရက အသက် ၁၅ နှစ်ပြည့်ကြတဲ့ အမျိုးသား အမျိုးသမီးငယ်တို့ဟာ မိဘအုပ်ထိန်းမှုအောက်မှ ထွက်ခွာပြီး မိမိတို့ ဆန္ဒအတိုင်း နေထိုင်နိုင်ကြတယ်လို့ ဥပဒေက ပြဋ္ဌာန်းပေးထားတယ်။ အသက် ၁၅ နှစ်ဆိုတာ အထက်တန်းကျောင်းပညာ ဆည်းပူးလို့ မပြီး သေးတဲ့အရွယ်ပဲ။ အသိပညာမပြည့်စုံသေးတဲ့အရွယ်မှာ ကိုယ်ပိုင် နေ ထိုင်ခွင့် ပြုလိုက်တာ စောလွန်းတယ်လို့ ကျွန်တော်ထင်ပါတယ်။

အဲသလိုဥပဒေက ခွင့်ပြုထားတော့ အသက် ၁၅ နှစ်ပြည့်ပြီးတဲ့ လူငယ်အများစုက မိဘနဲ့ခွဲပြီး နေထိုင်ကြတယ်။ အမျိုးသမီး အချင်း ချင်း စုပေါင်းနေထိုင်တာလည်း ရှိတယ်။ အမျိုးသားနဲ့ အမျိုးသမီး စု ပေါင်းနေထိုင်တာလည်းရှိတယ်။ သူတို့အကြောင်းပြတာက ယောကျ်ား ကလေးနဲ့ မိန်းကလေး အတူနေပြီး ကိုယ်နဲ့ ဆိုင်လျော်တဲ့ တာဝန်တွေကို ခွဲဝေလုပ်ကိုင်ကြတော့ ပိုအဆင်ပြေတယ်တဲ့။

သားသမီးတွေ ခွဲထွက်တာကို မိဘတို့က တားဆီးပိုင်ခွင့် မရှိဘူး။ အချို့မိဘတွေက မတားဆီးတဲ့အပြင် သားသမီးတွေ အိမ်မှထွက်သွား အောင် တွန်းထုတ်ပေးကြသေးတယ်။ မိဘနဲ့ သားသမီး ကွဲပြားနေတဲ့ မိသားစုဟာ ဘယ်မှာပျော်ရွှင်စရာ ရှိတော့မှာလဲ။ သူတို့အတွေးက သားသမီးတွေ ခွဲထွက်သွားတော့ မိဘတို့က ထောက်ပံ့ဖို့ မလိုတော့ ဘူး။ မိဘနှစ်ဦးက ပျော်ပျော်လွတ်လွတ် နေနိုင်တယ်တဲ့။ လူငယ်တွေ က ကိုယ်ထူးကိုယ်ချွန်ကြတော့ ပိုတိုးတက်တယ်တဲ့။

မိဘအထောက်အပံ့မရကြတဲ့လူငယ်တွေဟာ အလုပ်ရှာလုပ်ကြ ရတယ်။ ကျောင်းကလည်းတစ်ဖက်ဆိုတော့ အချိန်ပိုင်း အလုပ်တွေ ပဲ လုပ်နိုင်တယ်။ စားသောက်ဆိုင် ကုန်စုံဆိုင်တို့ကလည်း 'ဂျူနီယာ' လို့ ခေါ်တဲ့ လူငယ်တွေကို လုပ်အားခ နည်းနည်းနဲ့ ငှားရမ်းခွင့်ရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ငှားရမ်းအသုံးပြုကြတယ်။ ဒီလုပ်အားခနဲ့ လူငယ်တွေက စားသောက်နေထိုင်သွားကြလို့ အဆင်ပြေတယ်လို့ ဆိုရပေမယ်။

ဒါပေမဲ့ ဆိုးပြစ်တွေက အများကြီး။ မိဘတို့က သားသမီးတို့ကို ပညာဆုံးခန်းတိုင်အောင် ကြပ်မတ်ပြီး ပညာအမွေ မပေးကြတော့ လူငယ်တွေ စိတ်လေကုန်တယ်။ အလုပ်တစ်ဖက် လုပ်ရပြန်တော့ အထက်တန်းကျောင်း ပြီးဆုံးအောင် ဝတ်ကျေတန်းကျေသာ တက်လိုက်ကြတယ်။ သူတို့ဆီမှာ အတန်းချတဲ့ စနစ် မရှိဘူး။ တစ်နှစ် တစ်တန်းတက်၊ အတန်းဆုံးသွားရင် ကျောင်းထွက်နိုင်ပြီ။ တက္ကသိုလ်ရောက်အောင် ကြိုးစားတဲ့လူက လူနည်းစုပဲ ရှိတယ်။

အဲ... လူငယ်လူရွယ်တွေ လွတ်လွတ်လပ်လပ် နေခွင့်ရကြတော့ မှောက်မှားကုန်ကြတာပေါ့။ အတည်တကျ အိမ်ထောင်ပြုသူက နည်းပြီး လက်မထပ်ဘဲ အတူနေကြတာတွေ၊ တစ်ယောက်တည်းနဲ့ အတည်တကျ မရှိဘဲ ကျပန်းနှစ်သက်တဲ့လူနဲ့ လှည့်ပြောင်းတွဲနေတဲ့သူတွေက များတယ်။

အချို့က ကလေးရလာပြီးတော့မှ မသင့်မမြတ်ဖြစ်ပြီး အတွဲ ခွဲကြပြန်တော့ ကလေးကို ဘယ်သူ ကျွေးမွေးစောင့်ရှောက်မလဲ ဆိုတဲ့ ပြဿနာပေါ်လာတယ်။ ဘယ်သူကမှ မကျွေးမွေးချင်ရင် ကလေးက မိဘရှိလျက် မိဘမဲ့ဖြစ်ရတယ်။ အမေရော အဖေရော ကလေးကို လိုချင်ရင် တရားရုံးမှာ ရင်ဆိုင်ကြရတယ်။ အမေက ကလေးကို ရရင်ဖြစ်ဖြစ်၊ အဖေက ကလေးကို ရရင်ဖြစ်ဖြစ် သူတို့က အတွဲပြောင်းထားကြတာမို့ ကလေးဟာ လူပိုကလေးဖြစ်နေပြီး မိဘမေတ္တာကို ထက်ဝက်တောင် မရတော့ပါဘူး။

အတွဲကွဲသွားကြတဲ့ အမျိုးသား အမျိုးသမီးတွေလည်း မပျော်နိုင်နိုင်တော့ဘဲ အထီးကျန် ခံစားမှုတွေကို ရလာကြတယ်။ အချို့က ဘဝ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အခိပ္ပာယ်ကင်းမဲ့လာလို့ ရှုးကြောင်ကြောင် ဖြစ်လာကြတယ်။ ဆစ်ဒနီ မြို့လယ်မှာရှိတဲ့ 'ဝတ်ဗုဒ္ဓရုံသိ' အမည်ရှိတဲ့ ယိုးဒယား ဘုန်းကြီးကျောင်းမှာ ကျွန်တော် ကမ္ပဋ္ဌာန်းလုပ်နေစဉ် စိတ်ဆင်းရဲလွန်းလို့ စိတ်ချမ်းမြေ့မှုကို လာရှာတဲ့ အမျိုးသား အမျိုးသမီးအချို့ ကျောင်းသို့ ရောက်လာကြပါတယ်။

သူတို့ကို ကျွန်တော်မေးကြည့်တော့ အတွဲကွဲရ၊ ရင်သွေးနဲ့ ကွဲရလို့ သိပ်စိတ်ဆင်းရဲတယ်တဲ့။ အချစ်တလင်းပြင်မှာ တကယ်ချစ်သူက အရှုံးသမားဖြစ်ပြီး ပိုကြေကွဲရပါတယ်။

ကွဲနှစ်ကောင်ခတ်ရာ မြေဇာပင် ဖြစ်ကြရရှာတဲ့ ကလေးငယ်တွေလည်း အလွန်သနားစရာကောင်းပါတယ်။ မိဘရဲ့မေတ္တာကို အပြည့်အဝ မခံယူကြရတဲ့အပြင် မိဘရဲ့ပြုစုယုယမှုကိုလည်း အချိန်ပြည့်မခံယူကြရပါဘူး။ နုနုနယ်နယ်ကလေးနဲ့ တစ်ဦးတည်းနေရတာများလို့ စိတ်အားငယ်ကြရတယ်။ မိုးခြိမ်းသံလို ကြောက်လန့်စရာအသံ ကြားရတဲ့အခါ မိခင်ရဲ့ရင်ခွင်မှာ ခိုအောင်းခွင့် ရကြတဲ့ ကလေးတွေက အကြောက်ပြေသွားနိုင်ပေမယ့် မိခင်ရဲ့ထွေးပိုက်ယုယမှုကို မခံကြရတဲ့ ဒီကလေးတွေဟာ အကြောက်မပြေကြဘူး။ ဒါကြောင့် ငယ်ငယ်ကလေးနဲ့ အကြောက်လွန်ရောဂါ၊ စိတ်အားငယ်တဲ့ရောဂါတွေ စွဲကပ်သွားတယ်။ ဒီရောဂါတွေဟာ ကြီးပြင်းတဲ့အထိ ကုစားဖို့မလွယ်ဘူး။

ဩစတြေးလျ စာသင်ကျောင်းတွေကို ကျွန်တော် သွားလေ့လာတော့ မိဘမစုံတဲ့ ကလေးတွေရဲ့ ဦးရေဟာ ၄၀ ရာခိုင်နှုန်းလောက်တောင် ရှိတာကို သိရှိရပါတယ်။ ဒီကလေးအများစုက ပုံမှန် ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ မှုမမှန်ကလေးတွေ ဖြစ်ကြရပြီး လူ့အဖွဲ့အစည်းထဲကို ဝင်ဆံ့ဖို့ ကြောက်ရွံ့နေကြတယ်လို့လည်း သိရှိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်တဲ့အချစ်ဟာ ပေါ့ပျက်ပျက်အချစ်သာဖြစ်ပြီး လေးနက်တဲ့အိမ်ထောင်အရသာနဲ့ ဘဝချမ်းသာကို မပေးဆောင်နိုင်ဘဲ ဆိုးပြစ်များကိုသာ တိုးပွားစေပါတယ်။

ဒါကြောင့်သူတော်ကောင်းတို့ရဲ့အမှတ်လက္ခဏာဖြစ်တဲ့ဒုစရိုက်ကို ရှက်ကြောက်တဲ့ ဟိရိဩတ္တပ္ပတရားတို့ကို စောင့်ထိန်းပြီး အကုသိုလ်ကံမြောက်တဲ့ ကာမေသုမိစ္ဆာစာရအမှုတို့ကို ရှောင်ရှားကြမှာသာလျှင် ချမ်းသာပျော်ရွှင်တဲ့ အိမ်ထောင်စုများကို ထူထောင်နိုင်ကြမယ်၊ စည်ပင်ဝပြောတဲ့ တိုင်းနိုင်ငံကို တည်ဆောက်နိုင်ကြပေလိမ့်မယ်။

## သူတော်ကောင်းတို့ရဲ့အလေ့အထမဟုတ်

လောကီလူမှုရေးရှုထောင့်ကကြည့်ရင် ကာမေသုမိစ္ဆာစာရအမှုဟာ သာယာခိုင်မြဲတဲ့အိမ်ထောင်ကို မထူထောင်နိုင်တဲ့အပြင် မိဘမစုံမျက်နှာငယ် အားငယ်ပြီး လူရာမဝင်ဝံ့တဲ့ လူမမယ်ကလေးများကို ပေါက်ဖွားစေခြင်းဖြင့် လူမျိုးနဲ့ နိုင်ငံကို ထိခိုက်နစ်နာစေတယ်ဆိုတာ သိသာထင်ရှားပါပြီ။

**သိင်္ဂါလောဝါဒသုတ်** စတဲ့ လူမှုရေးတရားတော်များမှာ ကြီးပွားချမ်းသာလိုကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ဟာ အောက်ပါ စီးပွားပျက်ကြောင်းတရား ခြောက်ပါးကို ရှောင်ရှားကြဖို့ မြတ်စွာဘုရား ဩဝါဒပေးတော်မူတယ်။

(၁) သေရည်သောက်စား၊ ပြုသူများ၊ စီးပွားပျက်မည် မှတ်။
(၂) ညဉ့်ခါပျော်ပါး၊ လှည့်လည်သွား၊ စီးပွားပျက်မည် မှတ်။
(၃) ပွဲလမ်းကြိုက်ငြား၊ အသွားများ၊ စီးပွားပျက်မည် မှတ်။
(၄) ကစားလောင်းစား၊ ပြုသူများ၊ စီးပွားပျက်မည် မှတ်။
(၅) လူမိုက်နှင့်ကား၊ ပေါင်းသင်းငြား၊ စီးပွားပျက်မည် မှတ်။

www.burmeseclassic.com

www.burmeseclassic.com



(၆) ပျင်းရိလေငြား၊ ထိုသူအား၊ စီးပွားပျက်မည် မှတ်။

(ချမ်းမြေ့ဆရာတော်ရဲ့ "လူငယ်သင် ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာ" စာအုပ်မှ ကောက်နုတ်ဖော်ပြပါတယ်)

ဒီတရားခြောက်ပါးကို ဆန်းစစ်လိုက်ရင် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်နဲ့ အားလုံးသက်ဆိုင်နေတာကို တွေ့ရပါတယ်။ သေရည်သောက်စားတဲ့သူ၊ ပွဲလမ်းသဘင်လိုက်စားတဲ့သူ၊ ညဥ့်အခါ လှည့်လည်ပျော်ပါးတဲ့လူ၊ လောင်းကစားပြုတဲ့လူတွေဟာ လူမိုက်တွေနဲ့ အပေါင်းအသင်းပြုပြီး ကုသိုလ်ကောင်းမှုများကို ပြုဖို့ ပျင်းရိနေကြတဲ့လူတွေပဲ။ တစ်နည်းဆိုရင် ကာမဂုဏ်ကို လွန်လွန်ကျူးကျူး လိုက်စားနေကြတဲ့ လူတွေပါပဲ။

ကာမဂုဏ်ကို လွန်လွန်ကျူးကျူး မိုက်မိုက်မှားမှား လိုက်စားတာဟာ ကာမေသုမိစ္ဆာစာရအမှုကို လွန်ကျူးခြင်းပင် ဖြစ်ပေတယ်။

တစ်ဖန် **ဒီဃဇာဏုသုတ်တော်မှာ** ဗျဂ္ဃပဇ္ဇအနွယ်ဖြစ်တဲ့ ဒီဃဇာဏုဥပါသကာအား ပျက်စီးခြင်းတရား လေးပါးကို အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားပါတယ်။

(၁) အမျိုးသမီးများနှင့် အပျော်အပါးလိုက်စားခြင်း။

(၂) အရက်သေစာ အသောက်အစားတို့ကို သောက်စား မူးယစ်ခြင်း။

(၃) အလောင်းအစား ကစားကျူးခြင်း။

(၄) မိတ်ဆွေယုတ်များနဲ့ ပေါင်းသင်းခြင်း။

ဒီတရားလေးပါးမှာ အမျိုးသမီးများနဲ့ အပျော်အပါး လိုက်စားတာ တိုက်ရိုက်ပါလာတယ်။ အမျိုးသမီးများကလည်း အမျိုးသားများနဲ့ အပျော်အပါးလိုက်စားရင် ပျက်စီးမှာ သေချာပါတယ်။ အနောက်တိုင်းမှာ ဒီလိုလိုက်စားပျော်ပါးမှုတွေ များလို့ ဆေးကုလို့ မရတဲ့ ကိုယ်ခံ

www.burmeseclassic.com

www.burmeseclassic.com



စွမ်းအားကျရောဂါ (AIDS) ပြန့်ပွားနေတယ်။ ဒီရောဂါဟာ လူမျိုးနွယ်တစ်ခုလုံးကို ဖျက်ဆီးဖို့ ယနေ့ကမ္ဘာကို ခြိမ်းခြောက်နေပါပြီ။

စေ့စေ့တွေးလေလေ မြတ်စွာဘုရားရဲ့ တရားတော်ဟာ အနှစ်သာရ ရှိလေလေပါပဲ။ ဒီလိုမတွေးမိဘဲ အနောက်တိုင်းရဲ့ သရုပ်ပျက် ယဉ်ကျေးမှုကို အထင်ကြီးကာ အချို့စာရေးသူများက "လက်မထပ်ဘဲ အတူနေ" (Living Together) စတဲ့ အလေ့အထတို့ကို ဝတ္ထုမှာ အသားပေး ရေးသားလာကြတာဟာ ကာမဂုဏ်နဲ့ မွေ့လျော်နေချင်ကြတဲ့ လူငယ်များကို ဒုစရိုက်ပြုဖို့ အားပေးရာရောက်တဲ့အတွက် အထူးဆင်ခြင်သင့်ကြပါတယ်။

တရားသဘောနဲ့ကြည့်ရင် ကာမဂုဏ်လိုက်စားခြင်းဟာ ယုတ်ညံ့တဲ့ အမှုတွေပါပဲ။ ဒါကြောင့် ဗွေဆော်ဦး **ဓမ္မစကြာတရားတော်**မှာ မြတ်စွာဘုရားက အမှန်တရားဆိုတဲ့ သစ္စာတရားကို ရှာဖွေနေတဲ့ လူတွေဟာ ရှေးဦးစွာ ယုတ်ညံ့တဲ့ အစွန်းတရားနှစ်ပါးကို ရှောင်ကြဉ်ကြရမယ်လို့ ဟောတော်မူတယ်။

ယုတ်ညံ့တဲ့ အစွန်းတရားနှစ်ပါးက ဘာတွေလဲ။

(၁) ကာမသုခလ္လိကာနုယောဂ–ကာမဂုဏ်ခံစားခြင်းနဲ့

(၂) အတ္တကိလမထာနုယောဂ–မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်း တို့ ဖြစ်ပါတယ်။

အာရုံငါးပါးဆိုတဲ့ ကာမဂုဏ်တရားတို့ကို ခံစားခြင်း ဆိုတာ မြို့သူမြို့သား ရွာသူရွာသား ပုထုဇဉ်များရဲ့ ယုတ်ညံ့တဲ့ အလေ့အထသာ ဖြစ်တယ်။ အရိယာဆိုတဲ့ ပုဂ္ဂိုလ်မြတ်တို့နဲ့ မသက်ဆိုင်ဘူး။ ဒုက္ခငြိမ်းသိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့အတွက်လည်း အထောက်အပံ့ မဖြစ်ဘူးလို့ မြတ်စွာဘုရား ဟောတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်တွေကို လိုက်စားရင် ဘာကြောင့် သစ္စာတရားကို မသိနိုင်တာလဲ။ ကာမဂုဏ်တွေကို လိုက်စားနေတဲ့သူတွေဟာ သမာဓိ မထူထောင်နိုင်ဘူး။ ကာမဂုဏ်အာရုံတွေမှာ ပြေးလွှားကျက်စားလေ့ ရှိတဲ့ စိတ်ကို ချုပ်နှိမ်ဆုံးမနိုင်ပါမှ သမာဓိ ထူထောင်နိုင်မယ်။ သမာဓိ ရှိလာမှ ဟုတ်တိုင်းမှန်စွာ ထိုးထွင်းပြီး သိနိုင်တယ်။ ဒီလို ထိုးထွင်းသိနိုင်မှ သစ္စာတရားကို မြင်သိနိုင်မှာ ဖြစ်ပါတယ်။

သစ္စာတရားတော်နဲ့ နှိုင်းစာရင် ကာမဂုဏ်ခံစားခြင်းဆိုတာ အလွန့်အလွန် ယုတ်ညံ့ပါတယ်။ ကာမဂုဏ်တွေထဲမှာ တစ်ခါ လူရှေ့သူရှေ့မှာ မပြုမူသင့်တဲ့ မေထုန်မှီဝဲခြင်းအမှုဟာ အယုတ်ညံ့ဆုံး အမှုဖြစ်ပါတယ်။ ဒါကြောင့် ကာမရာဂကို နှိုးဆွမြှောက်ပင့်ပေးတဲ့ မလုံမလဲ ဝတ်စားဆင်ယင်မှုများနဲ့ လူမြင်ကွင်းမှာ မောင်နှံစုံတွဲယှက်ပြီး သွားလာကြခြင်းများဟာ ဟိရီဩတ္တပ္ပတရားနဲ့ မညီညွတ်ကြတဲ့ ယုတ်ညံ့တဲ့ အမူအကျင့်တွေ ဖြစ်ကြပါတယ်။

သူတော်စင်များကတော့ သူတစ်ပါး သားမယား ကျူးလွန်ဖို့ မပြောနဲ့၊ ယုတ်ညံ့တဲ့ မေထုန်မှီဝဲတဲ့ အမှုမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ **အဗြဟ္မစရိယ အကျင့်** ကိုပင် မြတ်နိုးစွာ ကျင့်ကြံကြပါတယ်။ ဘုရားရှင်နှင့် ယသော်ဓရာ လောင်းလျာနှစ်ပါးတို့ဟာ သံသရာမှာ ပါရမီဖြည့်ဖက်များ ဖြစ်ကြလို့ ဖြစ်လေရာဘဝမှာ တစ်ဦးနဲ့တစ်ဦး အလွန်ကြင်နာမြတ်နိုးကြပါတယ်။

သို့ပေမယ့်လည်း သုရန္ဓန ပြည်ကြီးမှာ **ဥဒယဘဒ္ဒမင်းသား** နဲ့ **ဥဒယဘဒ္ဒမင်းသမီး** တို့ ဖြစ်ကြတဲ့အခါမှာ မင်းနဲ့ မိဖုရားအဖြစ် နေထိုင်ကြရပေမယ့် အဗြဟ္မစရိယ အကျင့်ဖြင့် ဖြူဖြူစင်စင် နေထိုင်ကြပါတယ်။ ကွယ်လွန်ကြတဲ့အခါ တာဝတိံသာ နတ်ပြည်မှာ သိကြားနဲ့ သိကြားမိဖုရား ဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား သာသနာမှာ **ဝိပ္ပလိလုလင်နဲ့ မယ်ဘဒ္ဒါ** တို့ဟာ ရွှေအဆင်းလို လှပတင့်တယ်ကြပြီးတော့ အလွန်ချမ်းသာတဲ့ သူဌေး သူကြွယ် သားသမီးများ ဖြစ်ကြတယ်။ ကာမဂုဏ်ကို အစွမ်းကုန် ခံစား နိုင်တဲ့ အခြေအနေရှိပေမယ်လို့ သူတို့နှစ်ဦးဟာ မိဘများက ထိမ်းမြား ပေးလို့သာ အကြင်လင်မယားဘဝသို့ ရောက်လာကြပေမယ့် သဘော တူ မနှောဖြူနဲ့ အိပ်ရာအလယ်မှာ ပန်းစည်းနှစ်စည်းကို ချထားပြီးတော့ သူ့ပန်းစည်း ကိုယ့်ပန်းစည်း မညှိုးနွမ်းအောင် အိပ်စက်ကြတယ်။ နောက် ရဟန်းပြုကြတော့ ရဟန္တာများ ဖြစ်သွားကြတယ်။

အမြင့်ဆုံးဘဝချမ်းသာကို ရရှိကြဖို့အတွက် သူတော်ကောင်းတို့ ရဲ့ မြတ်တဲ့အကျင့်ကို အတုယူသင့်ကြပေတယ်။

## အာနန္ဒာလောင်းလျာနဲ့ ဒု-သ-န-သော

**အရှင်အာနန္ဒာလောင်းလျာ** ဟာ ကမ္ဘာတစ်သိန်းမျှ ပါရမီပြုပြီး နောက် ကျွတ်တမ်းဝင်မယ့် ဒီကမ္ဘာမှာ ရွှေပန်းထိမ်သား ဖြစ်ရတယ်။ ငွေကြေး ချမ်းသာပြီး ရုပ်ရည်က ချောခန့်တော့ အမျိုးသမီးများက သူ့ ကို သဘောကျကြတယ်။ လူမိုက်တို့နဲ့ တစ်ခါ ပေါင်းသင်းမိပြန်တော့ သူတစ်ပါးတို့ရဲ့ ဇနီးသားသမီးများကို လွန်ကျူးမိတယ်။

ဒီကာမေသုမိစ္ဆာစာရကံကြောင့် ပါရမီရှင် ဖြစ်ပါလျက် **ရောရုဝ ငရဲ** မှာ နှစ်ပေါင်းများစွာ ကျခံခဲ့ရတယ်။ လွတ်မြောက်လာတဲ့အခါ ဆိတ်ထီးဖြစ်ပြီး အသင်းခံရ၊ လှည်းဆွဲရတယ်။ နောက်တစ်ဘဝမှာ မျောက်ဖြစ်ပြီး ဒေွးစေ့ကို ကိုက်ဖောက်ခံရတယ်။ ထို့နောက် နွားဖြစ် ပြီး သင်းကွပ်ခံရတယ်။ နောက်တစ်ဘဝမှာ ယောကျ်ားမဟုတ် မိန်းမ မဟုတ်တဲ့ ပဏ္ဍုက် ဖြစ်ရတယ်။ နောက် ငါးဘဝမှာ ကုသိုလ်ကံ အကျိုး ပေးလို့ နတ်ပြည်မှာ ဖြစ်ရပေမယ့် ကာမေသုမိစ္ဆာစာရကံကြွင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးချည်း ဖြစ်ရတယ်။ နောက်ဘဝမှာ လူ့ပြည်မှာ ဘုရင့်သမီး ဖြစ်ရတယ်။ အဲဒီနောက်မှ နတ်မင်းဆိုတဲ့ ယောက်ျားဘဝကို ပြန်ရတယ်။ (မဟာနာရဒဇာတ်)

ဒါထက် ပိုကြောက်စရာကောင်းတာက **ကောသလမင်းကြီး** နဲ့ မထင်ရှားတဲ့ယောက်ျားဝတ္ထုမှာရော၊ စတုက္ကနိပါတ်လောဟကုမ္ဘီဇာတ်မှာရော လာတဲ့ **ဒု–သ–န–သော** အကြောင်းပါပဲ။

အချိန်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ မြတ်စွာဘုရား သီတင်းသုံးနေတဲ့အခါ ဖြစ်တယ်။ သာဝတ္ထိပြည့်ရှင် ကောသလမင်းဟာ တစ်ခုသော ရာသီပွဲတော်ကြီးမှာ ဆင်တော်ကို စီးပြီး မြို့တော်ကို လှည့်လည်တော်မူတယ်။ ရှေ့ဝင်း နောက်ဝင်း၊ မင်းခမ်း မင်းနား ကြီးကြီးကျယ်ကျယ်နဲ့ မှူးကြီး မတ်ကြီး စစ်ဗိုလ် စစ်သားများ၊ မောင်းမမိဿံများပါ အဆောင်အယောင်ကိုယ်စီနဲ့ လိုက်ပါကြတယ်။ အတီးအမှုတ် အကအခုန် ကျွမ်းသမား သိုင်းသမားများကလည်း သရုပ်ဆောင်ပြီး နောက်က လိုက်ပါကြလို့ မြို့နေလူထုများက စိတ်ဝင်စားစွာ ထွက်ကြည့်ကြတယ်။

ကောသလမင်းကြီးက ပြည်သူတွေကို အကဲခတ်ရင်း ရွှင်ရွှင်ကြည်ကြည် လှည့်လည်နေရာက တစ်နေရာမှာ 'လှကေရီ' တစ်ဦးကို တွေ့လိုက်ရလို့ မျက်စိစွာလို့ မရအောင် ဆွဲဆောင်ခြင်း ခံရတော့တယ်။ တဏှာရမ္မက်ရှိသူက ရူပါရုံနဲ့ တဏှာတို့ရဲ့ ဆွဲငင်မှုကို ခံရလေပြီ၊ ဘုရင့်ဣန္ဒြေတိမ်းပါးကာ ရှေ့ဆက်ပြီး မြို့တော်ကို မရှုစားနိုင်တော့ဘဲ နန်းတော်သို့ ပြန်လာပါတယ်။

ကိုယ်ရံတော်မင်းချင်းတစ်ယောက်က ဘုရင့်ရဲ့အဖြစ်ကို ရိပ်စားမိလိုက်တယ်။ အဲဒီမင်းချင်းကို ဘုရင်ခေါ်ပြီး 'လှကေရီ'မှာ ကာမပိုင်ရှိမရှိ စုံစမ်းစေတယ်။ ကာမပိုင် ရှိကြောင်း ကြားသိရလို့ ဘုရင့်စိတ်

www.burmeseclassic.com

www.burmeseclassic.com



တော်ဟာ ထိခိုက်သွားတယ်။ ဒါပေမဲ့ တဏှာရဲ့ခြယ်လှယ်မှုကို သူ မတွန်းလှန်နိုင်လို့ ဥပါယ်တံမျဉ်နဲ့ ရယူဖို့ကြံစည်တယ်။ ဒါကြောင့် လှကေရီရဲ့ခင်ပွန်းလင်ကို အပါးတော်မှာ ခစားစေလို့ အမိန့်တော်ချ မှတ်လိုက်တယ်။

ခင်ပွန်းဖြစ်တဲ့ ယောက်ျားက ကြောက်ကြောက်ရွံ့ရွံ့နဲ့ အပြစ် ဟူသမျှ မရှိရအောင် သတိနဲ့ခစားတယ်။ တစ်နေ့နံနက်မှာဘုရင်က သူ့ကို အမိန့်ပေးတယ်။

"အချင်းယောက်ျား၊ ဒီမြို့နဲ့ တစ်ယူဇနာဝေးတဲ့အရပ်မှာ မြစ် တစ်ခု ရှိတယ်။ အဲဒီမြစ်က ကုမုဒြာကြာပန်းနဲ့ အရုဏဝတီမြေညက် တို့ကို ငါကိုယ်တော်မြတ် ရေသုံးသပ်ချိန်အမီ ဆောင်ယူဆက်သစေ ဗျား"

တစ်ယူဇနာ ဆိုတာက ရှစ်မိုင် (တစ်နည်း ၁၂မိုင်)ဝေးတယ်။ ယောက်ျားက ထမင်းထုပ်ဆောင်ယူပြီး မြန်နိုင်သမျှမြန်အောင်သွား တယ်။ မြစ်ကမ်းနားရောက်တော့ ကုမုဒြာကြာကိုလည်း မတွေ့ရဘူး၊ မြေညက်လည်း မမြင်ရဘူး။

ယောက်ျားက အမောဆို့သွားတယ်။ ထမင်းထုပ်ကို ဖြေပြီးစား မယ့်ဆဲဆဲမှာ ဆာလောင်လာတဲ့ ခရီးသည်တစ်ဦးကို တစ်ဝက်ခွဲပေး လိုက်တယ်။ ကျန်တစ်ဝက်ကို စားလို့မကုန်ပြန်တော့ မြစ်ထဲက ငါး ပုစွန် စတဲ့ သတ္တဝါတို့ကို ကျွေးမွေးပြီး နတ်နဂါးများကို အမျှပေးဝေ တယ်၊ သူ့အား ကယ်မကြဖို့လည်း တိုင်တည်လိုက်တယ်။

မြစ်တွင်းနေ နဂါးမင်းက သူ့အားသနားလို့ သူ့အိုယောင်ဆောင် ကာ ကုမုဒြာကြာပန်းနဲ့ မြေညက်ကို လာပေးတယ်။ ယောက်ျားက လည်း ဝမ်းမြောက်ရွှင်လန်းသွားပြီး မြို့တော်သို့ အပြေးပြန်လာတယ်။ နေမတိမ်းမီ မြို့တော်သို့ ရောက်လာပေမယ့် မြို့တံခါးတွေ ပိတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့မယားလိုချင်လို့ သူ့လင် လုံနဲ့ထိုး" ဆိုသလိုပဲ ဘုရင်က ညချမ်း မတိုင်မီ မြို့တံခါးအားလုံးကို ပိတ်လိုက်စေတယ်။

ယောက်ျားက ကြံရာမရအောင် ပူလောင်လှလို့ တံခါးမှူးများကို အော်ပြောပြီး သက်သေအရာမှာ ထားတယ်။ တံခါးဝမှာ မြေညက်ကို ချပြီး ကြာပန်းကို ထိုးစိုက်တယ်။ ပြီးတော့ ဇေတဝန်ကျောင်းမှာသွား ခိုအောင်းတယ်။

ကောသလမင်းကြီးက နန်းဆောင်သလွန်ထက်မှာ နူးညံ့တဲ့ မွေ့ ရာထက်မှာ စက်တော်ခေါ်ရပေမယ့် အိပ်မပျော်နိုင်ဘူး။ သူ့အကြံ အစည်ကို တွေးလိုက်၊ လှကေရီကို စိတ်ကူးလိုက်၊ နက်ဖြန်နံနက်မှာ အမှုထမ်းတာဝန် လစ်ဟင်းတဲ့ ယောက်ျားကို သေဒဏ်ပေးပြီး သူ့မယား ကို ကောက်ယူမယ်ပေါ့။

ညဥ့်ဟာ တဖြည်းဖြည်း နက်လာပြီး သန်းခေါင်ယံသို့ ရောက် လာတယ်။ အဲဒီအခါမှာ မချိမဆံ့ ခံစားချက်နဲ့ ပြင်းပြင်းထန်ထန် အော်ပြောလိုက်တဲ့ 'ဒု' ဆိုတဲ့ အသံနက်ကြီးဟာ မင်းကြီးကို လန့်ဖျပ် သွားစေတယ်။ မင်းကြီးက မျက်စိပြူးပြီး နားစိုက်နေတုန်းမှာ 'သ' ဆိုတဲ့ ကြောက်စရာအသံနက်ကြီးတစ်ခုကို ထင်ထင်ရှားရှား ကြားလိုက် ရပြန်တယ်။ မင်းကြီးက ကုန်းကွ ထတော့မယ့် ဆဲဆဲမှာ 'န' ဆိုတဲ့ တတိယအသံအောကြီးက ကျယ်ကျယ်လောင်လောင် ပေါ်လာပြန် တယ်။ ကုန်းကွပြီး ထထိုင်မိတဲ့အချိန်မှာ 'သော' ဆိုတဲ့ စတုတ္ထ အသံ ဆိုးကြီး တစ်ခုကို ထပ်ကြားလိုက်ရပြန်တယ်။

မင်းကြီးဟာ အသက်ဘေးအန္တရာယ်ကို စိုးရိမ်မိလို့ စိတ်ကူးမယဉ် နိုင်တော့ဘူး။ 'ဒု–သ–န–သော' ဆိုတဲ့ အသံအောကြီးလေးခုဟာ သူ့ ရဲ့နားမှာ ထပ်ကာထပ်ကာ ပဲ့တင်ရိုက်နေတယ်။ မင်းကြီးဟာ ထိတ် လန့်နေတယ်။ သူ့ရဲ့အသက်ကို ခြိမ်းခြောက်နေတယ်လို့ ထင်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ အိပ်စက်လို့ မရတော့ဘူး။ အိပ်မပျော်တဲ့သူ့အဖို့ ညဥ့်တာဟာ အလွန်ရှည်ကြာလှပေတယ်။ အလွန် ဆင်းရဲပင်ပန်းစွာနဲ့ အရုဏ်တက်မယ့်အချိန်ကို ငံ့လင့်နေမိတယ်။

နံနက်မိုးသောက်လာတဲ့အခါမှာ လောကီမင်္ဂလာ အောင်ဂါထာတွေ ရွတ်ဆိုဖို့ ပုရောဟိတ်ပုဏ္ဏားများ ဝင်ရောက်ခစားလာကြတယ်။ မျက်လုံးပြူးကြောင်နေတဲ့ ဘုရင်ကို မြင်တွေ့ကြတော့–

"ချမ်းသာစွာ ကျိန်းစက်ရပါသလား ဘုရား" လို့ လျှောက်ထားကြတယ်။

"ဘယ်ကျိန်းစက်လို့ ရပါ့မလဲ။ ညဥ့်က အလွန်ထိတ်လန့်ဖွယ်ကောင်းတဲ့ အသံဆိုးကြီး လေးခုကို ငါ နားနဲ့ဆတ်ဆတ် ကြားလိုက်ရတယ်"

"ဘယ်လိုအသံများလဲ ဘုရား"

"ဒု–သ–န–သော တဲ့။ အဲဒါတွေက ဘာအဓိပ္ပာယ်လဲ"

ပုရောဟိတ်ပုဏ္ဏားတို့ ဘာတစ်လုံးမှ အဓိပ္ပာယ်မသိကြ။ မသိပေမယ့် သိဟန်ဆောင်ကာ–

"မြတ်တဲ့မင်းကြီး...ဒီအသံဆိုးတွေက အန္တရာယ်ကြီးလှပါတယ်။ မင်းကြီးရဲ့ အသက်ကိုရော၊ ထီးနန်းစည်းစိမ်ကိုရော အန္တရာယ်ပြုမယ့်အသံတွေပဲ"

ကြောက်တဲ့သူကို ဖြဲခြောက်နေကြပြီ။ ဘုရင်က ပိုကြောက်လန့်ကာ ပိုမျက်လုံးပြူးလာပြီးတော့ "ဒီအန္တရာယ် လွန်မြောက်အောင် ဘယ်လိုလုပ်ကြမလဲ" လို့ မေးတယ်။

"လူနာမျက်ဖြူဆိုက်လေ ဆရာကြိုက်လေ" ဆိုတဲ့အတိုင်း ပုဏ္ဏားတို့က "ဘုရင်လဲ စိတ်ချမ်းသာစေ၊ ငါတို့လဲ လာဘ်ရစေ" ဆိုတဲ့ ထုံးနဲ့ တညီတညာတည်း ဖြေလိုက်ကြတာက...

www.burmeseclassic.com

www.burmeseclassic.com



"မြတ်တဲ့မင်းကြီး...စိုးရိမ်တော်မမူပါနဲ့၊ ဒီအန္တရာယ်လွန်မြောက်အောင် စွမ်းဆောင်ပေးပါ့မယ်။ သဗ္ဗစတုက္ကယဇ်ကြီးကို ပူဇော်လိုက်ရင် ဘုရင်မင်းမြတ်ရဲ့ အသက်စည်းစိမ်တို့ ခိုင်မြဲသွားပါလိမ့်မယ် ဘုရား"

"သဗ္ဗစတုက္ကယဇ်ကို အမြန်ဆုံး ပူဇော်ကြ ပုရောဟိတ်တို့"

သဗ္ဗစတုက္ကယဇ်ဆိုတာ ဆင်လေးကောင်၊ မြင်းလေးကောင်၊ နွားလား ဥသဘလေးကောင်၊ ဆိတ်လေးကောင်၊ ဝက်လေးကောင်၊ သတို့သား လေးယောက်၊ သတို့သမီးလေးယောက် စသည်ဖြင့် အလုံးစုံကို အရေအတွက် လေးခုစီယူကာ သတ်ဖြတ်ပြီးတော့ လည်ချောင်းသွေးတို့နဲ့ ယဇ်ပူဇော်ခြင်းကို ဆိုတယ်။ ပူဇော်ပွဲပြီးရင် ပစ္စည်းများနဲ့အသားတို့ကို ပုရောဟိတ်ပုဏ္ဏားတို့က အကုန်ရရှိကြမှာ ဖြစ်တယ်။

ပုဏ္ဏားတို့က လာဘ်များများ ရနိုင်ရေးအတွက် ဟိုပစ္စည်းလေးခု ထည့်ပါဦး၊ ဒီပစ္စည်း လေးခု ထည့်ပါဦးလို့ ဘုရင့်ထံ အကြိမ်ကြိမ် ဝင်ပြီး ခွင့်တောင်းကြတယ်။ သေဘေးကို စိုးရွံ့နေတဲ့ ဘုရင်ကြီးက "ယူစေ...ယူစေ" လို့ တောင်းသမျှခွင့်ပေးနေတယ်။ သူတစ်ဦးရဲ့အသက်ရှင်ဖို့အရေးအတွက် လူနဲ့ တိရစ္ဆာန်တို့ရဲ့ အသက်ပေါင်းများစွာကို စတေးဖို့ ဝန်မလေးတော့ဘူး။

သတ်သူ၊ စေသူ၊ အလိုတူသူတို့ဟာ ငရဲကျရခြင်းတူတာကို မြတ်စွာဘုရားထံ မကြာခဏ ဝင်ရောက်ဖူးမြော်တဲ့ ကောသလမင်းကြီးက သတိမရလေရော့သလား။ နှစ်အနည်းငယ် အသက်ရှင်ရဖို့အတွက် ငရဲမှာ နှစ်ထောင်ပေါင်းများစွာ ကျခံရမည်ကို သူ မတွေးမိလေရော့သလား။ ကာမတဏှာနဲ့ ကြောက်လန့်တဲ့ ဒေါသမူစိတ်တို့က သူ့ရဲ့ ဆင်ခြင်ဉာဏ်ကို တုံးအောင် မောဟဖြင့် ဖုံးလွှမ်းစေခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ပြင်မှာ သေရမယ့် လူတွေ၊ တိရစ္ဆာန်တွေက အော်မြည် နေကြပြီ။ ဘုရင့်ဆီသို့ အဝင်အထွက်နဲ့ ပုဏ္ဏားတို့ ခြေချင်းရှုပ်နေကြ ပြီ။ ဒါတွေကို ကြားရမြင်ရတော့ မလ္လိကာမိဖုရားက ဘုရင့်ထံ ဝင် ရောက် ခစားတယ်။

"မောင်တော်ဘုရား၊ မျက်နှာတော် မရွှင်လန်းပါကလား၊ တစ် မြို့လုံးမှာလဲ လူသူတိရစ္ဆာန်များရဲ့ အော်သံ ငိုကြွေးသံတို့နဲ့ ဆူညံနေ တယ်၊ အဘယ်အကြောင်းကြောင့်ပါလဲ"

"အဘယ်မိဖုရား...သင်ဟာငါ့ကို ဂရုစိုက်သူ မဟုတ်၊ ငါ့အကျိုး စီးပွားကို ရှေးရှုသူ မဟုတ်၊ ငါ့ရဲ့အသက်စည်းစိမ်ကို ကြောင့်ကြစိုက် သူ မဟုတ်၊ ငါ မြှောက်စားထားတဲ့ နန်းစည်းစိမ်မှာ ယစ်မူးနေသူ ဖြစ် တယ်"

အဲသလိုအပြစ်တင်ပြီးတော့ ဒု–သ–န–သော အကြောင်းနဲ့ စတုက္က ယဇ်ကြီး ပူဇော်မယ့်အကြောင်းတို့ကို ဖွင့်ဟမိန့်ကြားလိုက်တယ်။

မလ္လိကာက ပန်းသည်ကြီးရဲ့သမီးဖြစ်ပေမယ့် ကောသလတိုင်း နဲ့ ကာသိတိုင်းတို့ကို စိုးမိုးအုပ်ချုပ်တဲ့ ကောသလမင်းထက် ပိုပြီး ပညာရှိတယ်။

"အရှင်မင်းကြီး...သတ္တဝါတို့ရဲ့အသက်ကို သတ်ပြီး အသင်မင်း ကြီးရဲ့ အသက်ရှည်ရတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ စဉ်းစားကြည့်ပါ။ ကုသိုလ်ကောင်းမှု ပြုခြင်းဖြင့်သာ မိမိရဲ့အသက်ကို ရှည်စေနိုင်တယ်။ သင်မင်းကြီးရဲ့ ပုဏ္ဏား ပုရောဟိတ်တွေဟာ ဒု–သ–န–သော တို့ရဲ့ အဓိပ္ပာယ်ကို နားလည်ကြသူများ မဟုတ်။ အလုံးစုံကို သိမြင်တော် မူတဲ့ သဗ္ဗညုမြတ်စွာဘုရားကသာ ဒီပြဿနာရဲ့အဖြေမှန်ကို သိမြင် တော်မူလိမ့်မယ်။ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်း သုံးနေပါလျက် မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားရကောင်းမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိအောင် မိုက်မဲလေစွတကား၊ ရှင်တော်ဘုရားထံ ယခုပင် သွားရောက် လျှောက်ထားပါအံ့”

မလ္လိကာဒေဝီက ရဲရဲဝံ့ဝံ့ ခပ်နာနာ နှက်လိုက်ပြီးတော့ ဘုရင်မင်းမြတ်ကို ကျောင်းတော်ကို ခေါ်သွားပါတယ်။ ဘုရားရှင်က လာရင်း ကိစ္စကို မေးမြန်းတော့ ဘုရင်ကြီးက နှုတ်ဆိတ်နေတယ်။ အဲဒီတော့ မလ္လိကာမိဖုရားက လျှောက်ထားရတယ်။

“ဘုန်းတော်ကြီးမြတ်တော်မူတဲ့ မြတ်စွာဘုရား၊ ဒါယကာ မင်းကြီးဟာ သန်းခေါင်ယံအချိန်က ဒု–သ–န–သော ဆိုတဲ့ အသံဆိုးကြီး လေးခုကို ကြားရပါတယ်။ ပုဏ္ဏား ပုရောဟိတ်တို့က မင်းကြီးရဲ့ အသက်စည်းစိမ်ကို အန္တရာယ်ပြုနေတယ်လို့ အဓိပ္ပာယ်ကောက်ပြီး အန္တရာယ်လွန်မြောက်အောင် သဗ္ဗစတုက္ကယဇ်ကြီး ပူဇော်ဖို့ ပြင်ဆင်နေကြပါတယ်ဘုရား။ ဒါကြောင့် မင်းကြီးကို ရှင်တော်မြတ်ထံသို့ ခေါ်ဆောင်လာရပါတယ်ဘုရား”

“ဒါယကာမင်းကြီး...မလ္လိကာမိဖုရား လျှောက်တင်တဲ့အတိုင်း မှန်ပါသလား”

“မှန်ပါတယ်ဘုရား”

“မင်းကြီး...ထိုအသံတို့ဟာ အသင်မင်းကြီးအား တစ်စုံတစ်ခုသော အန္တရာယ်ကိုမျှ ဖြစ်စေလိမ့်မယ် မဟုတ်ဘူး။ စင်စစ် ထိုအသံတို့ဟာ ကဿပဘုရား လက်ထက်တော်က မကောင်းမှု ဒုစရိုက်တို့ကို ကျူးလွန်ခဲ့ကြတဲ့ သူဌေးသား လေးယောက်တို့ရဲ့ အသံများ ဖြစ်ကြတယ်”

“ဘယ်လိုဖြစ်ကြတာလဲ ဘုရား”

“လူတို့ရဲ့ သက်တမ်း အနှစ် နှစ်သောင်းကာလမှာ သူဌေးသား

www.burmeseclassic.com

www.burmeseclassic.com



လေးယောက်ဟာ ဘာကုသိုလ်ကောင်းမှုမှ မပြုလုပ်ကြဘူး။ သူတစ်ပါးတို့ရဲ့ ဇနီး သမီးများကို လွန်ကျူးဖျက်ဆီးခဲ့ကြတယ်။ ဒီကာမေသုမိစ္ဆာစာရကံကြောင့် သူတို့ဟာ အဝီစိငရဲမှာ ကျခံကြရတယ်။ အဝီစိငရဲမှ လွတ်မြောက်တော့ ယူဇနာခြောက်ဆယ် အစောက်ရှိတဲ့ လောဟကုမ္ဘီသံရည်ပူငရဲမှာ ဆက်လက်ကျခံကြရတယ်။

"ကျိုက်ကျိုက်ဆူတဲ့ သံရည်ပူအတွင်းမှာ အနှစ်သုံးသောင်း ကြာမှ တစ်ခါ အထက်မျက်နှာပြင်သို့ ခဏ ပေါ်လာနိုင်ကြတယ်။ အဲဒီအခိုက်မှာ သူတို့ပြောချင်တဲ့ စကားတွေကို ဆုံးအောင် မပြောနိုင်ဘဲ တစ်လုံးစီသာ အော်ပြောနိုင်ပြီး ပြန်လည်နစ်မြုပ်သွားကြတယ်။

'ဒု' ဆိုတဲ့ စကားလုံးက ဒုဇ္ဇီဝိတ၊ မဇီဝိမှ...အစချီတဲ့ စကားရဲ့ အစ စကားလုံး ဖြစ်ပါတယ်။ သူဆိုချင်တာ "ငါတို့ဟာ ငရဲအိုးထဲမှာ ဆိုးရွားတဲ့ အသက်ရှည်ခြင်းမျိုးနဲ့ အသက်ရှည်နေရပါတယ်။ လူ့ဘဝတုန်းက ပစ္စည်းဥစ္စာ ချမ်းသာပါလျက် ကောင်းမှုကုသိုလ် ဘာတစ်ခုမျှ မလုပ်ဘဲ မကောင်းမှု အကုသိုလ်တွေကို လိုက်စားပြီး အသက်ထက်ဆုံး မိုက်မှားခဲ့ကြတယ်" ဆိုတာ ဖြစ်ပါတယ်။

'သ' ဆိုတဲ့စကားလုံးက သဋ္ဌိဝဿသဟဿာနိ...အစချီတဲ့စကားရဲ့ အစ စကားလုံး ဖြစ်ပါတယ်။ ဒုတိယငရဲသား ဆိုချင်တဲ့ စကားက "ငါတို့ဟာ လောဟကုမ္ဘီငရဲရဲ့ သံရည်ပူထဲမှာ နှစ်ချည်ပေါ်ချည်နဲ့ ခံစားနေရတာ အနှစ် ခြောက်သောင်း ရှိပါပြီ၊ ဘယ်တော့များမှ လွတ်မြောက်ပါ့မလဲ" လို့ ညည်းတွားခြင်း ဖြစ်ပါတယ်။

'န' ဆိုတဲ့စကားလုံးက နတ္ထိအန္တော ကုတော အန္တော...အစချီတဲ့ စကားရဲ့ အစ စကားလုံး ဖြစ်ပါတယ်။ တတိယ ငရဲသား ဆိုချင်တဲ့ စကားက "အို...သူငယ်ချင်းတို့ သူဌေးသားဘဝတုန်းက သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်ခဲ့တဲ့ မကောင်းမှုကံကြောင့် ငရဲခံနေ

www.burmeseclassic.com

www.burmeseclassic.com



ကြရပြီး ဘယ်သောအခါမှ လွတ်မြောက်မှာကို မသိရပါတကား” ဆိုတာ ဖြစ်ပါတယ်။

‘သော’ဆိုတဲ့ စကားက သောဟံနုနက္ကတော…အစချီတဲ့စကားရဲ့ အစ စကားလုံး ဖြစ်ပါတယ်။ စတုတ္ထ ငရဲသား ဆိုချင်တာက… “မကောင်းမှုတွေကို ပြုမိမှားတဲ့ငါဟာ ဒီငရဲမှ လွတ်မြောက်ပြီး အကယ်လို့ လူ့ဘဝကို ရမယ်ဆိုရင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကို နေ့ညဥ့်မစဲ အားထုတ်ကာ နေပါတော့မယ်”လို့ ဖြစ်ပါတယ်။

မြတ်စွာဘုရား ရှင်းပြလိုက်တဲ့အခါ ကောသလမင်းဟာ သူ့ရဲ့အသက်စည်းစိမ် အန္တရာယ်မရှိကြောင်းကို ကောင်းစွာ သိလိုက်ရလို့ စိတ်အေးသွားရှာတယ်။ ဒု–သ–န–သော သူဌေးသားတွေလို သူတစ်ပါးမယားကို ကျူးလွန်မိတော့မယ့် ပရဒါရိကကံမှ သိသိကလေး လွတ်မြောက်သွားလို့လည်း သက်ပြင်းချမိတယ်။ နောင်အခါမှာ သူတစ်ပါးမယားကို စိတ်နဲ့တောင် မပြစ်မှားတော့ပါဘူးလို့ သန္နိဋ္ဌာန်ချလိုက်တယ်။

ထို့နောက် ကောသလမင်းက လွန်ခဲ့တဲ့ညဥ့်တာဟာ အလွန်ရှည်ကြာတယ်လို့ ထင်မိကြောင်း လျှောက်ထားတယ်။ လုဇကရီရဲ့ ခင်ပွန်းကလည်း ပုန်းအောင်းရာက ထွက်လာပြီးတော့ ယမန်နေ့က တစ်ယူဇနာခရီးဟာ အလွန်ရှည်ဝေးတယ်လို့ ထင်မိကြောင်း လျှောက်ထားတယ်။ အဲဒီအခါ မြတ်စွာဘုရားက…

“မအိပ်စက်နိုင်ဘဲ နိုးကြားနေသူအတွက် ညဥ့်တာဟာ ရှည်လျားတယ်။ ခရီးပန်း နွမ်းနယ်နေသူအဖို့ တစ်ယူဇနာခရီးဟာ ရှည်ဝေးတယ်။ ထို့ထက် သူတော်ကောင်းတရားကို မသိတဲ့ သူမိုက်တို့အဖို့ သံသရာဟာ ရှည်ကြာတယ်”လို့ ဟောတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတရားကို နာကြားရတဲ့ လှကေရီရဲ့ ခင်ပွန်းဟာ သောတာပန် တည်သွားတယ်။

ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်မှ သံသရာတိုပြီး ဝဋ်ဆင်းရဲမှ မြန်မြန်ကျွတ်လွတ်နိုင်လိမ့်မယ်။

## ကာမေသုမိစ္ဆာစာရကံရဲ့ အပြစ်ရင်းဖျား

သူတစ်ပါးရဲ့ သားမယားကို ကျူးလွန်ဖျက်ဆီးတဲ့ အကုသိုလ်ကံရဲ့ မူရင်းအပြစ်က ငရဲကျရခြင်းဖြစ်တယ်။ ငရဲမှ လွတ်မြောက်ပြီး လူဖြစ်လာတဲ့အခါမှာ အောက်ပါအပြစ်များကို ဝဋ်လိုက်တဲ့အနေနဲ့ ခံရပေဦးမယ်။ ဘဝများစွာ ဆက်ခံရမယ်။

"မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွားၡ၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဣန္ဒြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ခါ အပြန်အကျိုးတည်း။"

**(အရှင်ဇနကာဘိဝံသ)**

သူတစ်ပါးတို့ရဲ့ ဇနီးသားသမီးတို့ကို လွန်ကျူးဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ကြတဲ့လူတွေဟာ သေလွန်တဲ့အခါ ကောင်းရာသုဂတိသို့ ရောက်ကြရတယ်။ ဖြစ်လေရာဘဝမှာ ရန်သူနည်းပြီး ချစ်ခင်သူများတယ်။ လာဘ်ရွှင်လန်းတယ်။ ချမ်းချမ်းသာသာ နေရတယ်။ မြင့်မြတ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဘဝကို ရရှိကြတယ်။ ဣန္ဒြေတည်ကြည်ပြီး ကျက်သရေရှိတယ်။ စိုးရိမ်ပူပန်မှု မရှိဘဲ မိမိချစ်သူနဲ့ သေတပန်သက်တစ်ဆုံး နေထိုင်ရတယ် စတဲ့ အကျိုးကျေးဇူးများကို ခံစားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကာမေသုရှောင်၊ ဖြူစင်အောင်၊ ကျင့်ဆောင်နိုင်ကြစေ။
အိမ်ထောင်ရေး၊ လွန်ပြည့်ဝ၊ သုခလျှမ်းတင့်ဝေ။

## မုသာဝါဒကံ ဆန်းစစ်ချက်

မဟုတ်မမှန်တဲ့စကားကို ပြောဆိုခြင်းဟာ မုသာဝါဒ ဖြစ်တယ်။ သူတစ်ပါးရဲ့အကျိုးကို ထိခိုက်နစ်နာစေတဲ့ လိမ်လည်လှည့်ပတ်မှု မှန်သမျှဟာ ကံမြောက်တဲ့ မုသာဝါဒချည်း ဖြစ်ကြတယ်။ နှုတ်ဖြင့် မပြောဘဲ စာအားဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာအားဖြင့်ဖြစ်စေ၊ လိမ်လည်လျှင်လည်း မုသာဝါဒကံမြောက်တာပဲ။

ကံမြောက်တဲ့ မုသာဝါဒတွေဟာ အပါယ်ကို ကျရောက်စေနိုင်တယ်။ သူတစ်ပါးရဲ့အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်း မရှိတဲ့ နောက်ပြောင်ပြောဆိုမှုများ၊ သူတစ်ပါးအကျိုးရှိအောင် ပရိယာယ်သုံးပြီး လိမ်ပြောရတဲ့စကားများ၊ မိမိဥစ္စာကို မပေးလိုလို့ လှည့်ပတ်ပြောဆိုမှုများ စသည်တို့ဟာ မုသာဝါဒဖြစ်ပေသော်လည်း ဆိုးကျိုးများ ပေးနိုင်လောက်အောင် ကံမမြောက်ကြဘူး။

ဥပမာ–ရေနက်တဲ့ ရေအိုင်တစ်ခုမှာ ကလေးတွေ ရေဆင်းကူးရင် ရေနစ်သေကြမှာကို စိုးရိမ်ပြီး လူကြီးတို့က "ဟဲ့…ဒီရေအိုင်ထဲမှာ သရဲရှိတယ်နော်၊ မင်းတို့ ရေဆင်းမကူးကြနဲ့" လို့ ကလေးတွေကို ခြောက်လှန့်တာဟာ မုသာဝါဒဖြစ်ပေမယ်လို့ ဆိုးကျိုးမပေးဘူး။

မိမိရဲ့ အဖေ အမေ အဒေါ် ဦး စတဲ့ ဆွေမျိုးတစ်ယောက်ယောက်က ဖျားနာနေပြီး ရောဂါစမ်းသပ်တဲ့ဆရာဝန်က "ကင်ဆာရောဂါပါပဲ။ အလွန်ဆုံး ခြောက်လပဲ ခံမယ်" လို့ ပြောလိုက်တာကို လူနာအား ပြောပြလိုက်ရင် လူနာစိတ်ဆင်းရဲပြီး စိတ်ဓာတ်ကျမှာ စိုးလို့ "အမေ့ရောဂါဟာ စိုးရိမ်စရာ မရှိဘူးလို့ ဆရာဝန်က ပြောတယ်၊ ဆေး

www.burmeseclassic.com



ပတ်စေ့ရင် သက်သာပျောက်ကင်းသွားမယ်" စသည်ဖြင့် လိမ်ပြောခြင်းမျိုးဟာ စေတနာကောင်းနဲ့ ပြောခြင်းဖြစ်လို့ ကံမမြောက်ပါဘူး။

ကံမမြောက်ပေမယ်လို့ မုသာဝါဒဖြစ်တဲ့အတွက် ဝစီသစ္စာ စောင့်ထိန်းသူတို့က ရှောင်ကြဉ်ကြလိမ့်မယ်။ မြတ်စွာဘုရားဟာ "စကားခြောက်ခွန်း၊ လူ့ဥ္ဓထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းလွယ်" ဆိုတဲ့အတိုင်း

(၁) မှန်ကန်အကျိုးရှိပြီး သူတစ်ပါးနှစ်သက်တဲ့ စကားနဲ့

(၂) မှန်ကန်အကျိုးရှိပြီး သူတစ်ပါး မနှစ်သက်တဲ့ စကား

ဒီစကားနှစ်ခွန်းကိုသာ ပြောဆိုတော်မူပါတယ်။

မှန်ကန်ပေမယ့် အကျိုးမရှိရင်လည်း မပြောဘူး။ မမှန်ကန်တဲ့ စကားများကိုလည်း ပြောဆိုတော်မမူဘူး။ ဒီလို ဝစီသစ္စာကို စောင့်ထိန်းနိုင်တာ အကောင်းဆုံးပဲ။ ဘာကြောင့်လဲဆိုတော့ လူတွေက ဝစီသစ္စာ စောင့်ထိန်းကြတဲ့အခါ ရာသီဥတုမှန်ကန်ပြီး သီးနှံပေါ်များတယ်။ အနှစ်သြဇာလည်း ပြည့်ဝတယ်။ နွယ်ပင်မြက်ပင်တွေတောင် ဆေးဖက်ဝင်လာကြတယ်။

"ကတိသစ္စာ၊ တည်သောခါကား၊ သြဇာလေးနက်၊
ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏။"

လောကမှာ အမြတ်ဆုံးပန်းတိုင်ဖြစ်တဲ့ အရိယသစ္စာလေးပါးကို သိမြင်နိုင်ရေး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးတို့အတွက် မုသာဝါဒကို လုံခြုံအောင် စောင့်ထိန်းရမယ်လို့ အသက်ခုနစ်နှစ်အရွယ်မှာ ရှင်သာမဏေဖြစ်လာတဲ့ **ရှင်ရာဟုလာ** ကို မြတ်စွာဘုရား ဆုံးမတော်မူပါတယ်။

ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်ပြီး တစ်နှစ်ကြာတဲ့အချိန်မှာ ခမည်းတော် ရှိရာ ကပိလဝတ်ပြည်သို့ ကြွတော်မူတယ်။ ယသော်ဓရာဒေဝီက ခုနစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်အရွယ်ရှိတဲ့ သားတော် ရာဟုလာကို ဖခင်မြတ်စွာဘုရားထံ စေလွှတ်ပြီး အမွေတောင်းစေတယ်။ မြတ်စွာဘုရားက အကောင်းဆုံးအမွေဖြစ်တဲ့ သာသနာ့အမွေကို ပေးဖို့ ရှင်သာမဏေဝတ်စေတယ်။

ရာဇဂြိုဟ်ကို ဘုရားပြန်ကြွတဲ့အခါ ရှင်ရာဟုလာ လိုက်ပါသွားပြီး ဝေဠုဝန်ကျောင်းတော်ရဲ့ အစွန်အဖျားမှာ 'သရက်ပင်ပျိုကျောင်း' လို့ အမိပ္ပာယ်ရတဲ့ 'အမ္ဗလဋ္ဌိက ကျောင်းဆောင်' မှာ သီတင်းသုံးရတယ်။ ဒီကျောင်းဆောင်က အင်မတန်တိတ်ဆိတ်လို့ ရှင်ရာဟုလာ သဘောကျတယ်။

ရှင်ရာဟုလာကို ချီးမြှင့်ဖို့ မြတ်စွာဘုရားကြွလာတော်မူတဲ့အခါ ရှင်ရာဟုလာက အခင်းကလေး ခင်းပေးပြီး ဘုရားရှင်ကို ရှိခိုးတယ်။ မြတ်စွာဘုရားက ကလေးအရွယ်သာရှိသေးတဲ့ ရှင်ရာဟုလာကို ဩဝါဒ ပေးဖို့အတွက် ရေအကြွင်းအကျန် နည်းနည်းရှိတဲ့ ရေအိုးကို ရှေ့တော်မှာ ချထားတယ်။

"ရာဟုလာ...ဒီရေအိုးထဲမှာ ကျန်ရှိနေတဲ့ ရေအနည်းငယ်ကို မြင်ရဲ့လား"

"မြင်ပါတယ်ဘုရား"

"မုသာဝါဒ ပြောရမှာ မရှက်တဲ့ ရှင်ရဟန်းမှာ ရဟန်းတရား ဆိုတာ ဒီရေကျန်ကလေးလောက်ပဲ ရှိတယ် ရာဟုလာ"

"မှန်လှပါဘုရား"

မြတ်စွာဘုရားက ရေအိုးထဲက ရေအကျန်ကို သွန်းလောင်းလိုက်ပြီးနောက် မေးတော်မူပြန်တယ်။

"ရာဟုလာ...ရေအိုးထဲက ရေကို သွန်းလောင်းလိုက်တာ မြင်တယ်မဟုတ်လား"

"မြင်ပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မှသားပြောရမှာ မရှက်တဲ့ ရှင်ရဟန်းဟာလဲ ဒီရေကို သွန်ပစ်လိုက်သလို ရဟန်းတရားကို စွန့်ပစ်လိုက်တာပဲ ရာဟုလာ"

"မှန်လှပါ အရှင်ဘုရား"

မြတ်စွာဘုရားက ရေအိုးကို မှောက်လိုက်ပြီး မေးပြန်တယ်။

"ရာဟုလာ...ရေအိုးကို မှောက်ထားတာမြင်တယ်မဟုတ်လား"

"မြင်ပါတယ်ဘုရား"

"မှသားပြောရမှာ မရှက်တဲ့ ရှင်ရဟန်းဟာ ဒီရေအိုးကို မှောက်ထားသလို သူ့ရဲ့ရဟန်းတရားကိုလဲ မှောက်ထားတာပဲ ရာဟုလာ"

"မှန်လှပါ အရှင်ဘုရား"

မြတ်စွာဘုရားက ရေအိုးကိုပြန်လှန်လိုက်ပြီးတော့ မေးပြန်တယ်။

"ဒီလှန်ထားတဲ့ရေအိုးမှာ ရေတစ်စက်မှ မရှိဘူး မဟုတ်လား"

"မှန်လှပါဘုရား"

"မှသားပြောရမှာ မရှက်တဲ့ ရှင်ရဟန်းမှာ ရဟန်းတရားဆိုတာ ဘာမှ မရှိတော့ဘူး ရာဟုလာ။ စစ်မြေပြင်မှာ တိုက်ပွဲဝင်နေတဲ့ဘုရင့် စီးတော်ဆင်ဟာ ဘယ်လိုရန်သူကိုမဆို ရင်ဆိုင်ဝံ့သလို မှသားပြောရမှာ မရှက်တဲ့ရှင်ရဟန်းကလဲ သူမပြုဝံ့တဲ့ မကောင်းမှုဆိုတာမရှိတော့ဘူး ရာဟုလာ"

"မှန်လှပါ အရှင်ဘုရား"

လွယ်လွယ်ရှင်းရှင်းနဲ့ မြတ်စွာဘုရားရဲ့ ဒီအဆုံးအမကို **"အမ္ဗလဋ္ဌိက ရာဟုလောဝါဒ"** လို့ အမည်ရပေတယ်။ သစ္စာတရားကို ရှာမှီးနေသူတို့ အထူးလိုက်နာသင့်တဲ့ ဩဝါဒ ဖြစ်ပါပေတယ်။

မိမိကို လိမ်ညာရင် မိမိ မကြိုက်မနှစ်သက်သလို သူတစ်ပါးကိုလည်း မလိမ်ညာပါနဲ့။ သူတစ်ပါးရဲ့အကျိုးကို ထိခိုက်နစ်နာစေတဲ့ သူဟာ အကြင်နာကင်းသူ ဖြစ်တယ်။ ကိုယ်ချင်းစာတရားရှိသူဟာ

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးနစ်နာအောင် မလုပ်ဘူး။ သစ္စာတရားကို မြတ်နိုးသူဟာ မမှန်တဲ့စကားကို မပြောဘူး။

အနောက်တိုင်းသားတို့ဟာ တည်ကြည်မှန်ကန်တဲ့စကားကို ပြောဆိုဖို့ အလွန်အလေးထားကြတယ်။ လိမ်ညာတတ်တဲ့လူကို တန်ဖိုးမရှိသူလို့ သတ်မှတ်ကြတယ်။

Honesty is the best policy.

ဖြောင့်မတ်မှန်ကန်ခြင်းဟာ အကောင်းဆုံး မူဝါဒပါပဲ။

## ကမ္ဘာဦးကာလ မုသာဝါဒကံကြီး

ကမ္ဘာဦးကာလမှာ လူတွေဟာ ကတိသစ္စာတည်ကြည်ကြလို့ မုသားစကားကို မကြားဖူးဘူး။ **စေတီယမင်း** က မုသားစကားပြောမယ်လို့ သတင်းပျံ့နှံ့လာတော့ စေတီယနိုင်ငံတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် လှုပ်လှုပ်ရွရွ ဖြစ်သွားတယ်။

စေတီယမင်း မုသားပြောဖို့အကြောင်းပေါ်လာတာက ဒီလိုပါ။ စေတီယမင်းသားက တက္ကသိုလ်မှာ ပညာသင်ကြားနေတဲ့အခါ ပုရောဟိတ်ကြီးရဲ့ ညီဖြစ်သူ “ကောရကလမ္ဗ”နဲ့ အကျွမ်းတဝင် ချစ်ခင်ရင်းနှီးသွားတယ်။ သူ မင်းဖြစ်တဲ့အခါမှာ ကောရကလမ္ဗကို ပုရောဟိတ်ရာထူးပေးမယ်လို့လည်း ကတိပြုခဲ့တယ်။

ဒါပေမဲ့ သူ မင်းဖြစ်လာတဲ့အခါ ပုရောဟိတ်ကြီးကို ရာထူးမှ မချနိုင်ဘူး။ ထုံးတမ်းစဉ်လာအရ ပုရောဟိတ်ရာထူးကို နောင်တော်ဖြစ်တဲ့ ပုရောဟိတ်ကသာ ပိုင်ဆိုင်ပြီး နောင်တော်က မလွှဲပြောင်းပေးရင် ညီတော်က ဒီရာထူးကို မရနိုင်ဘူး။ ဘုရင်ကလည်း ဒီရာထူးကို အတင်းမလွှဲပြောင်းပေးနိုင်ဘူး။

ပုရောဟိတ်ကြီးက သူ့ရာထူးကို သူ့သားအား လွှဲအပ်ပြီး ရသေ့

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းပြုသွားတယ်။ ကောရကလမ္ဗဟာ ပုရောဟိတ်ရာထူးကို မရတဲ့အတွက် သူ့ရဲ့နောင်တော်ကို ရန်ငြိုးဖွဲ့တယ်။ တစ်နေ့မှာ သူနဲ့ ရှင်ဘုရင်တို့ တိုင်ပင်ကြတယ်။

"ကောရကလမ္ဗ…ရာထူးအတွက် မပူနဲ့။ ငါကိုယ်တိုင် ပရိသတ်အလယ်မှာ သင့်ကို အစ်ကိုကြီး၊ သင့်ရဲ့နောင်တော်ကို အငယ်လို့မုသားပြောမယ်။ ဒီလိုပြောရင် သင်က အကြီးဖြစ်လို့ ရာထူးကို ရခွင့်ရှိတယ်"

"မင်းကြီး…ဒီအကြံဟာ ကောင်းပေတယ်။ ဒါပေမဲ့ နောင်တော်က တန်ခိုးကြီးသူ ဖြစ်တယ်။ ဒီလို မုသားပြောရင် နောင်တော်က မင်းမြတ်ရဲ့ တန်ခိုးတွေကို တကယ်မကွယ်ပေမယ့် ကွယ်ပျောက်သလိုဖြစ်အောင် လုပ်လိမ့်မယ်။ မြေကြီးထဲကို တကယ်မဝင်ပေမယ့် ဝင်သလိုဖြစ်အောင် လုပ်လိမ့်မယ်။ အဲဒီအခါ အရှင်မင်းမြတ်က မုသားစကားမှာ မတည်ဘဲ စကားပြောင်းလိုက်ရင် အကျိုးမရှိနိုင်ပါ"

ကောရကလမ္ဗက ဘုရင်မင်းမြတ်ကို မုသားပြောခြင်းမှ နောက်မဆုတ်အောင် ချည်နှောင်နေခြင်း ဖြစ်ပေတယ်။

"ကောရကလမ္ဗ…ငါဟာ စကားမပြောင်းဘူး။ မုသားကို ပြောမြဲ ပြောမယ်"

"ဘယ်အခါမှာ ပြောရမှာလဲ"

"ကနေ့မှ နောင် ခုနစ်ရက်မြောက်တဲ့နေ့မှာ ပြောမယ်"

"ဒီစကားဟာ တစ်မြို့လုံး ပျံ့နှံ့သွားလို့ ပြည်သူတွေက ဘုရင်ပြောမယ့် မုသားဆိုတာ ဘယ်လိုဟာပါလိမ့်၊ ညိုညိုလား၊ ရွှေရွှေလား" လို့ စိတ်ဝင်စားနေကြတယ်။ ဒါကြောင့် မုသားပြောမယ့်နေ့မှာ လူတွေ ကြိတ်ကြိတ်တိုးပြီး စောင့်မျှော်နေကြတယ်။ ရသေ့ရဟန်းပြုသွားတဲ့ ပုရောဟိတ်ဟောင်းကလည်း ဈာန်အဘိညာဉ် ရထားပြီးဖြစ်လို့ ကောင်းကင်ခရီးဖြင့် ဆိုက်ရောက်လာတယ်။ သူက စတင်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"မင်းမြတ်...အငယ်ကို အကြီး၊ အကြီးကို အငယ်လို့ မုသားပြောမယ်ဆိုတာ မှန်ပါသလား"လို့ မေးမြန်းပါတယ်။

"မှန်ပါတယ်"လို့ ဘုရင်က ဖြေတယ်။

"မင်းမြတ်...မုသာဝါဒဆိုတာ အလွန်အပြစ်ကြီးတယ်။ ရှိသမျှဂုဏ်ကို ဖျက်ဆီးပစ်တတ်တယ်။ အပါယ်သို့လဲ ချတတ်တယ်။ မုသားပြောသူဟာ မိမိရဲ့ ကိုယ်ကျင့်တရားကို သတ်ပစ်ရာ ရောက်တယ်။ ကိုယ်ကျင့်တရားတွေကို သတ်ပစ်တဲ့သူဟာ မိမိကိုယ်ကိုလဲ မိမိသတ်ရာရောက်တယ်။ မုသားပြောသူကို ကိုယ်စောင့်နတ်များကလဲ မစောင့်ရှောက်ဘူး။ ခံတွင်းထဲက အပုပ်နံ့များလဲ ထွက်တတ်ပါတယ်။ ရာထူးမှလဲ လျှောကျတတ်ပါတယ်"

ဒီစကားကိုကြားတော့ ရှင်ဘုရင်က ကြောက်ရွံ့လာတယ်။ သူ့ရဲ့ သူငယ်ချင်းကို လှမ်းကြည့်လိုက်တော့ ကောရကလမ္ဗက "ဘယ့်နှယ်လဲ" လို့ မေးသလို သူ့အား စိုက်ကြည့်နေတယ်။ ဘုရင်က အနည်းငယ် ရဲတင်းလာပြီး ရသေ့အား ပြောလိုက်တာက...

"အရှင်ရသေ့...အရှင်က အငယ်၊ ကောရကလမ္ဗက အကြီးဖြစ်တယ်"တဲ့။

ဒီမုသားစကားဟာ ယခုကမ္ဘာမှာ ပထမဦးဆုံး ပေါ်လာတဲ့ မုသားပဲတဲ့။ ဒီမုသားကို ပြောလိုက်တာနဲ့တစ်ပြိုင်နက် ဘုရင်ကို စောင့်ရှောက်နေကြတဲ့ သက်တော်စောင့် နတ်လေးပါးတို့ဟာ သန်လျက်များကို ပစ်ချပြီး ကွယ်ပျောက်သွားကြတယ်။ ဘုရင်ရဲ့ခံတွင်းမှ ထွက်နေကျ ကြာညိုနံ့လည်း ကွယ်ပြီး ကြက်ဥပုပ်နံ့ထွက်လာတယ်။ တစ်ကိုယ်လုံးမှာ ကြိုင်သင်းနေကျ စန္ဒကူးနံ့ ကွယ်ပြီး အိမ်သာနံ့ကြီး ပေါ်ထွက်လာတယ်။

ဒါတင်မကဘူး။ စေတိယမင်းမှာ ကောင်းကင်ပျံသွားနိုင်တဲ့

www.burmeseclassic.com



တန်ခိုးလည်း ရှိခဲ့တယ်။ မှသားပြောလိုက်တဲ့အချိန်မှာ ကောင်းကင်မှာ မပျံသန်းနိုင်တော့ဘဲ မြေပြင်ပေါ်သို့ ကျရောက်လာတယ်။

ရသေ့က ဘုရင်ကို ကရုဏာသက်ပြီး တိုက်တွန်းပါတယ်။

"မင်းမြတ်...မုသားမပြောပါနဲ့။ အမှန်ကိုပြင်ပြောရင် တန်ခိုးဣဒ္ဓိများ မူလအတိုင်း ရှိပါလိမ့်မယ်"

ရှင်ဘုရင်က ကောရကလမ္ဗအား ပေးထားတဲ့ ကတိအတိုင်း "ကျားမြီးဆွဲမိတဲ့သူလို" "တစ်ခါ ခြံခုန်ဖူးတော့ ထပ်ခုန်ရင်ဝန်မလေးတဲ့သူလို" မုသားစကားကို ဒုတိယမ္ပိပြောပြန်တယ်။

"အရှင်ရသေ့တို့က ကျွန်ုပ်ကို တန်ခိုးနဲ့ လှည့်ပတ်ကြတယ်။ ကျွန်ုပ်နောက်ဆုတ်မှာ မဟုတ်ဘူး။ သင် ရသေ့က အငယ်၊ ကောရကလမ္ဗက အကြီး ဖြစ်ပါတယ်"

ဒီတစ်ကြိမ်မှာ ဘုရင်ရဲ့ ခြေနှစ်ချောင်းဟာ ခြေမျက်စိအထိ မြေထဲသို့ မြုပ်ဝင်သွားတယ်။ ဘုရင်ကို မြေမျိုစ ပြုနေပြီ။

"မင်းမြတ်...မုသားမပြောပါနဲ့။ မုသားပြောရင် မိုးလေဝသ မမှန်မကန် ဖြစ်ပြီး သတ္တဝါများ ဆင်းရဲတတ်ပါတယ်။ မှန်မှန်ပြောပါ။ ဘယ်သူက အကြီးလဲ"

ရှင်ဘုရင်က "ငါ့နန်း ငါထိုင် မခိုင်ကျိုးဟ"ဆိုတဲ့ သဘောမျိုးနဲ့ "သင်က အငယ်၊ ကောရကလမ္ဗက အကြီးပဲ"လို့ တတိယအကြိမ် မုသားပြောပြန်တယ်။ ဒီအကြိမ်မှာ သူ့ကို ဒူးဆစ်အထိ မြေမျိုလိုက်တယ်။

"မင်းမြတ်...မုသားပြောသူမှာ မြွေများလို လျှာနှစ်ခွ ဖြစ်တတ်တယ်။ မှန်မှန်ပြောရင် နဂိုအတိုင်း ဖြစ်နိုင်ပါသေးတယ်။ မှန်မှန်ပြောပါ။ ဘယ်သူ အကြီးလဲ"

ရှင်ဘုရင်က "ငါ့လှေ ငါထိုး ပဲ့ခူးရောက်ရောက်"ဆိုတဲ့သဘော

www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့ "သင်ရသေ့က အငယ်၊ ကောရကလမ္ဗက အကြီးပဲ"လို့ မုသား ထပ်ပြောပြန်တယ်။ ဒီအကြိမ်မှာ ခါးအထိ မြေကြီးထဲ မြုပ်ဝင်သွားတယ်။

"မင်းမြတ်…မုသားပြောသူဟာ ဖြစ်လေရာဘဝမှာ စကား ပီပီသသ မပြောနိုင်ဘဲ စကားထစ်အ,သူ ဖြစ်ရတတ်တယ်။ မှန်မှန်ပြောပါ။ ကျွန်ုပ်တို့နှစ်ယောက်မှာ ဘယ်သူက အကြီးလဲ"

ရှင်ဘုရင်က "ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်" ဆိုတဲ့ သဘောနဲ့ "သင်ရသေ့ဟာ အငယ်၊ ကောရကလမ္ဗက အကြီးပဲ"လို့ ပဉ္စမအကြိမ် မုသားပြောတယ်။ ဒီအကြိမ်မှာ ချက်အထိ မြေမျိုပါတယ်။

"မင်းမြတ်…မုသားပြောသူမှာ ဖြစ်လေရာဘဝမှာ သားရတနာ မထွန်းကားဘဲ သမီးမိန်းကလေးသာ ရတတ်ပါတယ်။ မှန်မှန်ပြောရင် နဂိုအတိုင်း ပြန်ဖြစ်နိုင်ပါသေးတယ်။ မှန်မှန်ပြောပါ။ ဘယ်သူက အကြီးလဲ"

ရှင်ဘုရင်ဟာ "ပေါက်တဲ့နဖူး မထူးဘူး"ဆိုတဲ့သဘောနဲ့ "သင်ရသေ့က အငယ်၊ ကောရကလမ္ဗက အကြီး"လို့ မုသားပြောပြန်တယ်။ ဒီဆဋ္ဌမအကြိမ်မှာ ဘုရင်ကို သားမြတ်အထိ မြေမျိုလိုက်ပါတယ်။

"မင်းမြတ်…မုသားပြောသူဟာ ဖြစ်လေရာဘဝမှာ သားရလျှင်လဲ ကျေးဇူးမသိတတ်တဲ့ သားကိုပဲ ရတတ်တယ်။ မှန်မှန်ပြောရင် နဂိုအတိုင်း ဖြစ်နိုင်ပါသေးတယ်။ မှန်မှန်ပြောပါ။ ဘယ်သူက အကြီးပါလဲ"

ရှင်ဘုရင်ဟာ "သန်းခေါင်ထက် ညဥ့်မနက်တော့ဘူး" ဆိုတဲ့ သဘောနဲ့ "သင်ရသေ့က အငယ်၊ ကောရကလမ္ဗက အကြီး"လို့ ထပ်ပြောတယ်။ ဒီလိုသတ္တမအကြိမ် မုသားပြောလိုက်တဲ့အခါမှာ အစိစိ

www.burmeseclassic.com

www.burmeseclassic.com



မှ မီးတောက်မီးလျှံတွေ တက်လာပြီး စေတိယမင်းကို အဝီစိတိုင်အောင် ဆွဲယူသွားပါတော့တယ်။

ဒီအကြောင်းကို **အဋ္ဌကနိပါတ်၊ စေတိယဇာတ်** မှာ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ မဖြစ်နိုင်ဘူးလို့ မထင်ပါနဲ့။ ဖြူစင်တဲ့အဝတ်မှာ အမည်းရောင် မင်တစ်စက် ကျသွားရင် ထင်းခနဲ ပေါ်လွင်လာသလို လူအားလုံးက သစ္စာတည်နေတဲ့အခါမှာ ဘုရင်က အစပြုပြီး သစ္စာဖောက်လိုက်လို့ သစ္စာကို ဖောက်ဖျက်တဲ့ အပြစ်ကလည်း အလွန် ကြီးကျယ်ထင်ရှားရခြင်း ဖြစ်ပါတယ်။

ယခုအခါ လူအများစုက "မုသားမပါ လက်ာမချော" ဆိုတဲ့ စကားကို လက်ကိုင်ပြုပြီး မုသားကို ရေလဲနဲ့ သုံးစွဲနေကြတယ်။ မည်းညစ်နေတဲ့ လက်နှီးစုတ်မှာ နောက်ထပ် အညစ်အကြေး ထပ်စွန်းရင် မပေါ်လွင်သလို အပြစ်ကြီးငယ်တွေနဲ့ ဖန်တစ်ရာတေနေတဲ့ လူတွေမှာ မုသားပြောတဲ့အပြစ်က မထင်ရှားခြင်းဖြစ်ပေတယ်။ မထင်ရှားပေမယ့် အပြစ်မရှိဘူးလို့ မထင်ပါနဲ့။ အပြစ်ရှိပြီး မကောင်းကျိုး ခံယူရမှာ သေချာပါတယ်။

## သစ္စာဖောက်သူတို့ရဲ့သွားရာလမ်း

**မဟာပဒုမဇာတ်တော်** မှာ ဘုရားလောင်းက မဟာပဒုမမင်းသားဖြစ်ပြီး ဒေဝဒတ်အလောင်းက ဗြဟ္မဒတ်မင်းဖြစ်တယ်။ ဘုရားအလောင်းနဲ့ ဒေဝဒတ်အလောင်းတို့ သားအဖအဖြစ် ဆုံတွေ့ကြတဲ့ ဇာတ်လမ်းဖြစ်ပေတယ်။

မဟာပဒုမမင်းသားရဲ့မယ်တော်မိဖုရားခေါင်က နတ်ရွာစံသွားလို့ ဗြဟ္မဒတ်မင်းက လှပနုပျိုသူတစ်ဦးကို မိဖုရားခေါင်အဖြစ်တင်

www.burmeseclassic.com

www.burmeseclassic.com



မြော်ကတ်တယ်။ ဒီမိဖုရားခေါင်အသစ်က စိဥ္စမာနဝိကာ လောင်းလျာ ဖြစ်ပေတယ်။

တစ်နေ့မှာ တိုင်းစွန်နယ်ဖျားမှာ သူပုန်ထလို့ မင်းကြီး ကိုယ် တိုင် ထွက်ပြီး နှိမ်တယ်။ သားတော်ကို တိုင်းပြည်အုပ်ချုပ်ထိန်းသိမ်း ဖို့ တာဝန်လွှဲအပ်ထားတယ်။ မင်းကြီး အောင်ပွဲရပြီး ပြန်လာတဲ့သတင်း ကို ကြားတော့ မင်းသားက ခမ်းခမ်းနားနား ကြိုဆိုဖို့ မြို့တော်ကို တန် ဆာဆင်တယ်။ မယ်တော်အရာတည်တဲ့ မိဖုရားခေါင်ထံသို့ မင်းသား ကိုယ်တိုင်ဝင်ပြီး သတင်းပို့တယ်။

မိဖုရားခေါင်က နုပျိုခန့်ချောတဲ့ မင်းသားအပေါ်မှာ စိတ် တိမ်း ညွတ်ပြီး သူနဲ့ မှောက်မှားအောင် မြူဆွယ်တယ်။ ဘယ်လိုမှမြူဆွယ် လို့ မရတဲ့အခါမှာ ရန်ငြိုးဖွဲ့တယ်။ မင်းကြီး ရောက်လာတဲ့အခါ မင်း ကြီးရဲ့ ခြေတော်အစုံကို သိုင်းဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးတယ်။

"အိမ်ရှေ့မင်းသားက အရှင်မင်းကြီး မရှိခိုက် နှမတော်ကို အဓမ္မ ပြုကျင့်ဖို့ ကြိုးစားတယ်။ သူ့အလိုသို့ မလိုက်လို့ နှမတော်ကို ရိုက် ပုတ် ထုထောင်းပါတယ်"လို့ မျက်ရည်ခံထိုးပြီး သနားစဖွယ် လျှောက် ထားပါတယ်။

မင်းကြီးက ဒေါသမီးထလောင်ကာ "အိမ်ရှေ့မင်းကို ဖမ်းစေ၊ ကမ်းပါးပြတ်က ဦးခေါင်းစောက်ထိုး ပစ်ချစေ"လို့ တစ်ချက်လွှတ် အမိန့် ချမှတ်လိုက်တယ်။

မိဖုရားခေါင်ရဲ့ မုသားပြောတဲ့စေတနာဟာ မင်းသားသေကျေ ပျက်စီးအောင် ရည်ရွယ်တာ ထင်ရှားတယ်။ မဟာပဒုမ မင်းသားက ခမည်းတော်အပေါ်မှာ သစ္စာစောင့်သိသူ၊ သီလလုံခြုံသူဖြစ်တယ်။ ဒီ လို ဂုဏ်ကြီးတဲ့ ပုဂ္ဂိုလ်ကို ပြစ်မှားရင် အပြစ်က ပိုကြီးတယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာ မင်းသားက ပျက်စီးရမယ့်ကိန်း ဆိုက်နေပြီ။ မိဖုရားခေါင်က ကောင်းစားမယ့်ကိန်း ဆိုက်နေတယ်။

ကံတရားရဲ့ စီမံပုံကို ဒီလိုအနီးကပ်အမြင်နဲ့ ဆုံးဖြတ်လို့ မရဘူး။ မင်းသားကို ကမ်းပါးပြတ်က စောက်ထိုးပစ်ချတဲ့အခါ တောင်စောင့်နတ်က ချီမ,ယူပြီး တောင်ခြေရင်းမှာ ချထားပေးတယ်။ မင်းသားက ရသေ့ရဟန်းပြုပြီး သမထဘာဝနာပွားများအားထုတ်တာ မကြာမီ ဈာန်အဘိညာဉ် ရသွားတယ်။

**ဒါဟာ သစ္စာစောင့်သူကို သစ္စာက ပြန်စောင့်တာပဲ။**

တစ်နေ့မှာ မုဆိုးတစ်ယောက်က မဟာပဒုမ ရသေ့ရဲ့ ကျောင်းသခ်မ်းသို့ ရောက်လာပြီး ရသေ့ပျိုကို ဖူးတွေ့ရတော့ မင်းသားမှန်း သိလိုက်တယ်။ မင်းကြီးကို သတင်းပို့တော့ သားကို လွမ်းဆွတ်နေတဲ့ ဘုရင်ကြီးက သားတော်ထံ ကြွချီလာတယ်။ အကြောင်းစုံကို သိရှိရတော့ မိဖုရားခေါင်အား အမျက်ရှကာ ကမ်းပါးပြတ်က စောက်ထိုးပစ်ချဖို့ အမိန့်ပေးလိုက်တယ်။

သစ္စာဖောက် မိဖုရားခေါင်ကို ကယ်မမယ့်သူ မပေါ်ပေါက်လာဘူး။ ဒါကြောင့် မိဖုရားခေါင်ဟာ သူထောင်ထားခဲ့တဲ့ ထောင်ချောက်ထဲမှာ မရှုမလှ အသက်ဆုံးရှုံးရပေတယ်။

မဟာပဒုမ မင်းသားအပေါ် ဖွဲ့ချည်ခဲ့တဲ့ ရန်ငြိုးက မငြိမ်းသေးဘဲ သံသရာမှာ လိုက်ပါသွားတယ်။ မဟာပဒုမမင်းသားက မြတ်စွာဘုရားဖြစ်လာတဲ့အခါ မိဖုရားခေါင်က စိဉ္စမာနဝိကာဖြစ်လာတယ်။ ဒီဘဝမှာ ကိုယ်ဝန်အရင့်အမာဆောင်ထားသူအဖြစ် လှည့်စားပြီး မြတ်စွာဘုရားကို လက်ညှိုးထိုးကာ သူနဲ့ မှောက်မှားပျော်ပါးခဲ့တယ်လို့ စွပ်စွဲတယ်။ ဂုဏ်တော်အနန္တ ရှိတဲ့ မြတ်စွာဘုရားကို မုသားစကားနဲ့ စွပ်စွဲမိတော့ မဟာပထဝီမြေကြီးက ဆောင်မထားနိုင်တော့ဘဲ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ခြမ်း ကွဲသွားတယ်။ အဝီစိက ငရဲမီးလျှံတွေ တက်လာပြီး စိဉ္စမာန ဝိကာကို အဝီစိသို့ ဆွဲချသွားပေတယ်။

သစ္စာဖောက်တို့ရဲ့ သွားရာလမ်းကား ကြောက်ခမန်းလိလိ ရှိပေစွ။

(အထက်ပါဇာတ်လမ်းအကျယ်ကို ကျွန်တော်ရေးသားတဲ့"မေတ္တာနှင့် သစ္စာအဖွင့်"မှာ ဖတ်ရှုနိုင်ပါတယ်။)

## ထိတ်လန့်ဖွယ်ရာ မှသားကျိန်စာ

လူသူ မရောက်မပေါက်တဲ့ ဟိမဝန္တာ တောနက်ကြီးထဲမှာ ထူးဆန်းတဲ့ ခရီးသွားယောကျ်ားနှစ်ဦးဟာ မြစ်ကြောတစ်ခုကို လိုက်ကာ လှျို မြောင် ချောက် များ ကို ခက် ခက် ခဲ ခဲ ကျော်ဖြတ် နေ ကြ တယ်။ ယောကျ်ားတစ်ဦးက ဖြူစင်တဲ့ အသားအရေနဲ့ ချောမောခန့်ညားတဲ့ ရုပ်သွင်ရှိတယ်။ သူဟာ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းတရားကြီး ဖြစ်ပေတယ်။

သူ့အဖော်က ညိုမှောင်တဲ့ အသားအရေနဲ့ ကြမ်းတမ်းတဲ့ ရုပ်သွင် ရှိတယ်။ သူကတော့ ဗာရာဏသီပြည်က မုဆိုးကျော်တစ်ဦး ဖြစ်တယ်။ ဘုရင်ကို လမ်းပြပြီး နတ်သမီးများ နေထိုင်ရာသို့ ပို့ဆောင်ပေးနေခြင်း ဖြစ်တယ်။

သူတို့နှစ်ဦးဟာ ကျောက်တုံးကျောက်ဆောင် လှျိုမြောင်ချောက်ကြီးများစွာကို ဖြတ်ကျော်ပြီးတဲ့အခါ တောင်ခေါင်းတစ်ခုသို့ ရောက်လာကြတယ်။ အချိန်က မှောင်စပျိုးနေပြီ။ ဘုရင်က မုဆိုးကျော်ကို ပြန်လွှတ်လိုက်ပြီး သူ ဆောင်ယူလာတဲ့ မီးရှူးတိုင်ကို ထွန်းညှိလိုက်တယ်။ ပြီးတော့ မြစ်လက်တက် ဖြတ်စီးနေတဲ့ **တောင်ခေါင်းအတွင်း** သို့ ဝင်ရောက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ခေါင်းက အလွန်ရှည်လျားပြီး မှောင်မိုက်နေပါတယ်။ ဘုရင်က မြစ်လက်တက်အတိုင်း ကျောက်တုံး ကျောက်ဆောင်များကို ခဲခဲယဉ်းယဉ်း ကျော်ဖြတ်ကာ တစ်ညဥ့်လုံး ခရီးဆက်ရပေတယ်။ တောင်ခေါင်းရဲ့ တစ်ဘက်ပေါက်သို့ ရောက်တဲ့အခါ မိုးထိန်ထိန်လင်းနေပြီ။ မြစ်လက်တက်အတိုင်း အတန်ကြာ ခရီးဆက်မိတဲ့အခါ ရေအိုင်ကြီးတစ်အိုင်ကို တွေ့ရတယ်။ ဒီရေအိုင်က ကဏ္ဍမုဏ္ဍာအမည်ရတဲ့ အိုင်ကြီး ဖြစ်ပေတယ်။

အိုင်ကြီးရဲ့ ပတ်ဝန်းကျင်မှာ သီးပင်ပန်းပင်မျိုးစုံတို့ သာယာလှပစွာ သီးပွင့်နေကြတယ်။ ဒီဥယျာဉ်ထဲကို ဝင်မိတာနဲ့ တစ်ပြိုင်နက် နတ်သမီးတမျှ ချောမောလှပတဲ့ အမျိုးသမီးတစ်သိုက်ဟာ ဘုရင့်ထံသို့ လာရောက်ကြပြီး လှိုက်လှဲပျူငှာ ရိုသေလေးမြတ်စွာ ကြိုဆိုကြတယ်။ ရွှေငွေ ပတ္တမြား ရတနာမျိုးစုံနဲ့ တောက်ပနေတဲ့ ဘုံဗိမာန်ဆီသို့ ဘုရင်ကြီးကို ခေါ်ဆောင်သွားကြပြီး မွှေးကြိုင်တဲ့ နံ့သာရည်နဲ့ ရေချိုးပေးကြတယ်။ နတ်သုဒ္ဓါလို အရသာရှိလှတဲ့ စားကောင်းသောက်ဖွယ်မျိုးစုံတို့နဲ့လည်း ဧည့်ခံကျွေးမွေးကြတယ်။

နတ်သမီးလို ချောမောလှပကြတဲ့ အမျိုးသမီးတွေက ငါးရာတောင် ရှိတယ်။ ခေါင်းဆောင်အမျိုးသမီးက ပိုချောပိုလှပြီး ဩဇာရှိတယ်။ အမျိုးသမီးအားလုံးက ယောက်ျားအဖော်နဲ့ ကင်းမဲ့နေခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်လို့ ဘုရင်ကို အမျိုးမျိုး ပြုစုယုယကြတယ်။ ဘုရင်က ခေါင်းဆောင်အမျိုးသမီးနဲ့ နေ့ရောညဥ့်ပါ အတူနေထိုင်တယ်။

ဘုရင်ကြီးဟာ နတ်စည်းစိမ်တမျှ ကြီးကျယ်ခမ်းနားတဲ့ ကာမဂုဏ်စည်းစိမ်ကို ခံစားနေရလို့ ဗာရာဏသီပြည်ကြီးနဲ့တကွ ထီးနန်းစည်းစိမ်ကို အမေ့ကြီး မေ့နေတယ်။ ဒီလိုနဲ့ နှစ်ပေါင်းတစ်ရာ့ငါးဆယ်

www.burmeseclassic.com

www.burmeseclassic.com



ကြာညောင်းလာတယ်။ ဟိုခေတ်က လူတွေရဲ့ သက်တမ်းဟာ နှစ်တစ်သောင်း ရှည်ကြာပါတယ်။

ညဥ့်တစ်ညဥ့်ရဲ့ သန်းခေါင်ယံအချိန်မှာ ခေါင်းဆောင်အမျိုးသမီးဟာ ဘုရင်နဲ့အတူ အိပ်စက်နေရာမှ အသာထပြီး ဗိမာန်အောက်သို့ ဆင်းသွားတယ်။ ဘုရင်ကလည်း အိပ်ရာမှ ထပြီး နောက်ယောင်ခံကာ လိုက်သွားတယ်။

အမျိုးသမီးက တံခါးကိုဖွင့်ပြီး ဗိမာန်အပြင်သို့ ထွက်သွားတယ်။ အိပ်မက်ရင်း လမ်းလျှောက်နေသူလို ရေအိုင်ကြီးဆီသို့ ဖြည်းဖြည်းလေးလေး လျှောက်သွားတယ်။ ရေအိုင်ကြီးအနီးက အိုင်ငယ်တစ်ခုရဲ့ ကမ်းပေါ်မှာ ရပ်လိုက်တယ်။ သူ့မျက်နှာက ညှိုးငယ်ပြီး တုန်လှုပ်ချောက်ချားနေတယ်။

များမကြာမီ ရေအိုင်ငယ်အတွင်းက ဆင်ပေါက်ငယ်လောက်ကြီးမားတဲ့ ကြောက်မက်ဖွယ်ရာ ခွေးနက်ကြီးတစ်ကောင် တက်လာတယ်။ နားရွက်ပြတ်ကြီး၊ မျက်လုံးနီနီ၊ ရှည်လျားတဲ့ အစွယ်ကြီးတွေက ဖွေးဖွေးဖြူနေပြီး အမွေးက ရှည်ရှည်ကြမ်းကြမ်း၊ ခြေသည်းတွေ ရှည်ရှည်ကုတ်ကုတ်၊ အမျိုးသမီးဆီကို စိုက်စိုက်မတ်မတ် လာနေပေမယ့် အမျိုးသမီးက မလှုပ်ရှားဘဲ တောင့်တောင့်ကြီး ရပ်နေတယ်။ မြင်ကွင်းက ထိတ်လန့်စရာကောင်းလွန်းလို့ ဘုရင်က ကျောချမ်းမိတယ်။

ခွေးနက်ကြီးက အမျိုးသမီးရဲ့ လည်ကုပ်ကို ကိုက်ခဲလိုက်ပြီး အမျိုးသမီးကို မြေပေါ် လှဲချလိုက်တယ်။ ပြီးတော့ တစ်ကိုယ်လုံးက အသားတွေကို ကိုက်စားလိုက်တာ တစ်ခဏအတွင်း အရိုးစုသာ ကျန်တော့တယ်။ ခွေးကြီးက အရိုးစုကို ကိုက်ချီပြီး အိုင်ငယ်အတွင်း ပစ်ချလိုက်တယ်။ ခွေးကြီးကလည်း အိုင်ငယ်ထဲ ခုန်ဆင်းပြီး ပျောက်ကွယ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလိုပဲ အိုင်ထဲက မိန်းမတစ်ဦး တက်လာပြီး ရတနာဗိမာန်ဆီသို့ လျှောက်သွားတယ်။ ဒီအမျိုးသမီးဟာ စောစောက ခွေးအစားခံလိုက်ရတဲ့ ခေါင်းဆောင်အမျိုးသမီးဖြစ်တာကို ဘုရင် မြင်တွေ့လိုက်ရလို့ အလွန်အံ့သြသွားတယ်၊ ရုပ်ရှင်လည်း ဆန်တယ်၊ မျက်လှည့်လည်း ဆန်တယ်၊ မယုံနိုင်လောက်အောင်လည်း ဆန်းကြယ်တယ်၊ ကျောစိမ့်အောင်လည်း ထိတ်လန့်စရာကောင်းတယ်။

ရှင်ဘုရင်ဟာ အမျိုးသမီး မမြင်အောင် ရတနာဗိမာန်သို့ အလျင်အမြန် ပြန်ပြီး သလွန်ညောင်စောင်းထက်မှာ အိပ်ပျော်ဟန်ဆောင်နေလိုက်တယ်။ အမျိုးသမီးက ပြုံးကြည်စွာ အခန်းထဲသို့ ဝင်လာပြီး သူ့နေရာမှာ ဘာမှမဖြစ်ခဲ့လေဟန် အသာအယာ အိပ်ချလိုက်တယ်။

နောက်နေ့ညဉ့်မှာ ဘုရင်က အိပ်မပျော်ဘူး။ သန်းခေါင်ယံရောက်လို့ ခေါင်းဆောင်အမျိုးသမီး ထသွားတဲ့အချိန်မှာ သူ လိုက်ဆင်းသွားပြန်တယ်။ မနေ့က မြင်ကွင်းအတိုင်း အကုန်ပြန်မြင်ရတယ်။ ဒီအမျိုးသမီးဟာ ခွေးနက်ကြီး၏ ကိုက်စားခြင်းကို ဘာ့ကြောင့် ညဉ့်စဉ် ခံနေရသလဲ။

တတိယညဉ့်မှာတော့ ဘုရင်ကြီးဟာ လေးမြားတို့ကို ဆောင်ယူလာတယ်။ အမျိုးသမီးကို ခွေးနက်ကြီး ကိုက်ခဲနေစဉ်မှာ ခွေးနက်ကြီးကို လေးဖြင့် ပစ်ချလိုက်တယ်။ ခွေးနက်ကြီး လဲကျသေဆုံးပြီး ပျောက်ကွယ်သွားတယ်။ သတိမေ့နေတဲ့ အမျိုးသမီးကို ရေအိုင်ငယ်ထဲသို့ ဘုရင်ပစ်ချလိုက်တဲ့အခါ ယခင်ညဉ့်များကလိုပဲ ခေါင်းဆောင်အမျိုးသမီးက ကြည်လင်တဲ့ ရုပ်သွင်ဖြင့် အိုင်ထဲမှ ပြန်တက်လာပါတယ်။

ဘုရင်က အမျိုးသမီးကို ရင်ဆိုင်လိုက်ပြီး "နှမတော်ရဲ့ အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



က ဆန်းလှချည်လား။ ဘယ်လိုဖြစ်တာလဲ။ ပြောပြပါဦး”လို့ မေးလိုက်တယ်။

“သိချင်ရင်တော့ ပြောပြပါ့မယ် အရှင်မင်းကြီး။ လွန်ခဲ့တဲ့နှစ် ၇၀၀ လောက် ကဿပမြတ်စွာဘုရားလက်ထက်တော်မှာ **ကိမိလမြို့** ဆိုတာ ရှိခဲ့တယ်။ အဲဒီမြို့မှာ ကျွန်မ နေထိုင်ပါတယ်။ ကျွန်မရဲ့ခင်ပွန်းက သောတာပန်အရိယာဖြစ်လို့ အပေါင်းအဖော်ဥပါသကာ ၅၀၀ တို့နဲ့အတူ ကောင်းမှုကုသိုလ်တွေကို ဆောင်ရွက်ပါတယ်။ ကျွန်မတို့ ဇနီးသည်များကလဲ ရတနာသုံးပါးကို ကိုင်းရှိုင်းကြတဲ့ ဥပါသိကာမများ ဖြစ်ကြပြီး ခင်ပွန်းသည်များ လုပ်ဆောင်တဲ့ ကုသိုလ်အလုပ်တွေမှာ ဝိုင်းဝန်းလုပ်ဆောင်ခဲ့ပါတယ်။

“တစ်နေ့မှာ ယောက်ျားတစ်ယောက်က နည်းအမျိုးမျိုးနဲ့ သွေးဆောင်တော့ ကျွန်မ စိတ်မထိန်းနိုင်တော့ဘဲ အဲဒီယောက်ျားနဲ့ ဖောက်ပြားမိပါတယ်။ ဒီအကြောင်းတွေကို ကျွန်မရဲ့ အဖော်ငါးရာတို့က သိကြပါတယ်။ ကျွန်မရဲ့ခင်ပွန်းက ဒီအကြောင်းကို ကြားတော့ ကျွန်မကို မေးတယ်။ ကျွန်မက မဖောက်ပြန်ရကြောင်း ငြင်းဆိုပြီး အနီးမှာရှိတဲ့ ခွေးနက်နားရွက်ပြတ်ကို လက်ညှိုးထိုးပြီး...

“ရှင်ပြောသလို ကျွန်မဖောက်ပြားမိရင် ဟောဒီခွေးနက်နားရွက်ပြတ်ရဲ့အစားကို ခံရပါစေသား”လို့ ကျိန်ဆိုမိခဲ့ပါတယ်။

“ကျွန်မအဖော်ငါးရာတို့ကလဲ သူတို့မသိရကြောင်း လိမ်ပြောကြပြီး အကယ်၍ သူတို့ပြောတာ မမှန်ရင် ကျွန်မရဲ့ကျွန်တွေဖြစ်ရပါစေသား”လို့ ကျိန်ဆိုကြပါတယ်။

“အဲသလို ကျိန်ဆိုခဲ့ကြလို့ သေလွန်ကြတဲ့အခါ အခုလိုလာဖြစ်ကြရတာပဲ။ ကျွန်မက ခွေးနက်ကြီး နားရွက်ပြတ်ရဲ့ ကိုက်စားခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်တိုင်း ခံရပြီး ကျွန်မရဲ့အဖော်ငါးရာက ကျွန်မရဲ့ ကျွန်မတွေ လာဖြစ်ကြရပါတယ်”

“ဒါဖြင့်ရင်...မင်းတို့က လူတွေလား၊ နတ်တွေလား၊ ဘာတွေလဲ”

“ကျွန်မတို့က လူလဲမဟုတ်၊ နတ်လဲမဟုတ်၊ ဝေမာနိကပြိတ္တာတွေပါ။ ရတနာသုံးပါးကို ဆည်းကပ်ပြီး ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ခဲ့တဲ့အကျိုးကြောင့် နေ့အခါမှာ နတ်စည်းစိမ်ကို စံစားရပါတယ်။ ညဥ့်အခါမှာတော့ မကောင်းမှုအကုသိုလ်ကံကြောင့် ငရဲလိုဆင်းရဲတဲ့ဒုက္ခကို ခံစားရပါတယ်”

ရှင်ဘုရင်က သူဟာ အရှင်လတ်လတ်ပြိတ္တာဘုံရောက်ပြီး ပြိတ္တာမတွေနဲ့ ပေါင်းသင်းနေမိတာကို နားလည်လာလို့ အလွန်ထိတ်လန့်တုန်လှုပ်သွားတယ်။ မိန်းမချော၊ မိန်းမလှတို့ကို ချစ်ခင်တပ်မက်တဲ့ စိတ်တို့ကလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားကြတယ်။ ဒါကြောင့်သူ့အား ဗာရာဏသီပြည်သို့ ပြန်ခွင့်ပြုဖို့ ခွင့်တောင်းတယ်။

သူ့ကြင်ယာဝေမာနိကပြိတ္တာမက သူ့အား ချစ်ခင်စွဲလမ်းနေလို့ သူနဲ့သာ သေတပန် သက်တဆုံး ပေါင်းသင်းနေထိုင်ဖို့ တောင်းပန်ရှာတယ်။ မင်းကြီးက ပေါင်းသင်းလိုစိတ်မရှိတော့လို့ ဗာရာဏသီပြည်သို့ ပြန်ပို့ပေးဖို့ကိုပဲ ထပ်တလဲလဲ တောင်းပန်တယ်။ နောက်ဆုံးမှာ ခေါင်းဆောင်အမျိုးသမီးက မချိတဲ့လွမ်းစိတ်ကို အတင်းမျိုသိပ်ပြီး မင်းကြီးအလိုကျ ဗာရာဏသီပြည်သို့ ပြန်ပို့ပေးလိုက်ပါတယ်။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၁၄၀)

ကာမေသုမိစ္ဆာစာရကံနဲ့ မုသာဝါဒကံတို့ဟာ အပါယ်ငရဲကို ကျရောက်စေကြတဲ့အတွက် အလွန်ကြောက်စရာကောင်းလှပေတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မုသာဝါဒကံရဲ့အကျိုးရင်းဖျားများ

မုသာဝါဒကံရဲ့ အကျိုးရင်းကား ငရဲနဲ့ ပြိတ္တာဘုံသို့ ပစ်ချနိုင်လောက်အောင် သတ္တိကြီးမားတယ်။ အကျိုးဖျားအနေနဲ့ ရောက်လေရာဘဝမှာ အောက်ပါအပြစ်များကို ရတတ်တယ်။

မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီ
တည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊
ပုံယွင်းဖောက်၏၊ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊
လျှပ်ပေါ်လော်လည်၊ စိတ်မတည်ရာ၊ ပြစ်များစွာသည်...
ရှောင်ခါ အပြန်အကျိုးတည်း။

**(အရှင်စနေကာဘိဝံသ)**

မမှန်မကန်တဲ့ မုသားစကား ပြောဆိုခြင်းကို ရှောင်ကြတဲ့သူတို့က သေလွန်တဲ့အခါ ကောင်းရာသုဂတိသို့ ရောက်ကြရတယ်။ ဖြစ်လေရာဘဝမှာ စကားပီပီသသ ပြောနိုင်တယ်။ သွားများက ပြောင်းဖူးဆန် စီတန်းနေသလို ညီညာလှပတယ်။ ခံတွင်းပါးစပ်တို့က သင်းပျံ့တယ်။ ကိုယ်အသားအရေ စိုပြည်ဝင်းဝါတယ်။ မျက်စိ၊ နား၊ နှာ စတဲ့ဣန္ဒြေများ တည်ကြည်ပြီး ကျက်သရေရှိတယ်။ ကိုယ်အနေအထားပုံသဏ္ဌာန် ပြေပြစ်တင့်တယ်တယ်။ သူတစ်ပါးတို့အပေါ်မှာ သြဇာအာဏာညောင်းတယ်။ အပြောအဆို ချိုသာပြီး နားဝင်ပီယံဖြစ်တယ်။ စိတ်တည်ကြည်ပြီး လျှပ်ပေါ်လော်လည်ခြင်း မရှိဘူး၊ ဒီလိုအကျိုးကျေးဇူးများကို ခံစားရပါတယ်။

မုသားကို ရှောင် သစ္စာဆောင်၊ အိုအောင် မဆင်းရဲ။
ကောက်စားမလောက်၊ ဖြောင့်စားမကုန်၊ ကမ္ဘာကုန် မှန်ကန်မြဲ။

www.burmeseclassic.com

www.burmeseclassic.com



## ပီသုကာဝါစာ ဆန်းစစ်ခြင်း

"မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုး" ဆိုတဲ့ စကားအတိုင်း အသားဟင်းမဟုတ်ဘဲ ချဉ်ရည်ဟင်းဖြစ်စေကာမူ စားလို့မြိန်ရင် ဟင်းကောင်းဖြစ်တော့တယ်။ ဆွေမျိုးမဟုတ်ဘဲ သူစိမ်းဖြစ်စေကာမူ ခင်မင်ချစ်ကြည်ရင် ဆွေမျိုးထက်ပင် အားကိုးရတော့တယ်။

ဆွေမျိုးအပေါင်းအသင်းတို့ဟာ ဘဝချမ်းသာပျော်ရွှင်မှုအတွက် အလွန်အထောက်အကူပြုကြတယ်။ လူဟာ အပေါင်းအသင်းနဲ့ပျော်တတ်တဲ့သတ္တဝါဖြစ်ပါတယ်။ ကျွန်တော်အမေရိကန်ပြည်ထောင်စုမှာ သုံးနှစ်တာကာလ ပညာသင်စဉ်အတွင်း ဘယ်အရာဟာ ပျော်ရွှင်စရာအကောင်းဆုံးလဲလို့ မေးရင် မြန်မာသူငယ်ချင်းများ စုပေါင်းပြီး စားကြ၊ သောက်ကြ၊ သီချင်းဆိုကြ၊ ကစားကြ၊ လည်ပတ်ကြရတာ အပျော်ဆုံးပဲလို့ ဖြေဆိုရလိမ့်မယ်။

အမေရိကန်ပြည်ထောင်စုတစ်ခွင် လိုက်လံလည်ပတ်တဲ့အခါမှာလည်း လှပတဲ့ရှုခင်းတွေနဲ့ ခမ်းနားကြီးကျယ်တဲ့ အဆောက်အဦတွေကို မြင်တွေ့ရတာ ခဏတစ်ဖြုတ်သာ စိတ်ရွှင်လန်းရတယ်။ အခြားမြို့ကြီးများမှာနေထိုင်ကြတဲ့ မြန်မာမိသားစု၊ မြန်မာကျောင်းသူကျောင်းသားတို့နဲ့ တွေ့ဆုံရတဲ့ ပျော်ရွှင်မှုက ပိုပြီး ကြီးမားပါတယ်။

တစ်ရပ်တစ်ကျေးသို့ သွားတဲ့အခါ ကိုယ့်ကို လိုက်လံပျူငှာကြိုဆိုကြမယ့် အသိအကျွမ်းများ မရှိရင် သာမန်သာ ခံစားရပြီး အသိအကျွမ်းများ ရှိရင်တော့ အလွန်ဝမ်းသာရွှင်လန်းရတာကို လူတိုင်းကြုံဖူးပါလိမ့်မယ်။

ချစ်ခင်ရင်းနှီးတဲ့ မိတ်ဆွေအပေါင်းအသင်းဟာ ဘဝကိုချမ်းသာပျော်ရွှင်စေသလောက် အဲဒီမိတ်ဆွေအပေါင်းအသင်းနဲ့ စိတ်ဝမ်းကွဲပြီး အထင်အမြင်လွဲကြရတာဟာ အလွန်ဆင်းရဲပင်ပန်းရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူနှစ်ဦး ချစ်ကြည်ရင်းနှီးနေတာကို မနာလိုမရှုဆိတ်ဘဲ အထင်အမြင်လွဲပြီး ကွဲသွားအောင် ကုန်းချောရန်တိုက်ပေးတဲ့သူဟာ အလွန်ယုတ်ညံ့သူ ဖြစ်ပါတယ်။ သူတစ်ပါးတို့ကို အကျိုးယုတ်စေပြီး စိတ်ဆင်းရဲအောင် ပြုလုပ်တာဖြစ်လို့ ဒီဘဝမှာတင်ပဲ မိမိချစ်သူတို့နဲ့ ကွဲရပြီး စိတ်ဆင်းရဲရတတ်ပါတယ်။ တမလွန်ဘဝများမှာလည်း အပါယ်ငရဲသို့ လားရောက်ရပါတယ်။

## ပါးစပ်ထဲက ဝက်အမြီးပေါက်

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက တောရွာတစ်ရွာက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဘုန်းကြီးနှစ်ပါး သီတင်းသုံးနေကြတယ်။ သူတို့ဟာ စိတ်သဘောထား နူးညံ့သိမ်မွေ့ကြပြီး တစ်အူထုံ့ဆင်း ညီအစ်ကိုအရင်းလိုပဲ ခင်မင်ချစ်ကြည်ကြတယ်။ ဝိနည်းတော်နှင့်အညီ နေထိုင်ကြလို့လည်း ဒါယကာ ဒါယိကာမများက အလွန် ကြည်ညိုကြပြီး ပေးကမ်းလှူဒါန်းကြလို့ အစစအရာရာပြည့်စုံနေပါတယ်။

တစ်နေ့ကျတော့ နာမည်ကြီး ဓမ္မကထိက ဘုန်းကြီးတစ်ပါး အဲဒီကျောင်းကို ရောက်လာတယ်။ အာဝါသိက အရှင်မြတ်နှစ်ပါးက ဓမ္မကထိက ဘုန်းကြီးကို ချမ်းချမ်းသာသာ နေနိုင်အောင် ပြုစုစောင့်ရှောက်ကြပြီး တရားပွဲများ ကျင်းပနိုင်အောင်လည်း စီစဉ်ပေးကြတယ်။

ဓမ္မကထိက ဘုန်းကြီးက သူ့အား ကူညီစောင့်ရှောက်တဲ့ ကျေးဇူးတွေကို မထောက်ထားဘဲ နေခင်းသာပြီး လာဘ်လာဘ ပေါများတဲ့ ထိုကျောင်းကို အပိုင်ရယူချင်လာတယ်။ ဒါကြောင့် မထေရ်နှစ်ပါး အချင်းချင်း အထင်လွဲမှားအောင် အမျိုးမျိုး ကုန်းတိုက်တော့တယ်။

မထေရ်နှစ်ပါးက ရိုးသားသူများ ဖြစ်ကြလို့ ပြောဖန်များတော့

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစကားကို ယုံကြည်သွားကြတယ်။ ဒါကြောင့် အချင်းချင်း မျက်နှာချင်းဆိုင်ပြီး ဖြေရှင်းဖို့ကိုတောင် မပြုလုပ်ကြတော့ဘဲ တစ်လမ်းစီထွက်ခွာသွားကြတယ်။ အလွန်တရာလည်း စိတ်မချမ်းမသာ ဖြစ်ကြတယ်။

နှစ်ပေါင်းများစွာ တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်းနေထိုင်ကြကာ နောက်ဆုံး တောကျောင်းတစ်ကျောင်းမှာ မမျှော်လင့်ဘဲ ဘုန်းကြီး နှစ်ပါး ဆုံမိကြတယ်။ အဲဒီအခါ အချင်းချင်း မေးမြန်းပြောဆိုကြတော့ ခမ္မကထိကက ကျောင်းလိုချင်လို့ မိမိတို့နှစ်ပါး စိတ်ဝမ်းကွဲပြားအောင် ကုန်းတိုက်တာကို သိရှိကြရတယ်။

ဒါကြောင့် နှစ်ပါးအတူ မူလရွာကျောင်းသို့ ပြန်လာကြပြီး ခမ္မကထိကကို ကျောင်းမှနှင်ထုတ်လိုက်ကြတယ်။ ပြီးတော့ ရှေးကလို ချမ်းသာစွာ နေထိုင်ကြတယ်။

ခမ္မကထိကဟာ ကျောင်းမှ ထွက်သွားပြီး မကြာမြင့်မီ ကွယ်လွန်ပါတယ်။ ကွယ်လွန်တော့ ဘယ်ရောက်သွားတယ်ထင်သလဲ။ အဝီစိငရဲကို ရောက်တယ်။ နှစ်ပေါင်းမရေမတွက်နိုင်အောင် ကြောက်မက်ဖွယ် ငရဲဆင်းရဲကို ခံရတယ်။ ငရဲက လွတ်တော့ ပိသုဏာဝါစာကံရဲ့ အရှိန်အဟုန်က မကုန်သေးလို့ ဂိဇ္ဈကုဋ်တောင်မှာ ဝက်လူပြိတ္တာကြီး ဖြစ်ရတယ်။

ဂိဇ္ဈကုဋ်တောင်ဆိုတာ ရာဇဂြိုဟ်ပြည်ကို ဝန်းရံထားကြတဲ့တောင် ငါးလုံးအနက်က တစ်လုံးဖြစ်ပါတယ်။ ဝေဠုဝန်ကျောင်းတော် ဆိုတာ အဲဒီတောင်တွေရဲ့အပြင်ဘက်မှာ တည်ရှိတယ်။

တစ်နေ့မှာ အရှင်မောဂ္ဂလာန်နဲ့ အရှင်လက္ခဏတို့ဟာ ဂိဇ္ဈကုဋ်တောင်ပေါ်က ဆင်းလာကြတဲ့အခါ စောစောက ဝက်လူပြိတ္တာကြီးကို တွေ့မြင်ရတယ်။ ပြိတ္တာကြီးက မော်ကြည့်ရအောင် ကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်က လူကိုယ်ဖြစ်ပေမယ့် သူ့ဦးခေါင်းက ဝက်ဦးခေါင်း ဖြစ်နေတယ်။ သူ့နှုတ်သီးအတွင်းက ဝက်အမြီးတစ်ချောင်း တွဲလောင်းကျနေတယ်။ ဝက်ကြီးတစ်ကောင်က ဝက်မြီးတစ်ချောင်းကို ကိုက်ထားတာနဲ့ တူတယ်။ အမြီးပေါက်နေတဲ့ နှုတ်သီးအတွင်းက ပိုးလောက်တွေက တဖွားဖွားကျနေတယ်။

ဘယ်လောက် ကြောက်စရာ ရွံစရာကောင်းလိုက်သလဲ။ ဒီပြိတ္တာအကြောင်းကို အရှင်မောဂ္ဂလာန်က မြတ်စွာဘုရားကို လျှောက်ထားတော့ မြတ်စွာဘုရားက သူလည်း မြင်တွေ့ရတယ်ဆိုပြီး အတိတ် ဇာတ်ကြောင်းကို ဟောကြားပါတယ်။ ဘုရားနှစ်ဆူအကြား အန္တရကပ် တစ်ကပ်လုံး ငရဲနဲ့ ပြိတ္တာဆင်းရဲတို့ကို ခံစားနေရတာ ပိသုဏဝါစာကံအကျိုးက မပြီးဆုံးသေးဘူး။ (ဓမ္မပဒ၊၄၊၂။ ၂၅၈-၂၆၀)

ခဏခေတ္တကလေး နှုတ်မစောင့်စည်းတဲ့အတွက် ခံရတဲ့ အပြစ်တွေဟာ ထိတ်လန့်စရာကောင်းလွန်းလို့ အထူးသတိထားပြီး နှုတ်ကို ထိန်းသင့်ကြပေတယ်။

## ဖရုသဝါစာ ဆန်းစစ်ချက်

"နှုတ်ချို သျှိုတစ်ပါး"တဲ့။ ချိုချိုသာသာ ပြောဆိုတတ်တဲ့သူဟာ ပိယဆေး ဆောင်စရာမလိုဘူး။ လူချစ်လူခင် များတယ်။ နှုတ်အာ ကြမ်းတဲ့သူကျတော့ လူမုန်းများတယ်။ ဒါတင်မကဘူး။ ကွယ်လွန်တဲ့အခါ အပါယ်ငရဲကျတတ်တယ်။

ဘာဖြစ်လို့လဲ။ သူတစ်ပါးကို စိတ်မချမ်းမြေ့စေတဲ့အတွက် ကြောင့်ပါပဲ။

Man is a social animal.

www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ အပေါင်းအသင်းကို နှစ်သက်တတ်တဲ့ သတ္တဝါတစ်မျိုးပဲ။ ဒါကြောင့် ချိုချိုသာသာ ပြောဆိုရင် အသိအကျွမ်း မိတ်ဆွေဖြစ်သွားတော့တာပဲ။

လူဟာ ချီးမွမ်းခြင်းကို နှစ်သက်တတ်သလောက် အပြစ်တင်မောင်းမဲတာကို ရွံမုန်းတယ်။ ဒါကြောင့် သူတစ်ပါးကို အပြစ်ပြောတာ၊ ဆဲရေးတိုင်းထွာတာ၊ ခြိမ်းခြောက်မောင်းမဲတာ၊ မခံသာအောင် နှောက်ပြောင်တာ၊ နာကြည်းအောင် ပြောဆိုတာတွေဟာ ဖရုသဝါစာကံ ထိုက်ပါတယ်။

လူအချို့က သူတစ်ပါး စိတ်မချမ်းသာမှ ထမင်းစားမြိန်တတ်ကြတယ်။ သူတစ်ပါး မခံသာအောင် ဝေဖန်ပြောဆိုလိုက်ရမှ ဝမ်းသာပျော်ရွှင်တတ်ကြတယ်။ "ဝစီဘေဒ ထိတိုင်းရှတယ်"ဆိုတဲ့အတိုင်း လက်နှစ်သစ်မျှသော နှုတ်ပါးစပ်ကို မထိန်းသိမ်းတတ်တော့ တွေ့သမျှလူတွေကို ထိခိုက်စူးရှပြီး စိတ်ဆင်းရဲစေပါတယ်။

သူတစ်ပါးကို ထိခိုက်စူးရှစေတယ်ဆိုရင် ဒီမကောင်းမှုကံရဲ့ အပြစ်ဒဏ်ဟာ ကိုယ့်ထံ ပြန်လာမယ်ဆိုတာ သေချာပါတယ်။ တမလွန်ဘဝထိတောင် မစောင့်ဆိုင်းရပါဘူး။ လက်ရှိဘဝမှာတင်ပဲ နှုတ်ကို စောင့်စည်းရတဲ့အကျိုးနဲ့ မစောင့်စည်းရတဲ့အပြစ်တို့ဟာ ထင်ရှားပါတယ်။

## ဝိပါက်ကြမ္မာ ဆက်တိုက်လာ

"မြတ်မင်္ဂလာ" အတွဲ ၅၊ အမှတ် ၈ မှာ ပါတဲ့ အောင်မြင့်ကျော် (ဒုံသမိ) ရဲ့ ဆောင်းပါးဟာ နှုတ်မစောင့်စည်းတတ်တဲ့သူတွေ အထူးသတိချပ်စရာကောင်းပေတယ်။ သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာမှာ ငါးသည် **ဒေါ်မာပု** ဆိုတာရှိတယ်တဲ့။ ဒေါ်မာပုက စကားမပြောဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရေးအတွက် ငါးလည်ရောင်းရတယ်။ ငါးလည်ရောင်းတဲ့အခါ စကားမပီတော့ "နား ဝယ်ကြဦးမယား" လို့ အော်ဟစ်ပြီး ရောင်းတယ်တဲ့။

အဲဒီရွာမှာ သူတစ်ပါးကို နောက်ပြောင်ကျီစယ်တတ်တဲ့ ကိုသန်းထွန်းက ဒေါ်မာပု အော်သံကြားတော့ သူလည်း အတုလိုက်ပြီး "နား ဝယ်ကြဦးမယား" လို့ အော်တယ်တဲ့။ ဒေါ်မာပုက "စကားနည်း ရန်စဲ" ဆိုတဲ့ စကားအတိုင်း သည်းခံရှာပါတယ်။ စိတ်က မချမ်းသာဘူး။

မကြာမီ ကိုသန်းထွန်းရဲ့ ဇနီးက စတုတ္ထမြောက်သားကို မွေးတော့ နှုတ်ခမ်းကွဲကလေး ဖြစ်နေတယ်။ စကားပြောတတ်တဲ့ အရွယ်မှာ စကားပီပီသသ မပြောနိုင်ရှာဘူး။ ဒေါ်မာပုလို 'ငါး' ကို 'နား' လို့ ပြောတယ်။ ပဉ္စမမြောက်သားကလေးကို မွေးလာပြန်တော့ နှုတ်ခမ်း မကွဲပေမယ့် သူ့အစ်ကိုကို တုပပြီး စကားသင်ရတော့ စကားမပီပြန်ဘူး။ ဒီသားနှစ်ယောက်အတွက် ကိုသန်းထွန်း အကြီးအကျယ် စိတ်မကောင်း ဖြစ်ရတယ်။

ကိုသန်းထွန်းရဲ့ နှုတ်ခမ်းကွဲနေတဲ့ သားက ခြောက်နှစ်အရွယ် ရောက်လာတော့ သူ့အမေလုပ်တဲ့ မုန့်ပဲသရေစာတို့ကို ရွာလည်ရောင်းရတယ်။ သူလည်း ဒေါ်မာပုလိုပဲ အများကြားရအောင် စကားမပီမသနဲ့ အော်ဟစ်ရတယ်။

ဒီကလေး မုန့်ရောင်းလာပြီဆိုရင် ကိုအောင်မြင့်ကျော်ရဲ့ သူငယ်ချင်းဖြစ်တဲ့ ကိုမြင့်ဌေးက မြိန်ရေရှက်ရေ နောက်ပြောင်လေ့ရှိတယ်။ "ကလေးရှက်တော့ ငို" ဆိုတဲ့အတိုင်း မုန့်ရောင်းတဲ့ကလေးဟာ ငိုယိုပြီး ပြန်သွားရပါတယ်။

မကြာမီ ကိုမြင့်ဌေးရဲ့ဇနီးက သမီးဦးကလေး မွေးတယ်။ ဒီသတင်းကို ကြားရတော့ အသိမိတ်ဆွေများက ဝမ်းသာရမည့်အစား

www.burmeseclassic.com

www.burmeseclassic.com



အံ့သြတုန်လှုပ်မိကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီသမီးကလေးက နှုတ်ခမ်းကလေး ကွဲနေလို့ပါပဲ။

ရွာသားအချို့က တိုက်ဆိုင်မှုလို့ ဆိုကြတယ်။ ဒါပေမဲ့ ဆက်တိုက် ဖြစ်လာတာကို ထောက်ရှုတော့ ဝိပါက်ကြမ္မာရဲ့ မပြေးရှောင်သာတဲ့ စနက်တံကြောင့်ပဲလို့ အများက ယုံကြည်ပြီး ကြောက်ရွံ့တုန်လှုပ်သွားကြတယ်။

***

"မြတ်မင်္ဂလာ" အတွဲ ၅၊ အမှတ် ၁၁၊ မသန်းသန်းယု (ဖျာပုံ) ရဲ့ **"တန်ပြန်အကျိုး"** ဆိုတဲ့ ဆောင်းပါးကိုကြည့်ပါဦး။ သူ့မိဘနေထိုင်တဲ့ ရွာမှာ မောင်မြဆိုတဲ့ လူငယ်တစ်ဦး ရှိတယ်တဲ့။ နေ့စဉ် သူများကို နောက်ပြောင်ရမှ အူမြူးနေတတ်တဲ့ သူငယ်ပါပဲ။

အဲဒီရွာမှာ တံတောင်ဆစ်က စပြီး လက်ကွေးကောက်နေတဲ့မခင်ဆိုတာ ရှိတယ်။ မောင်မြက မခင်ကို ဘယ်နေရာမှာပဲတွေ့တွေ့ 'မခင်ရေ' လို့ အော်ခေါ်ပြီး မခင်လက်ကွေးကောက်နေတဲ့ပုံစံမျိုးကို လုပ်ပြတယ်။ မခင်က ဝမ်းနည်းပါသော်လည်း အားမတန်တော့ မာန်လျှော့နေရရှာတယ်။

မောင်မြရဲ့အလုပ်က ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းတစ်ခုမှာ ပိုက်ကို ဒလက်နဲ့ လှည့်ချရတဲ့အလုပ် ဖြစ်ပါတယ်။ တစ်နေ့မှာ ပိုက်ကို ဒလက်နဲ့လှည့်ပြီး အပေါ်သို့ ဆွဲတင်ရာမှာ ဒလက်က အရှိန်နဲ့ လည်ထွက်သွားပြီး သူ့ရဲ့လက်ကို ရိုက်ချလိုက်တယ်။

မောင်မြဟာ ဒလက်ထိတဲ့ဒဏ်ကို အကြီးအကျယ် ခံရပြီး ရက်ပေါင်းများစွာ ဆေးကုသခံရပါတယ်။ ဒဏ်ရာပျောက်တော့ သူ့ရဲ့လက်ဟာ မခင်ရဲ့ကောက်နေတဲ့လက်ပုံစံအတိုင်း ကောက်နေတော့တယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



# ဝစီဘေဒ ထိတိုင်းရှ

ဝစီဘေဒဟာ အသွားနှစ်ခုနဲ့ သန်လျက်လိုပဲ။ သူများကို ထိရှသလို ကိုယ့်ကိုလည်း ပြန်ထိရှစေပါတယ်။ မြန်မာနိုင်ငံမှာ ထင်ရှားကျော်ကြားတဲ့ ကမ္မဋ္ဌာန်းဆရာတော်တစ်ပါးရဲ့ ကျောင်းတိုက်အနီးမှာ နေထိုင်သူ **ဦးညွန့်မောင်** က ဆရာတော်ကို လူအများ လာရောက် ဖူးမြော်ကြ၊ လှူဒါန်းကြ၊ ပင့်ဆောင်နေကြတာတွေ နေ့စဉ် မြင်တွေ့နေရတယ်။

တစ်နေ့မှာ ဆရာတော်ကို လူအများက တွဲပြီး ကားလှလှပေါ်ကို တင်တယ်။ နောက် ဆရာတော်ပြန်ကြွလာတော့ ကားလှလှပေါ်က ပြန်တွဲချတယ်။ လှူဖွယ်ဝတ္ထုတစ်ပွေ့တစ်ပိုက်ကြီးကိုလည်း သယ်ပို့ကြတယ်။ ဒါတွေကို မြင်တွေ့ရတဲ့ ဦးညွန့်မောင်က သံဃာတော်ကို အမနာပ ဝေဖန်ပြောဆိုပါတယ်။ သူ့ရဲ့ သဒ္ဒါကင်းမဲ့တဲ့ ဝေဖန်ချက်ကို သူ့ဇနီးမှတစ်ပါး အခြားလူတွေ မကြားရဘူး။

သီတင်းတစ်ပတ်ခန့်အကြာမှာ ဦးညွန့်မောင် အိမ်ပေါ်ကအဆင်းရှေ့သို့ ဟပ်ထိုးလဲကျသွားတယ်။ လဲရာမှ ပြန်ထပြီး ရင်ဘတ်ပေါ် ပေကျံနေတဲ့ ဖုန်နဲ့သဲများကို လက်ဝါးနဲ့ ခါချနေစဉ်မှာ ချောင်းတစ်ချက်ဟပ်ပြီး တံတွေးထွေးလိုက်တာ သွေးများ ပါလာတယ်။ တံတွေး ထပ်ထွေးတိုင်း သွေးများ ပါနေလို့ ရင်ထဲမှာ ရောဂါရှိပြီလို့ ယူဆတယ်။ ဒါကြောင့် ဆေးခန်းများနဲ့ ဆေးရုံတို့မှာ သွားပြပြီး ကုသတယ်။ မပျောက်ဘူး။

နှစ်နှစ်ခန့်ကြာလာတော့ မိတ်ဆွေတစ်ယောက်က ဒီရောဂါဟာ ရိုးရိုးရောဂါ မဟုတ်ပါဘူး။ ဂုဏ်သိက္ခာကြီးမားသူတစ်ဦးဦးကို ပြစ်မှားမိတာ ဖြစ်လိမ့်မယ်။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်ကို ကန်တော့ပြီး ဝန်ချတောင်းပန်ပါလို့ အကြံပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဦးညွန့်မောင်ဟာ ကမ္ဘာ့ဌာန်းဆရာတော်ထံမှောက်သို့ သွားရောက်ပြီး ရိုသေစွာ ကန်တော့တောင်းပန်တယ်။ ဆရာတော်က သူ့ကို မော်ကြည့်ပြီး ...

"အေး ... မင်းပြောတာ ငါ မကြားပါဘူးကွယ်။ မင်း ထင်လို့ဖြစ်မှာပါ။ ရှိစေတော့ ဒကာ၊ ရောဂါဆိုးကြီး ပျောက်ပါစေဗျာ" လို့ အမိန့်ရှိပြီး ရတနာသုံးပါးနဲ့ ဆရာသမားတို့ကို ရှိခိုးကန်တော့ရတဲ့ အကျိုးကျေးဇူးများကို ဆက်ဟောတယ်။

ထိုနေ့ကစပြီး ဦးညွန့်မောင်ရဲ့ သွေးပါရောဂါဟာ လုံးဝပျောက်ကင်းသွားပါတယ်။ ဒီအကြောင်းကို ဖြူဖြူက မြတ်မင်္ဂလာ အတွဲ ၃၊ အမှတ် ၈ မှာ "ဝစီဘေဒ" အမည်နဲ့ ရေးသားတင်ဆက်ထားပါတယ်။

ဦးညွန့်မောင်လို ဝစီကံအပြစ်ကို ကိုယ်တွေ့ခံစားရပြီး ကုစားခွင့် ရလိုက်တာ ကံကောင်းထောက်မပေတယ်လို့ ဆိုချိမ့်မယ်။ ဦးညွန့်မောင်လို ကုစားခွင့်မရလိုက်ဘဲ ဝစီကံတန်းလန်းနဲ့ အပါယ်ငရဲရောက်သွားကြတဲ့လူတွေ ဒုနဲ့ဒေး ရှိမှာပဲ။

မန္တလေးတိုင်း **မလှိုင်မြို့နယ်** အတွင်းမှာ ရွာကြီးနှစ်ရွာအကြား ဘုန်းကြီးကျောင်း တစ်ကျောင်းရှိတယ်။ တစ်နေ့မှာ ကျောင်းထိုင် ဘုန်းကြီးက ရှင်ပြုပွဲသို့ ကြွသွားရလို့ ဦးပဥ္စင်းလေးတစ်ပါးကို ကျောင်းလွှဲအပ်ထားခဲ့တယ်။

နံနက် ၉ နာရီဆွမ်းခံချိန်ရောက်တော့ ဦးပဥ္စင်းလေးက ကျောင်းသားများကို ခေါ်ပြီး ခါတိုင်းလို တောင်ဘက်ရွာနဲ့ မြောက်ဘက်ရွာသို့ လှူခွဲပြီး ဆွမ်းခံထွက်ကြဖို့ ပြောတယ်။ အကြီးဆုံးကျောင်းသား မောင်အေးက "ကနေ့ ဆွမ်းခံမလိုက်ဘူး" လို့ ကလန်ကဆန်ပြောတယ်။ ဦးပဥ္စင်းလေးက ရိုက်မယ်လုပ်တော့ မောင်အေးက တုတ်ကို လုယူပြီး ဆဲဆိုကာ ထွက်ပြေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မွန်းလွဲတစ်နာရီခန့်မှာ ဥယျာဉ်ခြံထဲရှိ ရေတွင်းမှာ ဦးပဥ္စင်းလေး ရေချိုးနေတုန်း "ဖြောင်း"ဆိုပြီး သစ်ကိုင်းကျိုးသံနဲ့ "ဘုတ်"ဆိုပြီး လေးလံတဲ့ဝတ္ထုကျသံတို့ကို မရေးမနှောင်းကြားရတယ်။ သွားကြည့်တော့ ၁၂ တောင်ခန့်မြင့်တဲ့ သစ်ပင်ကြီးရဲ့ အရင်းနားမှာ မောင်အေး ခွေခွေကလေး ပုံလဲနေတာကို တွေ့ရတယ်။

"ဟဲ့...မောင်အေး၊ ဘာဖြစ်တာလဲ"

"အင်...အား...သစ်ပင်ပေါ် ပျားအုံတက်ဖွပ်တယ်၊ ပျားတွေ တုပ်လို့ ရုန်းကန်နေရင်း သစ်ပင်ကိုင်း ကျိုးကျတယ်။ အောင်မယ်လေး နာလိုက်တာ...ကယ်တော်မူပါဘုရား၊ မနက်က တပည့်တော်ရဲ့အပြစ်ကိုလဲ ခွင့်လွှတ်ပါဘုရား"

ဦးပဥ္စင်းလေးက မောင်အေးကို ပွေ့ချီလိုက်တယ်။ မောင်အေး မျက်လုံးတစ်ချက် ပွင့်လာပြီး လက်အုပ်ချီလိုက်တယ်။ ဒီတင်ပဲ အသက် ကုန်သွားရှာပါတယ်။ ဒီအကြောင်းကို အောင်မြင့်ကြည် (အိုးအိမ်) က မြတ်မင်္ဂလာအတွဲ ၅၊ အမှတ် ၁၁ မှာ ဖော်ပြထားပါတယ်။

ပေါ့ပေါ့တန်တန်နေပြီး ပေါ့ပေါ့ဆဆ မပြောပါလေနဲ့။ အကုသိုလ်ကံတွေက လက်ငင်းချက်ချင်း အကျိုးပေးတတ်တာကို ကိုယ်တိုင်ခံရတဲ့အထိ မစောင့်ဆိုင်းပါလေနဲ့။

## သာသနာဝင်မှာ သမိုင်းတင်ရစ်တဲ့ အမ္ဗပါလီ

မြတ်စွာဘုရားလက်ထက်တော်အခါက ဝေသာလီပြည်ဟာ ငြိမ်းချမ်းသာယာလို့ နာမည်ကျော်ကြားတယ်။ ဝေသာလီပြည်ကို လိစ္ဆဝီမင်းသားများက စုပေါင်းအုပ်ချုပ်ရေး (ဂဏ) စနစ်နဲ့ အုပ်ချုပ်လို့လည်း လူတွေစိတ်ဝင်စားကြတယ်။ ပြီးတော့ အလှဘုရင်မ အမ္ဗပါလီကြောင့်လည်း ဝေသာလီပြည်ဟာ ထင်ရှားကျော်ကြားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမ္ဗပါလီ…သရက်ပင် အစောင့်အရှောက်ရှိသူလို့ အဓိပ္ပာယ်ရတဲ့ နာမည်။ ဒီနာမည်ရှင် အလှသခင်ဟာ ဝေသာလီ ဥယျာဉ်တော်အတွင်းက သရက်ပင်ခြကြားမှာ ဥပပတ်ပဋိသန္ဓေနေလာသူ ဖြစ်တယ်။ ဥပပတ် ပဋိသန္ဓေဆိုတာ အရွယ်ရောက်တဲ့ ၁၆ နှစ်သမီးအဖြစ် ဘွားခနဲ ပေါ်ပေါက်လာတဲ့ ပဋိသန္ဓေဖြစ်တယ်။ ဒီလိုပဋိသန္ဓေနေခွင့်ရဖို့က သူဟာ သာမညပုဂ္ဂိုလ်မဟုတ်ဘူး။ ဘုရားသုံးဆူကို ဖူးတွေ့ခဲ့ရပြီး သိက္ခာသုံးပါးကို ဖြည့်ကျင့်ပြီး ဆုပန်တောင်းခဲ့လို့ပါပဲ။

ဖုဿမြတ်စွာဘုရားလက်ထက်မှာ အမ္ဗပါလီဟာ ဘုရားရှင်ရဲ့ နှမတော်ဖြစ်ခဲ့တယ်။ အလှူကြီးပေးပြီး ဖြစ်လေရာဘဝမှာ ရုပ်အဆင်းအင်္ဂါနဲ့ ပြည့်စုံသူ ဖြစ်ပါစေလို့ ဆုတောင်းခဲ့တယ်။ သိခီမြတ်စွာဘုရားလက်ထက်တော်မှာ ဘိက္ခုနီမဘောင်သို့ ဝင်ရောက်ခဲ့တယ်။ အခြားဘိက္ခုနီမများစွာတို့နဲ့အတူ စေတီတော်တစ်ဆူကို ဖူးမြော်ကြရာမှာ လက်ယာရစ် လှည့်ပတ်ကြတယ်။ ရှေ့က ကြွသွားတဲ့ ရဟန္တာဘိက္ခုနီမတစ်ပါးဟာ ချေဆတ်လို့ ရင်ပြင်တော်ပေါ်သို့ တံတွေးပေါက် တစ်ပေါက် အမှတ်မဲ့ ကျသွားတယ်။

နောက်ကလာတဲ့ အမ္ဗပါလီက တံတွေးပေါက်ကို မြင်တော့ "ဘယ်ပြည့်တန်ဆာမ ဒီနေရာမှာ တံတွေးထွေးသွားတာလဲ"လို့ ဆဲရေး တိုင်းထွာလိုက်တယ်။

ကြည့်စမ်း။ သူ နှုတ်စောင့်စည်းဖို့ သတိလွတ်သွားလို့ လွယ်လွယ်ကလေး နှုတ်ထွက်လိုက်မိတယ်။ သူ ရေရွတ်တိုင်းထွာလိုက်တာကို ကာယကံရှင် ရဟန္တာမကလည်း မကြားလိုက်ပါဘူး။ ဘယ်သူ့ကိုမှ မထိခိုက်ပါဘူးလို့တောင် ယူဆနိုင်တယ်။ ဒါပေမဲ့ ရဟန္တာ ဘိက္ခုနီမရဲ့ ဂုဏ်သိက္ခာ ထိခိုက်သွားပြီး ဖရသဝါစာကံ ထိုက်သွားပါတယ်။

အဲဒီဘဝက ကွယ်လွန်တော့ ငရဲအကျခံရတယ်။ ဘိက္ခုနီ လုပ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတဲ့ ကုသိုလ်ကံက ကြီးလေးတဲ့ ဝစီကံကို မတားမြစ်နိုင်ခဲ့ဘူး။ ပြီးတော့ ဘဝတစ်သောင်းတိုင်အောင် ပြည့်တန်ဆာမချည်း ဖြစ်ရတယ်။

ကဿပမြတ်စွာဘုရား လက်ထက်မှာ ဘိက္ခုနီမအဖြစ်ကို တစ်ဖန် ရရှိပြန်တယ်။ သိက္ခာသုံးပါးကိုလည်း ဖြည့်ကျင့်ခဲ့ရတယ်။ ဥပပတ်ပဋိသန္ဓေနေရပါစေလို့ ဆုတောင်းခဲ့တယ်။ ဒါကြောင့် နောက်ဆုံးဘဝမှာ ဝေသာလီဥယျာဉ်တော်အတွင်းက သရက်ပင်မှာ ဥပပတ်ပဋိသန္ဓေနဲ့ လူဖြစ်လာရတယ်။

ဥယျာဉ်မှူးက အမ္ဗပါလီကို လိစ္ဆဝီမင်းညီမင်းသားများထံ အပ်နှံတယ်။ လှလွန်း ချောလွန်း အချိုးအစားတင့်တယ်လွန်းတဲ့ အမ္ဗပါလီကို သူ လိုချင်၊ ငါလိုချင်၊ သူ ရထိုက်၊ ငါရထိုက်နဲ့ မင်းညီမင်းသားတို့ ငြင်းခုံရန်ဖြစ်ကြတယ်။ ခိုက်ရန်ပြေငြိမ်းအောင် မင်းသားအားလုံးနဲ့ ဆိုင်စေလို့ ဆုံးဖြတ်ကြပြီး ပြည်ကြီးတန်ဆာဆိုတဲ့ ပြည့်တန်ဆာမ ရာထူးကို ပေးအပ်လိုက်ကြတယ်။

အမ္ဗပါလီထံမှာ တစ်ညဉ့်တာ ပျော်ပါးလိုလျှင် အသပြာ တစ်ထောင် ပေးဆောင်ရတယ်။ ဒါကြောင့် အမ္ဗပါလီဟာ အလွန် ချမ်းသာတယ်။ သူမတူအောင် လှပကျော်ကြားတယ်။ ဒါပေမဲ့ အဆင့်အတန်း နိမ့်ကျတဲ့ ပြည့်တန်ဆာမ ဖြစ်ရတယ်။ ဒါတွေဟာ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့ အကျိုးရင်း အကျိုးဆက်တွေပါပဲ။

အမ္ဗပါလီ ချောမောလှပတဲ့ သတင်းကို ကြားရတော့ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းက ငယ်ရွယ်စဉ်အခါ ဖြစ်လို့ မထင်မရှားတဲ့ အသွင်နဲ့ ဝေသာလီသို့လာပြီး အမ္ဗပါလီနဲ့ ပျော်ပါးတယ်။ အမ္ဗပါလီ ကိုယ်ဝန်တည်ကြောင်း ပြောပြတော့ မိမိက ရာဇဂြိုဟ်ပြည့်ရှင် ဖြစ်ကြောင်း ပြောပြပြီး ကိုယ်ဝန်အစောင့်အရှောက်ထားပေးတယ်။ နောက် သားတစ်ယောက် မွေးဖွားလာတယ်။ ဒီသား ကြီးပြင်းလာတော့ သာ

www.burmeseclassic.com

www.burmeseclassic.com



သနာ့ဘောင်ထဲ ဝင်ပြီး ဝိမလကောဏ္ဍညမထေရ်အဖြစ် ကျော်ကြား လာတယ်။

အမ္ဗပါလီဟာ ဂေါတမမြတ်စွာဘုရားနဲ့ သံဃာတော်တို့ကို ဆွမ်း လှူဒါန်းပြီး မိမိပိုင် သရက်ဥယျာဉ်ကို လှူဒါန်းတယ်။ အသက်ကြီး ရင့်လာတော့ သားရဟန်းရဲ့ တရားတော်ကို နာရပြီး ဘိက္ခုနီဘောင် သို့ ဝင်ရောက်တယ်။ နှပျိုစဉ် မိမိခန္ဓာကိုယ်နဲ့ အိုမင်းရင့်ရော်လာတဲ့ မိမိခန္ဓာကိုယ်တို့ကို နှိုင်းယှဉ်ပြီး ဝိပဿနာရှုမှတ်တဲ့အခါ ပဋိသမ္ဘိဒါ ပတ္တအဘိညာဉ်ရ ရဟန္တာထေရီဖြစ်သွားပါတယ်။

(အပ၊၂။ ၂၉၅-၂၉၆။ ထေရီ၊ဋ္ဌ။ ၂၁၄-၂၂၂)

## သမ္ဖပ္ပလာပ ဆန်းစစ်ချက်

အကျိုးမရှိ အနှစ်မပါ ပိန်ဖျင်းတဲ့စကားကို သမ္ဖပ္ပလာပဝါစာ လို့ ခေါ်တယ်။ သားသမီးအကြောင်း၊ ရပ်ရွာအကြောင်း၊ အလုပ်အကိုင် အကြောင်း၊ အပျိုလူပျိုအကြောင်း၊ ရုပ်ရှင်ဇာတ်ပွဲအကြောင်း၊ ဝတ္ထု ကာတွန်းအကြောင်း စသည်စသည်တို့ကို အထူးရည်ရွယ်ချက်မပါဘဲ အချိန်ကုန်လွန်စိမ့်ငှာ အာလာပ, သလ္လာပ ပြောကြဆိုကြတာတွေဟာ သမ္ဖပ္ပလာပတွေပါပဲ။

သမ္ဖပ္ပလာပစကားတွေဟာ အနှစ်အသားမရှိ၊ အကျိုးလည်း မရှိ၊ ပြောပြီး ရင်ပြီးသွားတယ်ဆိုပေမယ့် ပြောရတာ သိပ်မြိန်ရေရှက်ရေ ရှိတယ်။ ဆေးလိပ်သောက်ရတဲ့အရသာကို မပြောပြတတ်သလို ထွေ ထွေရာရာ ပြောဆိုကြရတဲ့ အရသာကိုလည်း ပြောပြလို့ မတတ်ဘူး။ ဒါပေမဲ့ အပျင်းပြေလို့ ပျော်စရာကောင်းတယ်။

ကွဲနေတဲ့ သူငယ်ချင်းတွေ ပြန်ဆုံကြတဲ့အခါ တစ်နေ့လုံး တစ်ညလုံး ပြောစရာက မကုန်ဘူး။ တောရွာက လူကြီးသူမတွေ ညနေချမ်း

www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ လမ်းဆုံလမ်းခွမှာ ဆောက်လုပ်ထားတဲ့ ဆွမ်းလောင်းတဲကလေးတွေမှာ စုဆုံကြပြီး ဟိုအကြောင်း ဒီအကြောင်း ပြောကြတာ ပြောစရာက မဆုံးဘူး။ ဥပုသ်နေ့တွေမှာ ဘုန်းကြီးကျောင်းမှာ ဆုံကြတဲ့အခါမှာလည်း ဆက်ပြောကြပြန်တာပဲ။ ဥပုသ်လာစောင့်ကြတယ် ဆိုပြီးတော့ သမ္ဖပ္ပလာပတွေ တစ်ဝကြီး ပြောပြီး ပြန်ကြတယ်။

မြို့ပေါ်က လက်ဖက်ရည်ဆိုင်မှာလည်း သမ္ဖပ္ပလာပဝိုင်းတွေချည်းပဲ။ အမျိုးသမီးများကလည်း အိမ်မှာ တစ်ယောက်တည်း လုပ်ကိုင်ရတာ ပျင်းပျင်းကလေး ရှိလာတာနဲ့ အလုပ်ကို ပစ်ပြီး တစ်ဖက်အိမ်ကို ကူးသွားကြတယ်။ ဟိုအိမ်က အမျိုးသမီးတွေကလည်း လုပ်စရာရှိတာတွေ ဘေးချထားပြီး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတယ်။ လက်ဖက်သုပ် ချင်းသုပ်နဲ့တောင် ညှော်ခံလိုက်သေးတယ်။ နှစ်ဦးသား သမ္ဖပ္ပလာပ ပြောလိုက်ကြတာ ညနေ ၄ နာရီလောက် ပေါက်သွားတာပဲ။ လင်တော်မောင်တွေ ပြန်လာချိန်နီးမှ လုပ်လက်စအလုပ်တွေကို ပြန်လုပ်ကြတာ။

မြန်မာပြည် ပျော်စရာကောင်းတယ်ဆိုတာက အလုပ်ခွင်ထဲမှာရော၊ အလုပ်ခွင် ပြင်ပမှာရော ကြိုက်တဲ့အချိန် ကြိုက်တဲ့ နေရာမှာ သမ္ဖပ္ပလာပစကားတွေကို စိန်ပြေနပြေ ပြောနိုင်ဆိုနိုင်တာ တစ်ကြောင်းပါပေလိမ့်မယ်။

ကျွန်တော့်မိတ်ဆွေ တစ်ယောက်က ဂျပန်ပြည်မှာ ချည်မျှင်အတတ်ပညာ မဟာသိပ္ပံဘွဲ့သွားယူတာ ချည်မျှင်စက်ရုံတွေဆီ သွားပြီး လက်တွေ့သွားလုပ်ရတယ်။ အလုပ်စချိန်ကို နံနက် ၈ နာရီသတ်မှတ်ထားလို့ သူက မြန်မာပြည်က အလေ့အကျင့်အတိုင်း ၈ နာရီခွဲလောက်မှ ရောက်သွားတယ်။ သူ စက်ရုံထဲ ဝင်သွားတော့ အလုပ်သမားတွေက သူ့ကို လူထူးလူဆန်းအနေနဲ့ ကြည့်ကြတယ်တဲ့။ သူတို့က

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၇ နာရီခွဲလောက်ကတည်းက အလုပ်စဆင်းနေကြတာ။ အချင်းချင်း စကားပြောဆိုခြင်းလည်း မရှိဘူး။

ကျွန်တော့်မိတ်ဆွေက တော်တော်ကြာ အလုပ်လုပ်မိတော့ ဘေးက လူတွေနဲ့ အာလာပ,သလ္လာပ စကားပြောကြည့်တယ်။ သူတို့က ပြန်မပြောဘူး။ ကိုယ့်အလုပ်ကိုပဲ ရှုးစိုက်လုပ်နေကြတယ်။ ညနေ ၄ နာရီမှာ အလုပ်ဆင်းရတော့မှာမို့ ကျွန်တော့်မိတ်ဆွေက ၃ နာရီခွဲလောက်က အလုပ်အရှိန်လျှော့ပြီး ပြန်ဖို့ဟန်ပြင်နေတယ်။ မြန်မာပြည်က လုပ်နေကျအတိုင်းပေါ့။ ကျန်အလုပ်သမားတွေက သူ့ကို အထူးအဆန်းအဖြစ် ကြည့်ကြပြန်တယ်တဲ့။ သူတို့က ၄ နာရီမှာတောင် အလုပ်မရပ်ဘဲ ၅ နာရီလောက်အထိ ဆက်လုပ်ကြတယ်။

အလုပ်ကြိုးစားမှ သူတို့စက်ရုံ ထွက်ကုန်တိုးပွားမယ်၊ လုပ်ငန်းတွင်ကျယ်မှ သူတို့ရဲ့ ခံစားခွင့်တွေ ပိုရမယ်လို့ သူတို့သဘောထားကြတယ်။ သူတို့နိုင်ငံ တိုးတက်တယ်ဆိုတာက အလုပ်သမားများနဲ့ ဝန်ထမ်းများက မခိုမကတ်ဘဲ အလုပ်ကြိုးစားလုပ်ကိုင်ကြလို့ပါပဲ။ မြန်မာနိုင်ငံ မတိုးတက်တာက သမ္ဖပ္ပလာပကြောင့်လည်း ဖြစ်တယ်။ အခြားအကြောင်းများကြောင့်လည်း ဖြစ်ပါတယ်။

ကမ္ဘာ့သာသနာပြုဆရာတော် ဦးသေဋ္ဌိလက မြန်မာတွေ သမ္ဖပ္ပလာပ အပြောနည်းတဲ့လဟာ ဘယ်လလဲလို့ မေးပါတယ်။ ကျွန်တော်တို့ ရုတ်တရက်မဖြေနိုင်တော့ ဆရာတော်က ဖေဖော်ဝါရီလလို့ ဖြေတယ်။ ဖေဖော်ဝါရီလမှာ ၂၈ ရက်ပဲ ရှိလို့ အဲဒီလမှာ သမ္ဖပ္ပလာပ ပြောတာ လျော့သွားခြင်း ဖြစ်တယ်။

တေမိမင်းသားဟာ ဘုရင်လုပ်ရမှာစိုးလို့ ဆွံ့အ,သူလို စကားမပြောဘဲ နှစ် ၂၀ တိုင်တိုင် နေခဲ့တယ်။ ကျွန်တော်တို့တစ်တွေ သမ္ဖပ္ပလာပ မပြောဘဲ တစ်မနက်လောက် နေကြည့်ကြဖို့ မကောင်းဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



## သမ္ဖပ္ပလာပလည်း ငရဲကျ

အာလာပ, သလ္လာပစကား ပြောတာ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာစေတာ မဟုတ်ဘဲ ဘာအပြစ်ရှိလို့လဲ၊ ဒီလိုမေးစရာရှိတယ်။

ကဲ... ပြန်ဆင်ခြင်သုံးသပ်ကြည့်ပါ။ အချင်းချင်း ပြောဆိုနေကြတဲ့ စကားတွေထဲမှာ သူတစ်ပါးက ကိုယ့်ထက်သာသွားလို့ မနာလိုတဲ့ ဣဿာစကားတွေ မပါဘူးလား။ သူများမကောင်းကြောင်းကို ထောက်ပြလိုက်တဲ့ ကုန်းစကားတွေ မပါဘူးလား။ အမ္ဗပါလီ အမှတ်တမဲ့ ပြောလိုက်တဲ့ စကားလို သူများကို အပြစ်တင်ဝေဖန်တဲ့စကား မပါဘူးလား။ တဏှာရာဂကို အားပေးနှိုးဆွတဲ့စကားတွေ မပါဘူးလား။ ဒီစကားတွေ ပါရင် အပြစ်မရှိဘူးလား။

အဘိဓမ္မာရှုထောင့်ကနေ ကြည့်ရင် ပိန်ဖျင်းတဲ့စကားတွေကို ပြောဆိုနေတဲ့အခါမှာ ကုသိုလ်စိတ်တွေ မဖြစ်ဘူး။ အကုသိုလ်စိတ်တွေ ဖြစ်နေတာ တွေ့ရတယ်။ ဒါကြောင့် အပြစ်ရှိတယ်လို့ ဆိုရမယ်။

ဒီလိုအကြောင်းကြောင့်လည်း "အကျိုးမရှိ အနှစ်မပါတဲ့စကားပေါ့ စကားဖျင်း ပြောဆိုခြင်းဆိုတဲ့ သမ္ဖပ္ပလာပ ဒုစရိုက်ကို ကြိမ်ဖန်များစွာ ပြုလုပ်သူဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံသို့ လားရောက်ရတယ်။ အပေါ့ဆုံး အသေးဆုံး သမ္ဖပ္ပလာပသည်ပင် ပြောသူရဲ့စကားကို သူတစ်ပါး နားမထောင်လိုခြင်းဆိုတဲ့ ဆိုးကျိုးကို ဖြစ်ပေါ်စေနိုင်တယ်" လို့ **ဒုစ္စရိတဝိပါကဒေသနာတော်** မှာ ဘုရားရှင် ဟောကြားတော်မူပါတယ်။

## အဘိဇ္ဈာ ဆန်းစစ်ချက်

အဘိဇ္ဈာဆိုတာ သူတစ်ပါးရဲ့ ပစ္စည်းဥစ္စာကို မတရားယူဖို့ ကြံစည်ခြင်း ဖြစ်တယ်။ တရားကိုယ်ကတော့ လောဘပါပဲ။ လောဘရဲ့ သဘောက ကောင်းတာ လှတာတွေ မြင်ရင် လိုချင်တပ်မက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးတို့ရဲ့ ကြီးကျယ်တဲ့ တိုက်တာဝင်းခြံ၊ လှပတဲ့ မော်တော်ကား၊ စိန်ရွှေရတနာတို့ကို မြင်ရင် "ငါလဲ ဒီလိုချမ်းသာရင် ကောင်းမှာပဲ" လို့ လိုချင်စိတ်ဖြစ်တာဟာ မတရားလောဘ (ဝိသမလောဘ) လို့ မဆိုနိုင်သေးဘူး။ လောဘရဲ့ လိုချင်တပ်မက်တဲ့ သဘောရိုးမျှသာ ဖြစ်သေးတယ်။ လောဘရှိတဲ့သူတိုင်းမှာ ဒီလိုစိတ်မျိုး ဖြစ်မိမှာပဲ။

အဲ... သူတစ်ပါးရဲ့ တိုက်တာ မော်တော်ကား စတာတွေကို လိမ်ညာလှည့်ပတ်ယူဖို့ ကြံစည်နေမယ်၊ သူ့ စိန်ရွှေရတနာတွေကို ခိုးယူလုယူဖို့ ကြံစည်နေမယ်ဆိုရင် အင်အားကြီးတဲ့ မတရားလောဘ ဖြစ်နေပြီ။ ဒီလောဘက အဘိဇ္ဈာအမည်ရပြီး အပါယ်ကျဖို့အတွက် ကံမြောက်တယ်။

သူတစ်ပါးဥစ္စာကို မတရားတဲ့နည်းလမ်းနဲ့ ရယူဖို့ ကြံစည်ကာရှိသေးတယ်။ တကယ်လည်း မလိမ်ယူ၊ မခိုးယူ၊ မလုယူရသေးဘူး။ ဘာဖြစ်လို့ အပါယ်ကျရတဲ့အထိ အပြစ်ရှိသလဲလို့ စောဒကတက်စရာရှိတယ်။ အားကြီးတဲ့ လောဘစိတ်ရဲ့အစွမ်းသတ္တိကြောင့် အပါယ်ကျရတာပဲ။

သူတစ်ပါးဥစ္စာကို မတရားရယူဖို့ ပြင်းပြင်းပြပြ ကြံစည်နေတဲ့အခါ ဖြစ်ပေါ်နေတဲ့ လောဘမှုစိတ်တွေဟာ တကယ်ခိုးဝှက်လုယက်လိမ်ညာတဲ့အခါမှာ ဖြစ်နေတဲ့ လောဘမှုစိတ်တွေနဲ့ အရည်အသွေးချင်း မကွာခြားဘူး။ ဒီစိတ်တွေမှာ ယှဉ်တဲ့ စေတနာတို့က အကုသိုလ်ကံမျိုးစေ့တို့ကို ဖြစ်ပေါ်စေကြတဲ့အတွက် ခံယူရမယ့် အကုသိုလ်အပြစ်တွေဟာ ထူးမခြားနားဘူးဆိုတာ ဆင်ခြင်ကြည့်နိုင်ပါတယ်။

ကာယကံ ဝစီကံတို့ဆိုတာဟာ ကံဆိုတဲ့ အလုပ်ဖြစ်ရာဌာန (ကံဒွါရ) ကို အကြောင်းပြုပြီး အမည်ပေးထားခြင်းသာ ဖြစ်တယ်။ ဒီကံတွေကို တကယ်ဖြစ်ပေါ်စေတဲ့အကြောင်းရင်းက စိတ်စေတသိက်တို့

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ဒီစိတ်စေတသိက်တို့ရဲ့ ကမ္မသတ္တိသည်သာ ဘဝအဆက်ဆက်မှာ အကျိုးပေးမယ့် ကံမျိုးစေ့အစစ် ဖြစ်ပေတယ်။

ဒါကြောင့် စိတ်စေတသိက်တို့သာ ပဓာန ဖြစ်ပါတယ်။ လောဘယှဉ်တဲ့ လောဘမူစိတ်ဖြစ်ရင် အပြစ်ရှိပြီ။ ဒေါသယှဉ်တဲ့ ဒေါသမူစိတ် ဖြစ်ရင်လည်း အပြစ်ရှိပြီ။ တွေဝေငေးမောစေတဲ့ မောဟမူစိတ် ဖြစ်ရင်လည်း အပြစ်ရှိပြီ။ ဒီစိတ်တွေ မဖြစ်အောင် သတိယှဉ်ပြီး ထိန်းသိမ်းခြင်းဟာ "စိတ်ကို ဖြူစင်အောင်ထားခြင်း" ပဲ ဖြစ်ပေတယ်။

## ဗျာပါဒ ဆန်းစစ်ချက်

သူတစ်ပါးတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ပျက်စီးအောင် သတ္တဝါတွေ သေကျေပျက်စီးအောင် ကြံစည်မှုတွေဟာ ဗျာပါဒလို့ အမည်ရပါတယ်။ ဗျာပါဒရဲ့ တရားကိုယ်က ဒေါသ ဖြစ်ပါတယ်။ ဒေါသရဲ့ သဘောက ကြမ်းတမ်းခက်ထန်တဲ့ သဘော၊ စိတ်ဆိုးစိတ်ပျက်တဲ့ သဘော ဖြစ်ပါတယ်။

ရှေးဦးစွာ ဖြစ်တဲ့ ဒေါသဟာ "ကောပ" လို့ အမည်ရတယ်။ ထို့ထက်အားကောင်းလာတဲ့ ဒေါသကို "ဗျာပါဒ" လို့ ခေါ်ရတယ်။

(ဒီ၊ဋ္ဌ၊၃။ ၁၁၆)

စိတ်ပျက်ခြင်း၊ အမျက်ထွက်ခြင်းသဘောရှိတဲ့ ဗျာပါဒဟာ ဝမ်းမြောက်ခြင်းသဘောရှိတဲ့ ပီတိရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။

(ဓီ၊ဋ္ဌ၊၁။ ၁၁၄)

အဆိပ်ဟာ သွေးကိုပုပ်ဆွေးခြင်းဖြစ်စေသလို ဗျာပါဒကလည်း စိတ်ကို ပုပ်ဆွေးဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်စေတတ်ပါတယ်။

(ပ၊ဋီ၊၂။ ၂၃၅၊၂၆၀)

ဒါကြောင့် ဗျာပါဒဟာ စိတ်ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



စေတတ်တဲ့ တရား၊ စီးပွားချမ်းသာကို ဖျက်ဆီးတတ်တဲ့တရား ဖြစ်တယ်။

အောက်ဆုံးအဆင့်အဖြစ် မှက် ခြင် ယင် ကြမ်းပိုး ပုရွက်ဆိတ် ပိုးဟပ် ပိုးလောက်လန်း စတဲ့ သတ္တဝါတွေကို ရည်စူးပြီး "ဒီသတ္တဝါတွေ သေကျေပျက်စီးကြရင် ကောင်းမှာပဲ။ သေကျေပျက်စီးကြပါစေ၊ ကြာမြင့်စွာ အသက်မရှည်ကြပါစေနဲ့၊ နောက်ထပ် မတိုးပွားကြပါစေနဲ့၊ ဒီသတ္တဝါတွေ ဘယ်အခါမှာ သေကျေပျက်စီးကြမလဲ" စသည်ဖြင့် သတ္တဝါတစ်ဦးဦး သေကျေပျက်စီးမှုသို့ ဆိုက်ရောက်အောင် ကြံစည်တဲ့ ဒေါသ၊ သတ္တဝါတစ်ဦးဦး သေကျေပျက်စီးလိုတဲ့ အကြမ်းစားဒေါသဟာ ကမ္မပထမြောက်တဲ့ ဗျာပါဒ ဖြစ်ပါတယ်။ ဆင်းရဲတဲ့ အပါယ်ဘုံသို့ ပို့ဆောင်ဖို့ စွမ်းအားလုံလောက်တဲ့ အကုသိုလ်ဖြစ်ပါတယ်။

ပိုကြီးတဲ့သတ္တဝါကို သေကျေပျက်စီးအောင် ကြံစည်ရင် အပြစ်ပိုကြီးတယ်။ သတ္တဝါရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ကျေးဇူးဂုဏ်တွေ ကြီးလေလေ အပြစ်ပိုကြီးလေလေ ဖြစ်ပါတယ်။

သတ္တဝါတွေသေကျေပျက်စီးအောင် ကြံစည်မှုမျိုး မဟုတ်ဘဲ သူတစ်ပါးအပေါ်မှာ စိတ်ဆိုးရုံမျှ ဖြစ်တဲ့ အနုစားဒေါသတို့ဟာ ကမ္မပထမမြောက်တဲ့ ဗျာပါဒ ဖြစ်ပါတယ်။ အပါယ်ဘုံသို့ ကျရောက်အောင် ဆွဲဆောင်နိုင်တဲ့ အစွမ်းသတ္တိ မရှိဘူး။

ဗျာပါဒကို ဘယ်လိုပယ်ဖျက်ရမလဲ။ ဒေါသဟာ သတ္တဝါတို့ကို ချစ်ခင်ကြင်နာခြင်းဆိုတဲ့ မေတ္တာနဲ့ ကရုဏာတို့ရဲ့ ဆန့်ကျင်ဘက် ဖြစ်တယ်။

ဒါကြောင့် မေတ္တာကို အာရုံယူခြင်း၊ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ ကံသာလျှင် မိမိဥစ္စာရှိတဲ့အဖြစ်ကို ဆင်ခြင်ခြင်း၊ ပညာအဆင်အခြင် များခြင်း၊ မိတ်ဆွေကောင်းကို ပေါင်းသင်းခြင်း၊ လျောက်ပတ်တဲ့စကား

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောဆိုခြင်း၊ ဒီ ၆ မျိုးသော တရားတို့ဟာ ဗျာပါဒကို ပယ်ရှားနိုင်ကြတယ်။ အဆိုပါ တရား ၆ မျိုးတို့ဖြင့် နှိမ်နင်းပယ်ရှားပြီး ဖြစ်တဲ့ ဗျာပါဒကို အပြီးသတ် အမြစ်ပြတ်အောင် ပယ်သတ်ချင်တယ်ဆိုရင် ဝိပဿနာရှုပွားပြီး အနာဂါမိမဂ်ဉာဏ်နှင့် ပယ်သတ်ရမှာဖြစ်ပါတယ်။

(သံ၊ ၄၊ ၃၊ ၂၀၂-၃)

## မိစ္ဆာဒိဋ္ဌိ ဆန်းစစ်ချက်

အယူလွဲမှားတာကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။ ဘယ်လိုအယူဟာ လွဲမှားတဲ့အယူ ဖြစ်သလဲ။ ကံနဲ့ ကံရဲ့ အကျိုး မရှိဘူးလို့ မှတ်ယူတဲ့ အယူဝါဒဟာ လွဲမှားတဲ့ အယူပါပဲ။

ကံရဲ့သဘောဟာ သိမ်မွေ့တယ်။ ကံဟာ စိတ်စေတသိက်တို့ရဲ့ စွမ်းရည်တစ်ရပ်ဖြစ်လို့ မြင်နိုင် သိနိုင်ဖို့ ခက်တယ်။ ကျွန်တော်တို့ ပြုလုပ်နေသမျှ ကိုယ်မှု နှုတ်မှု စိတ်မှု အားလုံးဟာ စေတနာက စေ့ဆော်တဲ့အတိုင်း စိတ်က စေခိုင်းလို့ ဖြစ်ပေါ်လာရတဲ့ အမှုအလုပ်တွေပါပဲ။ ဒီလိုအမှုတွေ ဖြစ်ပေါ်စေတဲ့ စိတ်စေတသိက်တို့ဟာ ချက်ချင်းဆိုသလို ချုပ်ငြိမ်းသွားကြပေမယ့် သူတို့ရဲ့ ကမ္မသတ္တိဆိုတဲ့ "ကံ"ဟာ စိတ်အစဉ်မှာ ကျန်ရစ်တယ်။

သတ္တဝါတစ်ဦးဟာ တစ်ဘဝပြီး တစ်ဘဝ ကူးပြောင်းသွားပေမယ့် သူ့ရဲ့စိတ်အစဉ်ဟာ ပြတ်မသွားဘူး။ တစ်ဆက်တည်း ဖြစ်နေတယ်။ အဲဒီစိတ်အစဉ်မှာ ကံတွေ အမြဲလိုက်ပါသွားတယ်။ ဒီကံတွေက အခွင့်သာတဲ့အခါမှာ သူတို့ရဲ့ ဇီဇသဘောနဲ့ လိုက်လျောညီထွေတဲ့ အကျိုးကို ဖြစ်ပေါ်စေကြတယ်။

မိမိအကျိုးနဲ့ သူတစ်ပါးအကျိုးကို ရည်မှန်းပြီး ကောင်းမြတ်တဲ့ စေတနာနဲ့ ပြုလုပ်မှုမှန်သမျှဟာ ကုသိုလ်ကံများ ဖြစ်ကြပြီး ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျိုးများကို ဖြစ်ပေါ်စေကြတယ်။ ကောင်းကျိုးတွေဆိုတာက လူ့ဘဝ၊ နတ်ဘဝ၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ ဖြစ်ကြတယ်။

သူတစ်ပါးကို ထိခိုက်နစ်နာစေလိုတဲ့ စေတနာဆိုးနဲ့ ပြုလုပ်မှုမှန်သမျှဟာ အကုသိုလ်များ ဖြစ်ကြပြီး ဆိုးကျိုးများကို ဖြစ်ပေါ်စေကြတယ်။ ဆိုးကျိုးတွေဆိုတာက ငရဲသားဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝ၊ တိရစ္ဆာန်ဘဝဆိုတဲ့ အပါယ်ဘုံသားဘဝနဲ့ ငရဲအိုး ငရဲမီး စတဲ့ အပါယ်ကိရိယာများ ဖြစ်ကြတယ်။

အဲဒီလို ကုသိုလ်ကံရှိတယ်။ အကုသိုလ်ကံရှိတယ်။ ကံဟာ အကြောင်းတရားတစ်ခု ဖြစ်ပြီး ဒီအကြောင်းတရားရဲ့ အကျိုးတရား ဆိုတာ ရှိတယ်။ ကံအစွမ်းကြောင့် သတ္တဝါတွေ ဖြစ်ပေါ်ကြရတယ်လို့ လက်ခံတဲ့ အယူဝါဒကို **ကမ္မဝါဒ** လို့ ခေါ်တယ်။

ကမ္မဝါဒကို မမြင်၊ မသိ၊ နားမလည်၊ သဘောမပေါက်လို့ သတ္တဝါတွေဟာ ဘာအကြောင်းမှ မရှိဘဲ ဖြစ်ပေါ်လာကြတယ်။ ရုပ်ချောတယ်၊ အကျည်းတန်တယ်၊ ချမ်းသာတယ်၊ ဆင်းရဲတယ် ဆိုတာတွေကလည်း ဘာအကြောင်းမှ မရှိဘဲ ဖြစ်ချင်သလို ဖြစ်နေတာပဲလို့ မှတ်ယူတဲ့ ဝါဒကို **အဟေတုကဝါဒ** လို့ ခေါ်ပါတယ်။ ဒီလိုအကြောင်းတရား ပယ်တဲ့ အယူကို **အဟေတုကဒိဋ္ဌိ** လို့ ခေါ်တယ်။

ကံဆိုတဲ့ အကြောင်းမှန်ကို ပစ်ပယ်ပြီးတော့ သတ္တဝါတွေကို အနန္တတန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းထားတယ်လို့ လွဲမှားတဲ့ အကြောင်းတရားကို ယုံကြည်တဲ့ အယူကျတော့ **ဝိသမဟေတုကဒိဋ္ဌိ** လို့ အမည်ရတယ်။

အသီးအပွင့် အရွက် စားချင်ရင် အပင်စိုက်ပေါ့။ အဲဒီလို အပင်စိုက်ခြင်းဆိုတဲ့ အလုပ်ကို ယုံကြည်လက်ခံတဲ့ ဝါဒဟာ ကိရိယဝါဒ ဖြစ်ပါတယ်။ ဒီဝါဒက ကောင်းမှုတွေ လုပ်ရင် ကုသိုလ်ကံများဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုတွေ လုပ်ရင် အကုသိုလ်ကံများ ဖြစ်တယ်။ ကံကို ပျိုးထောင်ယူနိုင်တယ်လို့ ယုံကြည်တဲ့ဝါဒ ဖြစ်ပါတယ်။

ကောင်းမှုလုပ်ရင်လည်း ကုသိုလ်ကံ မဖြစ်ဘူး။ မကောင်းမှု လုပ်ရင်လည်း အကုသိုလ်ကံမဖြစ်ဘူး။ ဒီလို အလုပ်သဘောကို ပစ်ပယ်တဲ့ ဝါဒဟာ **အကိရိယဝါဒ** လို့ အမည်ရတယ်။

ကောင်းမှုလုပ်ရင်လည်း ကောင်းကျိုး မခံစားရဘူး။ မကောင်းမှု လုပ်ရင်လည်း မကောင်းကျိုး မခံစားရဘူး။ ဘာအပင်ပဲ စိုက်စိုက် ဘယ်အသီးအပွင့်မှ မခံစားရဘူးဆိုတဲ့ အကျိုးကို ပစ်ပယ်တဲ့ အယူကျတော့ **နတ္ထိကဝါဒ** လို့ အမည်ရတယ်။

အဟေတုကဝါဒ၊ အကိရိယဝါဒ၊ နတ္ထိကဝါဒတို့ကို လက်ခံထားတဲ့သူဟာ ကုသိုလ်ကံကောင်းမှုကို လုပ်ဖို့ ကြောင့်ကြစိုက်တော့မှာ မဟုတ်ဘူး။ မကောင်းမှုဒုစရိုက်တွေကို ကျူးလွန်ဖို့လည်း မတွန့်ဆုတ်တော့ဘူး။

ဒီဝါဒသုံးခုကို စွဲစွဲမြဲမြဲ လက်ကိုင်ထားတဲ့သူဟာ နိယတမိစ္ဆာဒိဋ္ဌိကို လက်ခံထားတဲ့သူပဲ။ နိယတမိစ္ဆာဒိဋ္ဌိကို အားကြီးတဲ့ အကုသိုလ်ကံ (ဂရုကကံ) လို့ သတ်မှတ်တယ်။ နိယတမိစ္ဆာဒိဋ္ဌိ စွဲယူထားတဲ့လူဟာ သေရင် ဧကန်မလွဲ အပါယ်လားမှာပဲတဲ့။

အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိတို့ကို အကျယ်ချဲ့ပွားလိုက်ရင် မိစ္ဆာဒိဋ္ဌိ ၆၂ ပါး ဖြစ်လာပါတယ်။ ဒါတွေအားလုံးက လွဲမှားတဲ့ အယူတွေပါပဲ။

## မကောင်းမှုတွေကို ဘယ်လိုရှောင်မလဲ

ဒုစရိုက် ၁၀ ပါးလုံးဟာ မတရားတဲ့ အမှုကြီးတွေဖြစ်လို့ မကောင်းမှုတွေ ဖြစ်ကြတယ်ဆိုတာ ထင်ရှားပါပြီ။ ဒီမကောင်းမှုတွေဟာ အပါယ်

www.burmeseclassic.com

www.burmeseclassic.com



ကျရောက်စေတဲ့အထိ မကောင်းကျိုးတွေ ပေးမှာကို နားလည်ရင် ဒီ မကောင်းမှုတွေကို ရှောင်ဖို့ ကြိုးစားပေတော့မယ်။

ကံရဲ့အစွမ်းသတ္တိအရ ကိုယ်ပြုလုပ်လိုက်တဲ့ မကောင်းမှုကံရဲ့ အပြန်ကုဋေတစ်သိန်းမက ကိုယ်ပြန်ခံရမှာကို သဘောပေါက်ရင် ဒီ မကောင်းမှု ဒုစရိုက်တွေကို ဘယ်ကျူးလွန်တော့မလဲ။ အလွန်ထိခိုက်တဲ့ အလုပ်ကို မလုပ်ဘဲ နေလိုက်ကြတော့မှာပေါ့။

အဲဒီလို ဒုစရိုက်မှုတွေကို မလုပ်ဘဲနဲ့ ရှောင်ကြဉ်လိုက်ရင်ပဲ ဘဝ ချမ်းသာ ကြီးပွားရေးအတွက် အဓိက ကျတဲ့ အလုပ်ကို လုပ်ဆောင် လိုက်တာ မည်တော့တာပဲ။ ဘာဖြစ်လို့လဲ။ ဒုစရိုက် ၁၀ ပါးက အ ကုသလကမ္မပထ တရားတွေ၊ ဒုဂ္ဂတိဆိုတဲ့ ဆင်းရဲတဲ့ အပါယ်ဘုံသို့ ပို့ဆောင်နိုင်လောက်အောင် အစွမ်းသတ္တိ ပြည့်စုံတဲ့ အကုသိုလ်ကံတွေ တဲ့။

ကြိုးပေးခံရတဲ့ တရားခံတစ်ဦးက ကြိုးကွင်းဆီကို လျှောက်သွား ရတာ စိတ်ချမ်းသာနိုင်ပါ့မလား။ ကြိုးကွင်းမှာ တွဲလောင်းဆွဲပြီး သေ ပွဲဝင်ရတာ စိတ်အဆင်းရဲဆုံး ဖြစ်ရသလို အဲဒီသေဘေးမှ လွတ်မြောက် ခွင့် ရရင် စိတ်အချမ်းသာဆုံး မဖြစ်ပေဘူးလား။

ငရဲကျရမယ်လို့ သိနေတဲ့လူဟာ ကြိုးမိန့်ကျတဲ့လူထက် အပြန် ကုဋေတစ်သိန်းမက ပိုဆင်းရဲမယ့် ဒုက္ခကို ခံစားရမယ်ဆိုတာ သိနေ ရင် အလွန်စိတ်မချမ်းမသာ ဖြစ်မနေဘူးလား။ "အဲဒီဆင်းရဲကို မင်း မခံရတော့ဘူး။ နတ်ပြည်သွားတော့" လို့ ဆိုလိုက်ရင် ဒီလူ ဘယ် လောက်များ ဝမ်းသာသွားလိမ့်မလဲလို့။

ဒုစရိုက်မှုတစ်ခုကို ကျူးလွန်ဖို့ အခွင့်ကြုံဆုံလာတဲ့ လူတစ်ယောက် က အဲဒီဒုစရိုက်ကို မကျူးလွန်ဘဲ ရှောင်ကြဉ်လိုက်ရင် ငရဲကျမယ့်လူ က နတ်ပြည်သွားခွင့်ရတဲ့ အကျိုးတရားမျိုးကို ခံစားရပေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ဒုစရိုက်ကို ရှောင်ကြဉ်တဲ့အမှုဟာ "သုစရိုက်" ဖြစ်သွားလို့ပဲ။ သု=ကောင်းသော။ စရိတ=စရိုက်=အကျင့်။

ဒုစရိုက် ၁၀ ပါးကို ရှောင်ကြဉ်ခြင်းဟာ သုစရိုက် ၁၀ ပါးကိုဖြည့်ကျင့်ခြင်း ဖြစ်သွားတယ်။ သုစရိုက် ၁၀ ပါးကို ကုသလကမ္မပထ ၁၀ ပါးလို့လည်း ခေါ်တယ်။ လူ့ပြည် နတ်ပြည် ဆိုတဲ့ သုဂတိဘုံသို့ ပို့ဆောင်ဖို့အတွက် စွမ်းအားရှိတဲ့ ကုသိုလ်ကံတွေလို့ အဓိပ္ပာယ်ရတယ်။

ဒါကြောင့် ဒုစရိုက်ကို ရှောင်ကြဉ်လိုက်ရုံနဲ့ အပြစ်လည်း ကင်းသွားတယ်။ အကျိုးလည်း ရလာတယ်။ အသိဉာဏ်ရှိတဲ့ စီးပွားရေးသမားတို့ဟာ ဘာမှ အထွေအထူး မလုပ်ရဘဲ ထိုင်နေရုံနဲ့ အကျိုးအမြတ်တွေ ရနေသလို ကံတရားကို နားလည်သဘောပေါက်တဲ့လူတွေကလည်း ဒုစရိုက်မှုတွေကိုမလုပ်ဘဲ ရှောင်ကြဉ်လိုက်ရုံနဲ့ စီးပွားရေးသမားရတဲ့ အကျိုးအမြတ်ထက် ပိုကြီးကျယ်တဲ့ အကျိုးအမြတ်များကို ရသွားတယ်။

## ကောင်းမှုသုစရိုက် ၁၀-ပါး

၁။ ပါဏာတိပါတဝိရတိ = သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု။
၂။ အဒိန္နာဒါနဝိရတိ = သူ့ဥစ္စာ ခိုးဝှက်လုယူခြင်းမှ ရှောင်ကြဉ်မှု။
၃။ ကာမေသုမိစ္ဆာစာရဝိရတိ= သူတစ်ပါး သားမယား ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်မှု။
၄။ မုသာဝါဒဝိရတိ = မမှန်တဲ့ စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။
၅။ ပိသုဏာဝါစာဝိရတိ = ကုန်းချောခြင်းမှ ရှောင်ကြဉ်မှု။
၆။ ဖရုသဝါစာဝိရတိ = ဆဲရေးတိုင်းထွာခြင်းမှ ရှောင်ကြဉ်မှု။
၇။ သမ္ဖပ္ပလာပဝိရတိ = သိမ်ဖျင်းတဲ့စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။
၈။ အနဘိဇ္ဈာ = သူတစ်ပါးဥစ္စာကို မတရားရယူဖို့ မကြံစည်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၉။ အဗျာပါဒ = သူတစ်ပါးရဲ့အသက်စည်းစိမ်ကို ဖျက်ဆီးဖို့ မကြံစည်ခြင်း။
၁၀။ သမ္မာဒိဋ္ဌိ = မှန်ကန်တဲ့အယူကို ယုံကြည်ခြင်း။

## ဘေးကြီးလေးပါးမှ လွတ်မြောက်ရ

ဒုစရိုက်ကျူးလွန်သူတို့ ရင်ဆိုင်ရတဲ့ ဘေးကြီးလေးပါးရှိတယ်။
၁။ မိမိကိုယ်ကို မိမိ စွပ်စွဲတဲ့ အတ္တာနုဝါဒဘေး၊
၂။ သူတစ်ပါးက မိမိကို စွပ်စွဲတဲ့ ပရာနုဝါဒဘေး၊
၃။ မင်းဘေးစိုးဒဏ်စတဲ့ ဒဏ္ဍဘေး၊
၄။ အပါယ်ကျရောက်ခြင်းဆိုတဲ့ ဒုဂ္ဂတိဘေးတို့ ဖြစ်ကြပါတယ်။

(၁) "မကောင်းမှုပြုလုပ်ဖို့ရာ ဆိတ်ကွယ်ရာ မရှိဘူး" ဆိုတဲ့ အတိုင်း လူသူကင်းရှင်းတဲ့ နေရာမှာ မကောင်းမှုကို ပြုလုပ်ပေမယ့် ကိုယ်က သိနေတယ်။

ဒါကြောင့် "မင်းဟာ လူယုတ်မာပဲ၊ မကောင်းမှုဒုစရိုက်တွေကို လူမသိအောင် လုပ်နေတဲ့ ကြောင်သူတော်ပဲ" စသည်ဖြင့် မိမိကိုယ်ကို မိမိ စွပ်စွဲပြစ်တင် ကဲ့ရဲ့လိမ့်မယ်။ သေခါနီးအချိန်မှာတော့အပါယ် ဘေးကို ထိတ်လန့်ကြောက်ရွံ့လာတဲ့အတွက် နောင်တ တစ်ဖန် ပူပန်ခြင်း ပြင်းစွာ ဖြစ်လိမ့်မယ်။ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်လိမ့်မယ်။ ဒါဟာ **အတ္တာနုဝါဒ** ဘေးကြောင့် စိတ်ဆင်းရဲရတာပဲ။

(၂) မိမိမကောင်းမှုပြုလုပ်နေတာတွေကို သူတစ်ပါးတို့ မြင်ကြား သွားရင် "ဒီလူဟာ လူယုတ်မာကြီးပါကွာ၊ သူခိုးဓားပြကြီး၊ လူလိမ် လူညာကြီး၊ သူတစ်ပါးသားမယားနဲ့ ကြာခိုနေတဲ့ လူ၊ ဖဲသမား၊ အရက် သမား၊ ဘိန်းစားကြီး"စသည်ဖြင့် မိမိကို အပြင်းအထန် စွပ်စွဲကဲ့ရဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ကြလိမ့်မယ်။ ပညာရှိသူတော်ကောင်းတို့လည်း မိမိကို အထင်အမြင်သေးပြီး အပြစ်တင်ရှုတ်ချကြလိမ့်မယ်။ ဒီလိုကဲ့ရဲ့ရှုတ်ချခံရတဲ့အခါ အကြီးအကျယ် စိတ်ဆင်းရဲရတာဟာ **ပရာနုဝါဒဘေး** ပါပဲ။

(၃) လူသတ်မှု၊ ခိုးမှု၊ လိမ်မှု၊ ဓားပြတိုက်မှု၊ မုဒိမ်းမှု၊ ဘိန်းဖြူသုံးစွဲမှု၊ အသရေဖျက်မှု စတာတွေဟာ ဥပဒေအရ အရေးယူခြင်း ခံရပြီး အပြစ်ဒဏ်ပေးနိုင်တဲ့အမှုတွေပဲ။ ဒီအပြစ်ဒဏ်တွေကြောင့် ထောင်ကျခံရတယ်၊ အလုပ်ကြမ်း လုပ်ရတယ်၊ ညှဉ်းပန်းနှိပ်စက်ခံရတယ်၊ သေဒဏ်အထိ ကျခံရတာတွေ ရှိတယ်။ ဒါတွေကို **ဒဏ္ဍဘေး** လို့ ခေါ်ပါတယ်။

(၄) အထက်က ဘေးသုံးမျိုးကို ရှောင်တိမ်းလို့ ရချင် ရမယ်။ ကြောက်စရာအကောင်းဆုံး ဖြစ်တဲ့ **ဒုဂ္ဂတိဘေး** ကိုတော့ ဘယ်လိုမှ ရှောင်တိမ်းလို့ မရဘူး။ မကောင်းမှုကံတွေက ကိုယ့်စိတ်အစဉ်မှာ လိုက်ပါနေကြတာမို့ အာကာသယာဉ်စီးပြီး အခြားကမ္ဘာဆီ ထွက်ပြေးလို့လည်း မလွတ်မြောက်နိုင်ဘူး။ အချိန်တန်ရင် ကံတရားရဲ့ စီမံခြင်းကို လည်စင်းပြီး ခံရမှာပဲ။

အထက်ပါ ဘေးလေးမျိုးနဲ့ ခြိမ်းခြောက်နှိပ်စက်ခံနေရတဲ့ လူဟာ ချမ်းသာနိုင်ပါ့မလား။ မချမ်းသာနိုင်ဘူး။ ဒါကြောင့် ဒုစရိုက်ကျူးလွန်ကြတဲ့လူတွေဟာ ဆင်းဆင်းရဲရဲ ကြောက်ကြောက်လန့်လန့်နဲ့ ကျီးလန့်စာ စားသလို နေထိုင်သွားကြရမှာပဲ။ သေတဲ့အခါမှာလည်း ကြောက်ကြောက်လန့်လန့် ဆင်းဆင်းရဲရဲနဲ့ သေရမယ်။ သေပြီးတော့လည်း အပါယ်ဆင်းရဲ ဆက်ခံရပေတယ်။

ကဲ…ဒုစရိုက်တွေ ရှောင်ကြဉ်လိုက်တာနဲ့ ဒီဘေးဆိုးကြီးတွေရဲ့ စက်ကွင်းက လွတ်မြောက်သွားတဲ့အတွက် စိတ်မချမ်းသာသွားဘူးလား။ ဒါတင်မကသေးဘူး။ အပိုဆုကြေးအနေနဲ့ ချမ်းသာတဲ့ လူ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝ နတ်ဘဝတွေကို ရရှိဦးမယ်ဆိုတော့ "ပထက်ပ ယဉ်ထက်ယဉ် ပဘုရင်ခေါင်မှူး" ဆိုသလို အတိုင်းထက်အလွန် ကောင်းမသွားပေဘူး လား။

## ခုလည်းချမ်းသာ နောင်လည်းချမ်းသာ

မြတ်စွာဘုရားသခင်ဟာ နောက်ပါသံဃာများနှင့်အတူ အမြို့မြို့ အရွာရွာသို့ ဒေသစာရီကြွချီတော်မူသောအခါ ဝေဠုဒွါရရွာကို ရောက် လာတော့ ရွာသားများက ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး လျှောက်ထား ကြတယ်။

"ဘုန်းတော်ကြီးမြတ်တော်မူတဲ့ မြတ်စွာဘုရား၊ တပည့်တော်တို့ ဟာ လူ့ဘောင်မှာ ဇနီးမယား ဆွေမျိုးသားချင်း ခြံရံအသင်းအပင်း တွေနဲ့အတူ လူ့စည်းစိမ်ကို ချမ်းချမ်းသာသာ ခံစားချင်ကြပါတယ်။ သေလွန်ကြတဲ့အခါမှာလည်း ကောင်းရာသုဂတိဘုံသို့ လားရောက်လို ကြပါတယ်။ ဒီလိုနေနိုင် လားရောက်နိုင်မယ့် တရားတော်ကို ဟော ကြားပေးတော်မူပါဘုရား"

ဒီလိုတရားလမ်းစဉ်ကို ကျွန်တော်တို့ကော မသိချင် မလိုချင်ကြ ဘူးလား။ မြတ်စွာဘုရားက ဝေဠုဒွါရရွာသားတွေ အလိုရှိတဲ့ တရား ကို ဟောကြားတော်မူပါတယ်။

"ချစ်သားတို့...ကာယဒုစရိုက်သုံးပါးနဲ့ ဝစီဒုစရိုက်လေးပါး တို့ကို ရှောင်ကြဉ်ကြပါ။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြ ပါ။ ဒီတရားလမ်းစဉ်အတိုင်း သင်တို့လိုက်နာနေထိုင်ကြမယ်ဆိုရင် သင်တို့ရဲ့ သားသမီး ဇနီးခင်ပွန်း ဆွေမျိုးသားချင်းများနဲ့အတူ ချမ်း ချမ်းသာသာ နေထိုင်ကြရမယ်။ တမလွန်ဘဝမှာလဲ လူ့ရွာ နတ်ရွာ ဆိုတဲ့ သုဂတိဘုံသို့ လားရောက်ကြလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကဲ…ဒီ **ဝေဠုဒွါရေယျသုတ်** ရဲ့ အနှစ်သာရက လွယ်လွယ်ရှင်းရှင်းနဲ့ မထိမိပေဘူးလား။ သိပ်မှန်တယ်။ သိပ်လိုက်နာဖို့ကောင်းတယ်။

* * *

တစ်ကြိမ်မှာ ကောသလတိုင်းအတွင်း မြတ်စွာဘုရား ဒေသစာရီကြွချီကာ သာလာခေါ်တဲ့ ပုဏ္ဏားရွာကို ရောက်လာတယ်။ သာလာရွာသားများကလည်း မြတ်စွာဘုရားရဲ့ ဂုဏ်သတင်းများကို ကြားသိထားကြတော့ မြတ်စွာဘုရားထံပါးကို စုရုံးရောက်ရှိလာကြတယ်။ ဘုရားရှင်ကို ရှိခိုးကန်တော့ပြီး မေးလျှောက်ကြတယ်။

"အရှင်မြတ်ဘုရား…အချို့သောလူတွေဟာ သေလွန်ကြတဲ့အခါ ငရဲပြည်သို့ ရောက်ကြရပါတယ်။ အချို့သောလူတွေကတော့ သေလွန်ပြီး နတ်ပြည်သို့ ရောက်ကြရတယ်လို့ ကြားသိရပါတယ်။ ဘယ်လိုအကြောင်းကြောင့် ဒီလိုခြားနားမှုဖြစ်ရပါသလဲ ဘုရား"

ဒီမေးခွန်းကလည်း အလွန်မေးသင့်တဲ့ မေးခွန်းပဲ။ မြတ်စွာဘုရားက အကြောင်းရင်းကို ထုတ်ဖော်ဟောကြားတော်မူပါတယ်။

"ပုဏ္ဏားတို့…လောကမှာ မတရားမှု မမျှတမှုတွေကို ပြုထားကြတဲ့လူတွေ သေလွန်ကြတဲ့အခါ ငရဲပြည်သို့ ရောက်ကြရပါတယ်။ လောကမှာ တရားမျှတမှုတွေကို အလေးဂရုထားပြီး လက်တွေ့လုပ်ဆောင်ကြတဲ့လူတွေဟာ တမလွန်ဘဝမှာ နတ်ပြည်သို့ ရောက်ကြရပါတယ်"

"ပုဏ္ဏားတို့…လောကမှာ မတရားမှု၊ မမျှတမှု ဆိုတာတွေက ဘယ်ဟာတွေလဲ။ သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကို မတရားရယူခြင်း၊ သူတစ်ပါး သားမယားကို ဖျက်ဆီးခြင်းဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖြင့် မတရားမှု၊ မမျှတမှုပြုတာ သုံးမျိုးရှိတယ်။ မမှန်တဲ့ စကားကို ပြောခြင်း၊ ကုန်းချောတဲ့ စကားကို ပြောခြင်း၊ ရန့်ရင်းကြမ်းတမ်းတဲ့ စကားကို ပြောခြင်း၊ အကျိုးမရှိ သိမ်ဖျင်းတဲ့စကားကို ပြောခြင်းဆိုတဲ့ နှုတ်ဖြင့် မတရားမှု၊ မမျှတမှု ပြုတာ လေးမျိုးရှိတယ်။ သူတစ်ပါးဥစ္စာကို မတရားရယူဖို့ ကြံစည်ခြင်း၊ သူတစ်ပါး သေကျေပျက်စီးအောင် ကြံစည်ခြင်း၊ လွဲမှားတဲ့အယူကို ယူခြင်းဆိုတဲ့ စိတ်ဖြင့် မတရားမှု၊ မမျှတမှု ပြုတာ သုံးမျိုးရှိတယ်။

"ပုဏ္ဏားတို့...လောကမှာ တရားမျှတမှုဆိုတာတွေက ဘာတွေလဲ။ ကိုယ်ဖြင့် ကျူးလွန်အပ်တဲ့ မတရားမှု သုံးမျိုးကို ရှောင်ကြဉ်ခြင်း၊ နှုတ်ဖြင့် ကျူးလွန်အပ်တဲ့ မတရားမှုလေးမျိုးကို ရှောင်ကြဉ်ခြင်း၊ စိတ်ဖြင့် ကျူးလွန်အပ်တဲ့ မတရားမှု သုံးမျိုးကို ရှောင်ကြဉ်ခြင်းတို့ပါပဲ။

"ပုဏ္ဏားတို့...မတရားမှု ပြုလုပ်ကြတဲ့လူတွေဟာ ငရဲပြည်သို့ လားရောက်ကြရပြီး တရားမျှတမှုတွေကို လုပ်ဆောင်ကြတဲ့လူတွေဟာ နတ်ပြည်သို့ လားရောက်ကြရပါတယ်"

ဒီအဖိုးအနဋ္ဌထိုက်တန်တဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ ဩဝါဒဟာ **သာလေယျကသုတ်** လို့ အမည်ရတယ်။ ဒီသုတ်တော်ရဲ့ လိုရင်းဩဝါဒဟာ ဘာလဲ။ မတရားမှုဆိုတဲ့ ဒုစရိုက် ၁၀ ပါးကို ရှောင်ကြဉ်ဖို့ပဲ မဟုတ်လား။ ဒီလိုမတရားမှု ၁၀ ပါးကို ရှောင်ကြဉ်လိုက်တဲ့အချိန်မှာ တရားမျှတမှု ဆိုတဲ့ သုစရိုက် ၁၀ ပါးကိုလည်း လုပ်ဆောင်ပြီးသား ဖြစ်သွားတယ် မဟုတ်လား။

ဒါဟာ အမှန် ချမ်းသာစေတဲ့ သဘာဝတရားဖြစ်လို့ မြတ်စွာဘုရားက အကြိမ်ကြိမ် ဩဝါဒပေးနေခြင်း ဖြစ်ပေတယ်။

www.burmeseclassic.com

www.burmeseclassic.com


## သိက္ခာပုဒ်တွေကို လျှော့ပေးပါ

"မကောင်းမှု ရှောင်" ဆိုတဲ့နေရာမှာ အကုသလကမ္မပထ = အပါယ်ချနိုင်စွမ်းရှိတဲ့ ဒုစရိုက် ၁၀ ပါးကို ရှောင်ကြဉ်ဖို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ ဒီဒုစရိုက်တွေကို မရှောင်ရင် ယခုဘဝရော နောင်ဘဝပါ ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့ရပြီး ရှောင်ရင် ယခုဘဝရော နောင် ဘဝပါ ချမ်းသာမှာကို သဗ္ဗညုတဉာဏ်တော်နဲ့ သိမြင်တော်မူလို့ အထူး အလေးပေးကာ မိန့်ကြားတော်မူခြင်း ဖြစ်ပါတယ်။

ရှောင်စရာက ဒုစရိုက် ၁၀ ပါးထဲဆိုတော့ မများလှပါဘူး။ ဒါပေမဲ့ တကယ်ရှောင်ကြဉ်ဖို့ ကြိုးစားကြတဲ့အခါ လွယ်မယောင်နဲ့ ခက်နေတာကို တွေ့ကြရတယ်။ ဒါကြောင့် ရှောင်စရာ သိက္ခာပုဒ်များကို လျှော့ချပေးစေချင်ကြတယ်။ ဒီလိုအင်ဆန္ဒပြည့်ဝအောင် မြတ်စွာဘုရား က ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲအောင် စောင့်ထိန်းပါလို့ ညွှန်ကြားတော်မူပါတယ်။

**ငါးပါးသီလ** မှာ မလွန်ကျူးမိအောင် စောင့်ထိန်းရတဲ့ ကံငါးပါး ရှိတယ်။ (၁) ပါဏာတိပါတကံ၊ (၂) အဒိန္နာဒါနကံ၊ (၃) ကာမေသု မိစ္ဆာစာရကံ၊ (၄) မုသာဝါဒကံ၊ (၅) သုရာမေရယကံတို့ ဖြစ်ပါတယ်။

ဒီကံငါးပါး စောင့်ထိန်းလိုက်တာနဲ့ ဒုစရိုက် ၁၀ ပါးလုံးရဲ့လား။ လုံပါတယ်။ ဘယ်လိုလုံသလဲ ဆိုရင် ပိသုဏာဝါစာ၊ ဖရုသဝါစာနဲ့ သမ္ဖပ္ပလာပတို့ဟာ မမှန်တဲ့စကားများ ဖြစ်ကြလို့ မုသာဝါဒမှာ အကျုံး ဝင်ပါတယ်။ အဘိဇ္ဈာဆိုတဲ့ သူတစ်ပါးပစ္စည်း မတရားယူဖို့ ကြံစည် တာဟာ အဒိန္နာဒါနထဲမှာ ပါဝင်ပါတယ်။ ဗျာပါဒဆိုတဲ့ သူတစ်ပါး အသက်စည်းစိမ် ပျက်စီးအောင် ကြံစည်တာဟာ ပါဏာတိပါတမှာ ပါဝင်ပါတယ်။

မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူလွဲမှားခြင်း ဆိုတာ အဓိကအားဖြင့် ကံနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကံရဲ့ အကျိုးရှိတာကို မယုံကြည်ခြင်းပဲ ဖြစ်ပါတယ်။ ငါးပါးသီလစောင့်ထိန်းတဲ့သူဟာ ကံ–ကံရဲ့အကျိုးကို ယုံကြည်လို့စောင့်ထိန်းတာပဲ။ ဒါကြောင့် ငါးပါးသီလစောင့်ထိန်းရင် ဒုစရိုက် ၁၀ ပါးစလုံးလုံခြုံသွားပါတယ်။

## သုရာမေရယကံ ဆန်းစစ်ချက်

ဒုစရိုက် ၁၀ ပါးမှာ သီးခြားမပါဘဲ ငါးပါးသီလမှာ သီးခြားပါလာတဲ့ ကံတစ်ခုက သုရာမေရယကံဖြစ်ပါတယ်။ အရက်, လှော်စာ, ဘိန်းဘင်း, ကိုကင်း, ဆေးခြောက်, ဟီးရိုးအင်း စတဲ့မူးယစ်ဆေးဝါးများကို သောက်စားသုံးဆောင်ခြင်းမှ ရှောင်ကြဉ်ရမယ်လို့ သတ်မှတ်ထားပါတယ်။

တချို့က အရက်သောက်တာ ဒုစရိုက် ၁၀ ပါးမှာမပါတဲ့ အတွက် အပြစ်မရှိဘူးလို့ စောဒကတက်ကြတယ်။ အမှန်က အရက်စတဲ့ မူးယစ်ဆေးဝါးများကိုသုံးစွဲတာဟာ ကာမဂုဏ်ကို မှောက်မှောက်မှားမှား ခံစားခြင်းဖြစ်လို့ ကာမေသုမိစ္ဆာစာရထဲမှာပါဝင်ပါတယ်။ သုရာမေရယကံက အရေးကြီးလို့ ငါးပါးသီလမှာ စောင့်ထိန်းဖို့ ကံတစ်ခုအဖြစ် သီးခြားပါလာခြင်းဖြစ်ပါတယ်။

သုရာမေရယကံဟာ အရေးကြီးတယ်ဆိုတာ ဒီကံကိုလွန်ကျူးတဲ့သူဟာ အရက်အကြောက်ကင်းပြီး ဆင်ခြင်ဉာဏ်ပျောက်ပျက်သွားတဲ့အတွက် ကျန်တဲ့ကံလေးပါးကိုလည်း လွန်ကျူးဝံ့လာခြင်းကြောင့်ဖြစ်ပါတယ်။ ခေါင်က မိုးယိုရင် ကျန်နေရာများကပါ မိုးယိုနိုင်သလို သုရာမေရယကံ ကျိုးပေါက်ရင် ကျန်ကံများကပါ ကျိုးပေါက်နိုင်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အရက်သေစာ စတဲ့ မူးယစ်ဆေးဝါးများကို သောက်စား,ရှူ, ထိုးခြင်းအမှုကို အကြိမ်ကြိမ် ပြုသူဟာ သေလွန်တဲ့အခါ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံ တစ်ခုခုမှာဖြစ်ပါတယ်။ အပေါ့ဆုံး အသေးဆုံး သုရာမေရယ ကံဟာ တမလွန်ဘဝမှာ သတိလွှင့်ပါး စိတ်ချောက်ချားပြီး ရူးသွပ်စေ တတ်တယ်။ စကားမပီ ဆွံ့အ,သူအဖြစ်သို့ ရောက်စေတတ်တယ်လို့ **'ဒုစ္စရိတဝိပါကသုတ်'** မှာ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

ခေတ်အမြင်နဲ့ ဆန်းစစ်ကြည့်ပါ။ အရက်သောက်တာ အပြစ် မရှိဘူးလား။ ယုတ်စွအဆုံး အရက်သောက်တာ ငွေကုန်တယ်၊ အလုပ် လစ်ဟင်းတယ်၊ ဇနီး သားသမီးများအပေါ် ပြုထိုက်တဲ့ ဝတ္တရားတွေ ပျက်ကွက်တယ်၊ လူမျိုးနဲ့ နိုင်ငံအပေါ်မှာ သူ ပြုသင့်တဲ့ ဝတ္တရားများ လည်း ပျက်ကွက်တယ်။ ဒါကြောင့် အပြစ်ရှိတယ်။

**"မူးရင်မရမ်းနဲ့၊ ရမ်းရင်မမူးနဲ့"** သတိပေးနေတဲ့ကြားက ဘုရား ပွဲများမှာ အရက်သောက်ပြီး မူးရမ်းကြလို့ ရိုက်ပွဲသတ်ပွဲတွေ ဖြစ်ပေါ် ပြီး သေရတဲ့လူတွေ၊ ထောင်ကျရတဲ့လူတွေ အများကြီးရှိခဲ့ပြီမဟုတ် လား။

**"မူးရင်မမောင်းနဲ့၊ မောင်းရင်မမူးနဲ့"** လို့ ကြွေးကြော်နေတဲ့ကြား က အရက်မူးပြီး မော်တော်ကားများ မောင်းကြတဲ့အတွက် ယာဉ် တိုက်မှုတွေ အများဆုံး ဖြစ်ပေါ်ရပြီး လူရော၊ ပစ္စည်းပါ အကြီးအကျယ် ပျက်စီးဆုံးရှုံးကြရတယ်။ အမေရိကန်ပြည်ထောင်စု နိုင်ငံ တစ်နိုင်ငံ တည်းမှာပဲ နှစ်စဉ် ဒီဇင်ဘာလ ၂၄ ရက်နေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ အမျိုးသား ရုံးပိတ်ရက် ကိုးရက်အတွင်းမှာ ယာဉ်တိုက်မှုများကြောင့် လူ ၉၀၀ ကျော် သေဆုံးကြရတယ်။

တချို့က ထမင်းမြိန်အောင်၊ အနေ့ဓာတ်ရအောင် နည်းနည်း ပါးပါး သောက်တာပါ။ မူးတဲ့အထိ မသောက်ပါဘူး။ မိမိကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



မိမိ ထိန်းနိုင်ပါတယ်လို့ ဆိုကြတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီး တရုတ်ပညာရှိတို့ရဲ့ အဆိုအမိန့်ကို တင်ပြချင်တယ်။

First, a man takes a drink.

ပထမမှာ လူတစ်ယောက်က အရက်တစ်ခွက်ကို သောက်တယ်။

Second, the drink takes another drink.

ဒုတိယမှာ ပထမအရက်က နောက်အရက်တစ်ခွက်ကို သောက်တယ်။

Then, the drink takes the man.

ထို့နောက် အရက်က လူကို သောက်မျိုလိုက်တယ်တဲ့။

အရက်က လူကို လွှမ်းမိုးသွားပြီဆိုတော့ လူသားရဲ့ စဉ်းစားဆင်ခြင်နိုင်တဲ့ စွမ်းအား မရှိတော့ဘူး။ ဒီအခါ မယားကိုလည်း ရိုက်တယ်၊ ပန်းကန်ဖန်ခွက်များကိုလည်း ပေါက်ခွဲတယ်၊ အမဲဟင်းလျာ မရကောင်းလားဆိုပြီး ရင်ခွင်ထဲမှာ ပွေ့ချီထားတဲ့ ရင်သွေး သားကလေးကို လည်ပင်းလိမ်ချိုးသတ်ပြီး ကြော်လှော်ချက်ပြုတ်စေတယ်၊ ပြီးတော့ အရက်အမြည်းလုပ်ပြီး မြိန်ရေရှက်ရေ စားတယ်။

အဲဒီရင်သွေးလေးကို သတ်စားရက်တဲ့ **ဇာရာထာသီမင်း** ဟာ ဘယ်သူလဲ။ ပါရမီရှင် အရှင်သာရိပုတ္တရာလောင်းလျာ ဖြစ်ပေတယ်။ သေရည်အရက်ကြောင့် ဒါလောက် မှောက်မှောက်မှားမှား ဖြစ်ခဲ့ရတာကို ရင်ထုမနာဖြစ်ရပြီး အရဟတ္တဖိုလ်ရတဲ့အထိ ငါအရက်မသောက်တော့ဘူးလို့ သူ အဓိဋ္ဌာန်ပြုလိုက်ပေတယ်။

အမေရိကန်အမျိုးသားတစ်ဦးက ရုံးကအပြန် အရက်ဆိုင်ထဲဝင်သောက်ပြီး ကားမောင်းပြန်လာတယ်။ ခြံဝင်းထဲကို ကားဝင်လာသည်ကြားတော့ သားကလေးနဲ့ သမီးကလေးတို့က ပြေးထွက်ပြီး ဆီးကြိုကြရှာတယ်။ မျက်စိရီဝေနေတဲ့ ဖခင်က ကလေးတွေကို ကလေးမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိလို့ ကားနဲ့တိုက်လိုက်တာ နှစ်ဦးလုံး ပွဲချင်းပြီး သေဆုံးသွားကြတယ်။

ကျွန်တော့်ဇနီး ကင်ဆာရောဂါနဲ့ နာမကျန်းဖြစ်နေစဉ်က ကျွန်တော် နေ့တိုင်း ဈေးသွားပြီး ချက်ပြုတ်ရတယ်။ လမ်းမတော်ဈေးထဲမှာ ဈေးဝယ်နေတုန်း ဈေးသည်တွေ ပြောဆိုနေကြတဲ့ ရင်နင့်ဖွယ်ရာ သတင်းတစ်ပုဒ်ကို ကြားခဲ့ရတယ်။

ဖခင်တစ်ယောက် နေ့တိုင်းအရက်သောက်တယ်။ မူးပြီး အိမ်ပြန်လာရင် ဇနီးကို အကြောင်းမဲ့ မချိမဆံ့ဖြစ်အောင် ရိုက်တယ်။ နေ့တိုင်း အရိုက်ခံရတော့ ဇနီးက တစ်နေ့မှာ လင်တော်မောင် ပြန်လာတတ်တဲ့အချိန် မတိုင်မီ အသိအိမ် တစ်အိမ်မှာ တိမ်းရှောင်နေလိုက်တယ်။ အရက်မူးနေတဲ့ ဖခင်က ကျန်ရစ်တဲ့ သမီးလေးကို အာလေးလျှာလေးနဲ့ မေးတယ်–"နင့်အမေ ဘယ်သွားလဲ။" သမီးက မဖြေဘူး။ "ဟေ့...ငါမေးနေတယ်လေ၊ နင့်အမေ ဘယ်သွားသလဲ"

သမီးက ကြောက်ရွံ့တုန်လှုပ်နေလို့ အသံထွက်မလာဘူး။ အရက်သမားက ရှေ့တိုးလာပြီး သမီးရဲ့ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်လှုပ်ရမ်းပြီး "ဟေ့...ငါမေးနေတာ နင်မကြားဘူးလား" ထပ်ကာထပ်ကာ မေးရင်း သူ့လက်ချောင်းတွေက သမီးရဲ့လည်ပင်းကို တင်းသည်ထက် တင်းအောင် ညှစ်လိုက်တယ်။ သမီးရဲ့ မျက်လုံးများ ပြူးထွက်ပြီး လျှာပါ ထွက်လာတယ်။ သမီးခမျာ မအော်နိုင်ရှာဘဲ သေပွဲဝင်သွားရရှာတယ်။

## နိုင်ငံကုန်ထုတ်စွမ်းအား ကျဆင်းခြား

**အင်္ဂလန်နိုင်ငံမှာ** နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအား ကျဆင်းရတဲ့ အကြောင်းရင်းကို လိုက်ရှာကြတော့ အလုပ်သမားတွေ ခွင့်ယူပြီး အလုပ် မှန်မှန်မဆင်းကြတာကို တွေ့ရတယ်။ တစ်ခါ အလုပ်သမားတွေ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အလုပ်ပျက်ကွက်ရတာကို အကြောင်းထပ်ရှာပြန်တော့ အရက်အလွန်အကျွံသောက်ပြီး မူးနေလို့ (သို့မဟုတ်) အရက်သောက်တဲ့ဒဏ်ကြောင့် ခေါင်းကိုက်ရိပဝေနေလို့ အလုပ်မတက်နိုင်ကြတာကို တွေ့ရတယ်။

ဒါကြောင့် ကုန်ထုတ်စွမ်းအား ကျဆင်းစေတဲ့ နံပါတ်တစ်တရားခံက အရက်ပဲ။

တစ်ဖန် **ဆိုဗီယက်ရုရှား** မှာ ဂေါ်ဘာချက် ဝန်ကြီးချုပ် ဖြစ်လာတော့ ဆိုဗီယက်ရဲ့ ကုန်ထုတ်မှုစွမ်းအားဟာ အမေရိကန်၊ ဂျပန်၊ ဂျာမနီတို့ရဲ့စံချိန်ကို ဘာကြောင့် မမီသလဲလို့ စုံစမ်းစစ်ဆေးစေတယ်။ ရုရှားအလုပ်သမားတွေ အရက်သောက်တာများလို့ မူးပြီး အလုပ်ပျက်ကြတာကို အဓိကအကြောင်းအဖြစ် တွေ့ရတယ်။

ဒါကြောင့် ဂေါ်ဘာချက်က ဆိုဗီယက်နိုင်ငံတစ်ဝန်းလုံးမှာ အရက်ကို လွတ်လွတ်လပ်လပ် မရောင်းရ၊ ရာရှင်စနစ်နဲ့ ရောင်းရမယ်လို့ အမိန့်ထုတ်လိုက်တယ်။ အရက်စွဲနေတဲ့လူတွေ အချိန်ကျလာရင် အရက်မသောက်ရ မနေနိုင်ကြဘူး။ ဒါကြောင့် နေ့စဉ်အရက်သောက်ဖို့အရေး အရက်ဆိုင်ရှေ့မှာ အကြာကြီးတန်းစီပြီး အရက်ဝယ်ရတယ်။

အရက်ဝယ်ဖို့ တန်းစီနေကြတဲ့လူတွေက များလွန်းလို့ အမေရိကန်ထုတ် တိုင်း(မ) (Time) မဂ္ဂဇင်းမှာ ဒီလိုကာတွန်းတစ်ခု ရေးပြထားတယ်။

မော်စကိုမြို့ အရက်ဆိုင်တစ်ခုရှေ့မှာ စီတန်းနေတဲ့ လူတန်းရှည်နောက်သို့ ဗလကောင်းတဲ့လူတစ်ယောက် ဝင်ရောက်လာတယ်။ ဒီလူက မကျေမနပ်နဲ့ အော်ကျယ်ဟစ်ကျယ် မြည်တွန်လိုက်တယ်။

"ကျုပ်တို့ဗျာ... ဂေါ်ဘာချက်ကြောင့် အခုလိုပင်ပင်ပန်းပန်း တန်းစီနေကြရတယ်၊ ဂေါ်ဘာချက်ကို ရှင်းပစ်လိုက်မှ လွတ်လွတ်လပ်လပ်

www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်ရမယ်။ ပြောနေကြာသဗျာ၊ ကျုပ်အခုပဲ သွားပြီး ဂေါ်ဘာချက်ကို ရှင်းပစ်မယ်”

“ဟား…ကောင်းတယ်ဗျို့ ကောင်းတယ်”လို့ တန်းစီနေကြတဲ့လူတွေက တစ်ခဲနက် ထောက်ခံလိုက်ကြတယ်။

ဗလကောင်းတဲ့လူက ကရင်မလင်နန်းတော်ဘက် ထွက်သွားပြီး တစ်အောင့်လောက်ကြာမှ ပြန်ရောက်လာတယ်။ တန်းစီနေတဲ့လူတွေက ဝိုင်းမေးကြတယ်။

“ဘယ်လိုလဲဗျာ၊ ခင်ဗျား ဂေါ်ဘာချက်ကို ရှင်းခဲ့ပြီလား”

“ဟာဗျာ၊ ဂေါ်ဘာချက်ကို ရှင်းဖို့ တန်းစီနေကြတဲ့လူတွေရဲ့ အတန်းက အခု ဒီအတန်းထက် ပိုရှည်သဗျ”

အဲဒါသာ စဉ်းစားကြည့်ပေတော့။ အရက်သောက်တာ နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားကို ကျဆင်းစေတယ်ဆိုတော့ အရက်သောက်ဖို့ မရှောင်ကြဉ်သင့်ပေဘူးလား။

အရက်မသောက်ဖူးသူတွေက နံစော်လှတဲ့ ကဇော်နံ့နဲ့ ပူစပ်ခါးရှလှတဲ့ အရက်ကို သောက်ချင်ကြမှာမဟုတ်ဘူး။ အကျင့်လုပ်မိလို့ ငါးပိနံ့နံကြီး၊ ဒညင်းသီးအိုးစိမ်နံ့ကြီးတွေကို ကြိုက်မိသလို အရက်ကိုလည်း ကြိုက်မိသွားခြင်း ဖြစ်ပေတယ်။

ပြီးတော့ အရက်စတဲ့ မူးယစ်ဆေးဝါးတို့က ခန္ဓာအတွက် အဆိပ်အတောက်တွေပဲ။ ဒီအဆိပ်အတောက်တွေ သွေးစီးကြောင်းထဲ ရောက်လာရင် ဒီအဆိပ်တွေကို အသည်းက ကြိုးစားပြီး ချေဖျက်တယ်။ ခန္ဓာကိုယ်ကလည်း ပဋိခန္ဓာ (Anti-body) မြောက်မြားစွာကို ထုတ်လုပ်ပြီးတော့ ချေမှုန်းတယ်။ ဒီပဋိခန္ဓာများကို အချိန်တန်ရင် အဆင်သင့်ဖြစ်နေအောင် ခန္ဓာကိုယ်က ကြိုတင်ထုတ်လုပ်ထားရလို့ ဒီပဋိခန္ဓာတွေ ကျေပျက်သွားဖို့အတွက် အချိန်တန်ရင် မူးယစ်ဆေးဝါးကို မှန်မှန်

www.burmeseclassic.com

www.burmeseclassic.com



သောက်စား ရှုထိုးပေးဖို့ လိုလာတယ်။ မသောက်ရှုရရင် မနေနိုင်တော့ဘူး။ ဒီလိုနဲ့ မူးယစ်ဆေးဝါးနဲ့အတူ သေမင်းနိုင်ငံသို့ လိုက်ပါသွားကြရပေတယ်။

"စိတ်ညစ်လို့ အရက်ကိုသောက်တယ်၊ အရက်သောက်တော့ စိတ်ပိုညစ်တယ်၊ အကြောင်းရှာတော့ ခေါင်းမှာချာချာလည်"ဆိုသလို အရက်နဲ့ စိတ်ညစ်တဲ့ ပြဿနာကို မဖြေရှင်းနိုင်ပါဘူး။ အရက်က အဆိပ်ဖြစ်လို့ ပိုပြီးတော့ပဲ စိတ်ညစ်စေပါတယ်။ ဟီးရိုးအင်း စတဲ့ ဘိန်းဖြူတို့က သေမင်းတမန်အဆိပ်လက်နက်တွေ ဖြစ်ကြပါတယ်။

ဒါကြောင့် သုရာမေရယက်ကို လုံခြုံအောင် စောင့်ထိန်းကြပါ။

"သေရည်သောက်လင့်၊ သင့်မသင့်ဍ်၊ ရေးခွင့်မသိ၊
ပျင်းရိမေ့ရှူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများ
ထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်...ရှောင်ခါ
အပြန်အကျိုးတည်း"

**(အရှင်ဇနကာဘိဝံသ)**

## သာသနာတော်ရဲ့အခြေခံအုတ်မြစ်

မြတ်ဗုဒ္ဓသာသနာရဲ့ အခြေခံအုတ်မြစ်က ဘာလဲ။

သရဏဂုံသီလနဲ့ ငါးပါးသီလတို့ပါပဲ။

သရဏဂုံသီလက ဘာလဲ၊ ဘာဖြစ်လို့ အခြေခံအုတ်မြစ် ဖြစ်ရသလဲ။

သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်ပြီး အများ သိနားလည်အောင် ဟောကြားတော်မူနိုင်တဲ့ မြတ်ဗုဒ္ဓ...။

မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်နဲ့ ပရိယတ်လို့ ဆိုအပ်တဲ့ ဆယ်ဖြာသော မြတ်ဓမ္မ...။

www.burmeseclassic.com

www.burmeseclassic.com



သုပ္ပဋိပန္နအစရှိတဲ့ ဂုဏ်တော်ကိုးလီနဲ့ပြည့်စုံလို့ အဋ္ဌလီဿတ်ကျိုး ရှိခိုးပူဇော်ထိုက်ကာ ကုသိုလ်မျိုးစေ့ ပျိုးစိုက်ဖို့ရာ အကောင်းဆုံးလယ်ယာမြေသဖွယ်ဖြစ်တဲ့ မြတ်သံဃာ...။

ဤမြတ်ဗုဒ္ဓ၊ မြတ်ဓမ္မ၊ မြတ်သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးကို ကိုးကွယ်အားထားရာအဖြစ် ယုံကြည်ဆည်းကပ်ခြင်းကို သရဏဂုံသီလ ဆောက်တည်တယ်လို့ ဆိုပါတယ်။

ဒီလိုသရဏဂုံသီလ ဆောက်တည်သူ (ဝါ) သရဏဂုံတည်သူကို 'ဗုဒ္ဓဘာသာဝင်'လို့ အသိအမှတ်ပြုရပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ဖို့အတွက် အခြေခံလိုအပ်ချက်က သရဏဂုံသီလ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာတော်ကို ရတနာမြတ်သုံးပါးအပေါ် အခြေခံပြီး တည်ဆောက်ထားတာဖြစ်လို့ သရဏဂုံသီလဟာ သာသနာတော်ရဲ့ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။

ဘုရား၊ တရား၊ သံဃာတို့မှာ ကြည်ညိုလေးမြတ်နေတဲ့စိတ်ဟာ မဟာကုသိုလ်စိတ် ဖြစ်ပါတယ်။ ဒီကုသိုလ်စိတ်ဟာ ဘေးတွေ ရန်တွေ၊ ထိတ်လန့်ကြောက်ရွံ့ခြင်းတွေ၊ ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်းတွေနဲ့ တကွ အပါယ်လားရောက်ရခြင်းကို တားမြစ်ဖျက်ဆီးနိုင်တယ်။ ဒါကြောင့် သရဏဂုံတည်သူများဟာ သေလွန်ပြီးတာနဲ့ တစ်ပြိုင်နက် နတ်ပြည်သို့ လားရောက်ကြရပါတယ်။

ဒါတင်မကသေးဘူး၊ သရဏဂုံဟာ ဘေးရန်ကင်းပြီး အလွန် မွန်မြတ်တဲ့အတွက်ကြောင့် သရဏဂုံတည်သူဟာ သရဏဂုံကို အမှီတံကဲပြုပြီး အလုံးစုံသော ဝဋ်ဆင်းရဲတို့မှ လွတ်ရာကျွတ်ရာဖြစ်တဲ့ မဂ်ဖိုလ် နိဗ္ဗာန်တို့ကိုလည်း ရနိုင် ရောက်နိုင်သေးတယ်တဲ့။

မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ တစ်ကြောင်းတည်းသော

www.burmeseclassic.com

www.burmeseclassic.com



ခရီးလမ်းကတော့ **မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရား** ဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားဟာ မြတ်ဗုဒ္ဓသာသနာတော်ရဲ့ လိုရင်း အနှစ်ချုပ်လည်း ဖြစ်ပါတယ်။

မဂ္ဂင်ရှစ်ပါးကျင့်စဉ်အတိုင်း အားထုတ်တဲ့အခါ သီလသိက္ခာ၊ သမာဓိသိက္ခာနဲ့ ပညာသိက္ခာတို့ကို အဆင့်ဆင့် တည်ဆောက်သွားရပါတယ်။ ဒါကြောင့် သီလသိက္ခာဟာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်တရားရဲ့ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ **သီလသိက္ခာ** နဲ့ ပြည့်စုံဖို့အတွက် သမ္မာဝါစာမဂ္ဂင်၊ သမ္မာကမ္မန္တ မဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင်တို့ကို ဖြည့်ကျင့်ရပါတယ်။

သမ္မာဝါစာမဂ္ဂင် ဆိုတာ ဝစီဒုစရိုက်လေးပါးကို မကျူးလွန်မိအောင် စောင့်ထိန်းခြင်း ဖြစ်ပါတယ်။ သမ္မာကမ္မန္တ မဂ္ဂင်ဆိုတာ ကာယဒုစရိုက်သုံးပါးကို ရှောင်ကြဉ်ခြင်း ဖြစ်ပါတယ်။ သမ္မာအာဇီဝမဂ္ဂင် ဆိုတာ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့နဲ့ ဆက်စပ်နေတဲ့ အသက်မွေးမှု ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် (က) ကာယဒုစရိုက် သုံးပါး၊ (ခ) ဝစီဒုစရိုက် လေးပါး၊ (ဂ) မိစ္ဆာဇီဝ – မှားယွင်းစွာ အသက်မွေးခြင်း တစ်ပါး၊ ပေါင်း ရှစ်ပါးကို ရှောင်ကြဉ်စောင့်ထိန်းမှုဖြစ်တဲ့ **အာဇီဝဋ္ဌမကသီလ** ကို လုံခြုံစွာ စောင့်ထိန်းနိုင်ရင် သီလသိက္ခာနဲ့ ပြည့်စုံတယ်။

ငါးပါးသီလ စောင့်ထိန်းခြင်းဟာလည်း (က) ကာယ ဒုစရိုက်သုံးပါး၊ (ခ) ဝစီဒုစရိုက် လေးပါးနဲ့ (ဂ) သုရာမေရယကံ တစ်ပါးတို့ကို ရှောင်ကြဉ်စောင့်ထိန်းခြင်းဖြစ်တယ်။ ဒီလိုစောင့်ထိန်းတဲ့အခါ အသက်မွေး ဝမ်းကျောင်းပါ စင်ကြယ်လို့ သီလသိက္ခာနဲ့ ပြည့်စုံတယ်လို့ ဆိုနိုင်တယ်။

ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ဖို့က ရတနာမြတ်သုံးပါးကို ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



ဆည်းကပ်ရတဲ့အပြင် ကံ–ကံရဲ့အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ **ကမ္မဿကတာသမ္မာဒိဋ္ဌိ** နဲ့လည်း ပြည့်စုံရပေမယ်။

ကံ–ကံရဲ့အကျိုးရှိတာကို ယုံကြည်တဲ့သူဟာ ငါးပါးသီလကို မြတ်နိုးစွာ စောင့်ထိန်းပါလိမ့်မယ်။ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာတို့ စင်ကြယ်ပြီး မြင့်မြတ်သူအဖြစ်ကို ရယူလိုသူတို့ဟာလည်း ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းကြပါလိမ့်မယ်။

ဒါကြောင့် သရဏဂုံသီလနဲ့ ငါးပါးသီလတို့ဟာ မြတ်ဗုဒ္ဓသာသနာတော်ရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်လို့ ဆိုခဲ့ခြင်း ဖြစ်ပေတယ်။

## သာမန်ဒါနထက် သာလွန်တဲ့ မဟာဒါန

ငါးပါးသီလဆိုတာ သီလတင်မကဘူး၊ သာမန်အလှူတို့ထက် အဆသိန်းသန်းမက မြင့်မြတ်တဲ့ မဟာဒါနလည်း ဖြစ်တယ်။ ဘာဖြစ်လို့လဲ။

အပရိမာဏာနံ သတ္တာနံ အဘယံ ဒေတိ၊
အဝေရံ ဒေတိ၊ အဗျာပဇ္ဈံဒေတိ။

ငါးပါးသီလ စောင့်ထိန်းခြင်းဟာ အတိုင်းမသိ ရှိရှိသမျှ သတ္တဝါတို့ကို ဘေးမရှိခြင်းကို ပေးလှူသည်မည်တယ်၊ ရန်မရှိခြင်းကို ပေးလှူသည်မည်တယ်၊ ကြောင့်ကြစိုးရိမ်မှုမရှိခြင်းကို ပေးလှူသည်မည်တယ်။ အဲဒါကြောင့် မဟာဒါနလို့ မည်ပါတယ်။

ကမ္ဘာသူ ကမ္ဘာသား အားလုံးတို့ကသာ ငါးပါးသီလကို စောင့်ထိန်းကြမယ်ဆိုရင် ဘယ်မြို့ဘယ်ရွာ ဘယ်အရပ်ဌာနသို့ ဘယ်အချိန်မှာပဲ သွားသွား၊ ကိုယ့်ကို အန္တရာယ်ပြုမယ့်သူ၊ ကိုယ့်ပစ္စည်းကို ခိုးဝှက်လုယက်မယ့်သူ၊ ကိုယ့်ဇနီး သားသမီးကို စော်ကားမယ့်သူ၊ ကိုယ့်ကို လိမ်ညာမယ့်သူ မရှိတော့တဲ့အတွက် ဘာမှ စိုးရိမ်ကြောင့်ကြစရာမလို

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ ကမ္ဘာ့ငြိမ်းချမ်းရေးဆိုတာလည်း ချက်ချင်းအကောင်အထည် ပေါ်လာလိမ့်မယ်။

ဒါနပြုတယ်ဆိုတာ သူတစ်ပါးတို့ရဲ့ နေထိုင်မှု အဆင်ပြေအောင် အနည်းအကျဉ်း အကျိုးပြုလိုက်ခြင်းသာဖြစ်တယ်။ ငါးပါးသီလ စောင့်ထိန်းခြင်းက သူတစ်ပါးတို့ရဲ့ အသက်, စည်းစိမ်, ဘေးရန်ကင်းမှု, စိုးရိမ်ကြောင့်ကြကင်းမှု စသည်တို့ကို ပေးလှူခြင်းဖြစ်လို့ အဆ များစွာ သာလွန်မြင့်မြတ်ပါတယ်။

မြတ်စွာဘုရားက "ချစ်သားတို့... လောကမှာ အကြီးကျယ် အမြင့်မြတ်ဆုံးဖြစ်တဲ့ လူ့စည်းစိမ်ဟာ ဘာလဲ" လို့ မေးတော်မူတယ်။

"အရှင်ဘုရား...လောကမှာ လေးကျွန်းလုံးကို အုပ်စိုးရတဲ့ စကြာမင်းဆိုတာ လူတွေထဲမှာတော့ စည်းစိမ်အကြီးကျယ် အမြင့်မြတ်ဆုံး ဖြစ်ပါတယ်" လို့ ရဟန်းတို့က ဖြေကြားကြတယ်။

မြတ်စွာဘုရားက ခဲတစ်လုံးကို ကောက်ယူပြီး "လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်းရဲ့ စည်းစိမ်ဆိုတာ ဟောဒီခဲလောက်ပဲ ရှိတယ်။ ငါးပါးသီလဆိုတဲ့ မဟာဒါနပြုတဲ့သူ ခံစားရမယ့် စည်းစိမ်ကတော့ ဟိမဝန္တာတောင်လောက် ကြီးကျယ်ပေတယ်" လို့ ရှင်းပြတော်မူတယ်။

ကျွန်တော်တို့တစ်တွေ စည်းစိမ်သေးနုပ်နေရတဲ့အကြောင်းရင်းက အတိတ်ဘ၀များမှာ ငါးပါးသီလကို လုံခြုံအောင် မစောင့်ထိန်းခဲ့လို့ပါပဲ။ ဒီဘ၀မှာ ငါးပါးသီလလုံတဲ့သူဟာ ဆင်းရဲနွမ်းပါးသူ ဖြစ်ပါစေ၊ စိတ်ချမ်းသာကိုယ်ချမ်းသာပြီး နောင်ဘ၀တွေမှာ ယခုလက်ရှိ မိလျံနာ၊ ဘီလျံနာ (သန်းကြွယ်သူဌေး၊ ကုဋေတစ်ရာကြွယ်သူဌေး) တို့ထက် အဆများစွာ ပိုချမ်းသာလိမ့်မယ်။

ပြီးတော့ သူ သေလွန်တဲ့အခါ အထက်တန်းကျတဲ့ လူ့ချမ်းသာ၊

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် နတ်ချမ်းသာဘဝကို ရရှိလိမ့်မယ်။ အပါယ်လေးဘုံဆိုတာ ခုန်ချတာတောင် မကျဘူးတဲ့။ သန်းကြွယ် ကုဋေကြွယ်သူဌေးတွေဟာ ငါးပါးသီလ မစောင့်ထိန်းရင် သေတဲ့အခါ အပါယ်ကျလိမ့်မယ်။

## အမြတ်ချင်းပြိုင် သီလနိုင်

သာသနာပ အချိန်အခါမှာ ဘုရားအလောင်းတော် **ဝေလာမ ပုဏ္ဏားကြီး** ဟာ ၈၄၀၀၀ သော ရွှေခွက်, ငွေခွက်, ကြေးခွက် အသီးသီး တို့မှာ ရွှေ ငွေ ရတနာများ ထည့်ပြီးလှူတယ်။ ၈၄၀၀၀ စီရှိသော ဆင်, မြင်း, ရထား, နို့ညှစ်နွားမ, အဝတ်အထည် စသည်တို့ကို လှူတယ်၊ ထမင်းရည်ချောင်းစီးအောင် ထမင်းအဖျော်များကို ကျွေးမွေးလှူဒါန်း တယ်။ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို ဖိတ်ကြားပြီး ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တိုင်တိုင် လှူဒါန်းတယ်။

ဒီအလှူကြီးဟာ အလွန်တရာကြီးကျယ်ခမ်းနားပေမယ့် အလှူ ခံ ပုဂ္ဂိုလ်ထဲမှာ သရဏဂုံတည်သူတစ်ဦးမျှတောင် မပါဝင်တဲ့အတွက် သောတာပန်တစ်ဦးကို လှူရတာလောက် အကျိုးမကြီးဘူးတဲ့။

ပြီးတော့ မြတ်စွာဘုရားဆက်ဟောတော်မူတယ်။ သောတာပန် ၁၀၀ ကို လှူရတာထက် သကဒါဂါမ်တစ်ဦးကို လှူရတာက ပိုမြတ် တယ်။ သကဒါဂါမ် ၁၀၀ ကို လှူရတာထက် အနာဂါမ်တစ်ဦးကို လှူ ရတာက ပိုမြတ်တယ်။ အနာဂါမ် ၁၀၀ ကို လှူရတာထက် ရဟန္တာ တစ်ပါးကို လှူရတာက ပိုမြတ်တယ်။ ရဟန္တာ ၁၀၀ ကို လှူရတာ ထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို လှူရတာက ပိုမြတ်တယ်။ ပစ္စေကဗုဒ္ဓါ ၁၀၀ ကို လှူရတာထက် သဗ္ဗညုမြတ်စွာဘုရား တစ်ဆူကို လှူရတာ က ပိုမြတ်တယ်။ မြတ်စွာဘုရားကို လှူရတာထက် ဘုရားအမှူးရှိတဲ့ သံဃာအများပိုင်ဆိုင်တဲ့ ကျောင်းလှူဒါန်းရတာ ပိုမြတ်ပြီး၊ ထိုသံဃိက

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအလှူထက် သရဏဂုံသီလဆောက်တည်တာ ပိုပြီးမြတ်တယ်။ သရဏဂုံသီလဆောက်တည်ရတာထက် ငါးပါးသီလ ဆောက်တည်ရတာက ပိုပြီးမြတ်ပါတယ်။

ရှေးအခါက သီဟိုဠ်ကျွန်းမှာ **"ဓမ္မိဥ္စ"** ဒါယကာဆိုတာအနှစ် ၅၀ ပတ်လုံး တံငါအလုပ်နဲ့ အသက်မွေးနေတယ်။ အနှစ် ၅၀ စေ့တော့ သူ ဖျားနာလာပြီး အိပ်ရာမှာ လဲနေတယ်။ သူ့ဇနီးက သူ့အနားမှာ ထိုင်ပြီး ခြေဆုပ်လက်နယ်ပြုနေတယ်။ အဲဒီအခါ ရဟန်းတစ်ပါးက အိမ်ရှေ့မှာ ဆွမ်းလာရပ်တယ်။

ဇနီးက ရဟန်းတစ်ပါးဆွမ်းရပ်တဲ့အကြောင်း ပြောပြတော့ဓမ္မိဥ္စက "ဒီရဟန်းကို ငါမမြင်ဖူးဘူး၊ ငါ့ကိုလဲ သူမမြင်ဖူးဘူး၊ ငါကလဲ သူ့ကိုမသိဘူး၊ သူကလဲ ငါ့ကိုမသိဘူး၊ သူ့ကျေးဇူးလဲ မရှိဘူး၊ ငါ့ကျေးဇူးလဲ မရှိဘူး၊ ဒီအတိုင်းသွားပြောချေ" လို့ ဇနီးကို ပြောလိုက်တယ်။

ဇနီးကတော့ ယဉ်ယဉ်ကျေးကျေးနဲ့ "ကန်တော့ဆွမ်းပါဘုရား" လို့ လျှောက်ထားလိုက်တယ်။

"ဒါယကာ ဘယ့်နှယ်နေတုံး" လို့ ရဟန်းက မေးလိုက်တယ်။

"အလွန်အားနည်းနေပါတယ်၊ ဒီရောဂါဝေဒနာမှ ထမြောက်နိုင်မှာမဟုတ်ပါဘူး" လို့ ဇနီးက ညှိုးငယ်စွာ ဖြေတယ်။

"ဒါယကာကို ကြည့်ပါရစေ" ဆိုပြီး ရဟန်းက အိမ်ထဲကြွလာတယ်။ ဒကာမခင်းပေးတဲ့အခင်းမှာထိုင်ပြီး "ဒါယကာ သီလမဆောက်တည်လိုဘူးလား" လို့ မေးလိုက်တယ်။

"ဆောက်တည်လိုပါတယ်" လို့ ဒါယကာက ဖြေတော့ရဟန်းက သီလပေးတယ်။ ဒါပေမဲ့ သရဏဂုံသီလပေးပြီးတဲ့အချိန်မှာ ဒါယကာက နစ်မျောပြီး သေဆုံးသွားတယ်။ သေပြီးတာနဲ့တစ်ပြိုင်နက် စတုမဟာရာဇ်နတ်ပြည်မှာ နတ်သား သွားဖြစ်ရတယ်။ သရဏဂုံသီလရဲ့

www.burmeseclassic.com



အကျိုးက အနှစ် ၅၀ တံငါလုပ်ခဲ့တဲ့ အကုသိုလ်ကံကို လွှမ်းမိုးသွားတယ်။

ဓမ္မဒိန္နတ်သားက "ငါ ဘာကြောင့် နတ်ပြည်ရောက်ပါလိမ့်" လို့ ဆင်ခြင်တော့ ရဟန်းတော်ရဲ့ ကျေးဇူးကို မြင်သိတယ်။ ဒါကြောင့် လူ့ပြည် ဆင်းပြီး ရဟန်းကို ဖူးမြော်တယ်။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေတဲ့ နတ်သားကို မြင်တော့...

"သင် ဘယ်သူလဲ" လို့ ရဟန်းက မေးတယ်။

"အရှင်ဘုရား သီလပေးခဲ့တဲ့ ဓမ္မဒိန္န ဒါယကာပါဘုရား"

"သင် ဘယ်ရောက်နေတုံး"

"စတုမဟာရာဇ်နတ်ပြည်ကို ရောက်နေပါတယ်။ ငါးပါးသီလ တိုင်အောင် အကယ်လို့ ခံယူနိုင်မယ်ဆိုရင် တပည့်တော် အထက်နတ်ဘုံသို့ ရောက်ရမှာပါ ဘုရား"

ဒါကြောင့် ငါးပါးသီလရဲ့ အကျိုးက သရဏဂုံသီလရဲ့ အကျိုးထက် ပိုကြီးတယ်။ သရဏဂုံသီလရဲ့ အကျိုးကလည်း အလွန် အားကြီးတယ်။

အသက်တစ်ရာ ရှည်ကြာအောင် နေရပါသော်လည်း တစ်ရက်တာမျှ ငါးပါးသီလ လုံခြုံအောင် မစောင့်ထိန်းနိုင်တဲ့သူဟာ ငါးပါးသီလ တစ်ရက် တိတိကျကျ လုံခြုံအောင် စောင့်ထိန်းပြီး သေရတဲ့သူလောက် မမြတ်ဘူး။

## အလှဆုံး အဆင်တန်ဆာ

ခေတ်ပေါ် အဆင်တန်ဆာတွေ ဘယ်လောက်ပဲ လှလှ၊ သီလ ဆိုတဲ့ အဆင်တန်ဆာကို မမီဘူး။

စံပယ်၊ မြတ်လေး၊ သရဖီပန်းရနံ့များနဲ့ ဂိုယာ၊ အော်ဒီကလုံး၊ ရေ

www.burmeseclassic.com

www.burmeseclassic.com



မွေးပေါင်ဒါတို့ရဲ့ မွေးရနံ့တို့ဟာ သင်းပျံ့ကြိုင်လှိုင်ပေမယ့် လေညာကို မဆန်နိုင်ကြဘူး။ သီလရဲ့ မွေးရနံ့က နတ်ပြည် ဗြဟ္မာပြည်သို့တိုင်အောင် သင်းပျံ့ကြိုင်လှိုင်တယ်။

သတ္တဝါတို့ကိုပူလောင်နေစေတဲ့ ကိလေသာအပူတို့ကို ရေ,လေ, စန္ဒကူး, လရောင်, ပန်းစံပယ် စသည်တို့ရဲ့ အအေးဓာတ်နဲ့ မအေးစေနိုင်ဘူး၊ သီလ အအေးဓာတ်ဖြင့်သာ အေးစေနိုင်ပါတယ်။

သတ္တဝါတို့မှာ စွဲကပ်နေတဲ့ ရာဂ စတဲ့ ကိလေသာအညစ်အကြေးတို့ကို ဘယ်မြစ်ရေနဲ့မှ မဆေးကြောနိုင်ဘူး။ သီလရေစင်ဖြင့်သာ ဆေးကြောနိုင်တယ်။

သုဂတိဘုံသို့ တက်လှမ်းဖို့ရာ သီလနဲ့တူတဲ့ စောင်းတန်း လှေကား ဆိုတာ မရှိဘူး။ နိဗ္ဗာန်ရွှေပြည်ကြီးသို့ ဝင်ရောက်ဖို့ရာ သီလနဲ့တူတဲ့ တံခါးပေါက်ဆိုတာမရှိဘူး။

သာသနာမှာ အမျိုးကောင်းသားသမီးတို့အား သီလနဲ့ ကင်းပြီး ထောက်တည်ရာဆိုတာ မရှိဘူး။

ဣဓ္ဓတိဘိက္ခဝေ သီလဝတော၊ စေတောပဏိ ဓိ ဝိသုဒ္ဓတ္တာ။

**(အငုံတ္တရပါဠိတော်)**

“ရဟန်းတို့...သီလရှိတဲ့ ပုဂ္ဂိုလ်တို့အား မိမိတို့ရဲ့ စိတ်အလိုရှိတိုင်း တောင့်တတိုင်းဟာ ပြည့်စုံပြီးစီးတယ်။ ဘာကြောင့်လဲလို့ ဆိုရင် အကုသိုလ်အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်လို့ဖြစ်ပါတယ်”

ငါးပါးသီလဟာ အရိယာသူတော်စင်တို့ နှစ်သက်မြတ်နိုးကြတဲ့ သီလ ဖြစ်ပါတယ်။ အလှပဆုံး အဖိုးတန်ဆုံး လောကအဆင်တန်ဆာလည်း ဖြစ်ပါတယ်။ ခါးဝတ်ပုဆိုးကဲ့သို့ အစဉ်သဖြင့် မြဲမြဲအောင် ဝတ်ဆင်စောင့်ထိန်းအပ်တဲ့ **“နိစ္စသီလ”** လည်း ဖြစ်ပါတယ်။ အပါယ်သို့

www.burmeseclassic.com

www.burmeseclassic.com



မလားရောက်ရဘဲ အထက်တန်းကျကျ သံသရာကျင်လည်နိုင်ရေး အတွက် အထူးအလေးဂရုပြုအပ်တဲ့ **"ဂရုစမ္မသီလ"**လည်း ဖြစ်ပါတယ်။

ဒါကြောင့် ဆူးခင်းထားတဲ့ လမ်း၊ ပန်းခင်းထားတဲ့ လမ်း ဆိုတဲ့ အပါယ်သံသရာလမ်းနဲ့ သုဂတိသံသရာ လမ်းနှစ်သွယ်မှာ အထက်တန်းကျကျ သံသရာကျင်လည်လိုသူတို့အတွက် ငါးပါးသီလကိုမြတ်နိုး ယုယစွာ စောင့်ထိန်းသင့်လှပေတယ်။

အလှပဆုံး သီလအဆင်တန်ဆာကို ဝတ်ဆင်ပြီး သီလမြေပေါ်မှာ ရပ်တည်ပြီးတော့ ဒါနပြုကြမယ်, ဘာဝနာပွားများကြမယ်ဆိုရင် မြင့်သထက်မြင့်၊ မြတ်သထက်မြတ်ကာ အမြင့်မြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူလျင်မြန်စွာ ကေန်မျက်မှောက်ပြုနိုင်ပေလိမ့်မယ်။

ဘဝလမ်းနှစ်သွယ်မှာ အထက်တန်းကျတဲ့ သံသရာခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထားခြင်းဖြင့် အမြင့်မြတ်ဆုံးချမ်းသာကို လှမ်းဆွတ်နိုင်ကြပါစေ။

စေတနာမွန်ဖြင့်
ဒေါက်တာမင်းတင်မွန်

www.burmeseclassic.com